Golden Lion
Golden Lion Wire Co.,Ltd

# The VOICE Daily

AIR KBZ

Vol. 6 / No. 116 | Established in 2004 | ၁၃၈၀ ခုနှစ်၊ ဝါခေါင်လဆန်း (၁၃) ရက်၊ (Friday, August 24, 2018)

## ဆန်စျေး မကစားရန် အကျိုးဆောင်နှင့် လက်လီဆိုင်များကို ဆန်ကုန်သည်များအသင်း သတိပေး

**ရန်ကုန်၊ ဩဂုတ် ၂၃**

လက်ရှိစျေးကွက်အတွင်း ဆန်ချော စျေးနှုန်းများမြင့်တက်နေမှုနှင့်ပတ်သက် ၍ ဆန်အကျိုးဆောင်များ၊ ကုန်သည်များ၊ လက်လီဆန်အရောင်းဆိုင်များ ဆင်ဆင် ခြင်ခြင် ရောင်းဝယ်မှုများပြုလုပ်ကြရန် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးအောင်သန်းဦးက သတိပေးပြော ကြားသည်။

ယခင်နှစ်များက ဆန်တစ်အိတ် လျှင် မူလစျေးထက် ကျပ် ၅၀၀ မှ ၁၀၀၀ အထိသာ အများဆုံးစျေးတက်ခဲ့သော် လည်း လက်ရှိတွင် ကျပ် ၂၀၀၀၊ ၃၀၀၀ အထိ အမြင့်ဆုံးမြင့်တက်နေခြင်း ဖြစ် သည်။

"ဒီလိုစျေးတွေတက်နေ စာ 2

### ဆန်သောက

စာ 9




ဆန်စျေးနှုန်းမှာ ငါးနှစ်အတွင်း စံချိန်တင် စျေးနှုန်းတစ်ရပ်သို့ ရောက်ရှိနေခြင်းဖြစ်သည်

## အမေရိကန်မှ ပြည်နှင်ဒဏ်ပေးခံရသူ မြန်မာနိုင်ငံသား ၂၇ ဦး ပြန်ရောက်

**ရန်ကုန်၊ ဩဂုတ် ၂၃**

အမေရိကန်ပြည်ထောင်စုတွင် အိမ် တွင်းအကြမ်းဖက်မှုနှင့် ထောင်ကျဖူးသူ မြန်မာနိုင်ငံသား ၂၇ ဦး ပြည်နှင်ဒဏ် ပေးခံ၍ ဩဂုတ်လ ၂၂ ရက် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြောင်း ချင်းပြည် နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဟောင်း စာ 2

## အင်းဝတစ်ဖက်ကမ်းမှ အပေါ်ပိုင်းဗလာကျင်း အမျိုးသမီးများ၏ လုပ်ငန်းခွင်

**ဘုန်းနေ**

မြန်မာ နိုင်ငံ အထက်ပိုင်း ရှေးမြန်မာ မင်းဆက်များ၏ မင်းနေပြည် တော် အင်းဝမြို့ဟောင်း တစ်ဖက်ကမ်း ရောဝတီမြစ်ကမ်းဘေးတွင် အမျိုးသမီး များ အထက်ပိုင်းဗလာကျင်းဖြင့် လုပ်ကိုင် ကြသည့် လုပ်ငန်းခွင်တစ်ခု ရှိနေသည်။

ထိုရွာမှ ဧရာဝတီမြစ်ကို ဖြတ်ကျော် ၍ လှမ်းကြည့်လိုက်သော် နိုင်ငံခြားသား များလာရောက်လေ့လာရာ အင်းဝဘက်ကမ်း မှ ဘကြီးတော်မင်း၏ မိဖုရား စာ 19

## ယခုနှစ်လေးတန်းကျောင်းသားများ လာမည့်နှစ်တွင် သင်ရိုးသစ် Grade 6 တန်း တက်ရမည်

**ရန်ကုန်၊ ဩဂုတ် ၂၃**

ယခုပညာသင်နှစ်တွင် သင်ရိုးဟောင်း အတိုင်း သင်ယူနေသည့် စတုတ္ထတန်း (Grade 5) ကျောင်းသားများသည် လာမည့်ပညာသင်နှစ်တွင် သင်ရိုးသစ် ဖြင့် သင်ကြားမည့် ဆဋ္ဌမတန်း (Grade 6-သင်ရိုးသစ်အလယ်တန်းဆင့်) တက်ရ မည်ဖြစ်ကြောင်း အခြေခံပညာဦးစီးဌာန ထံမှ သိရသည်။

ယခုနှစ်တွင် သင်ရိုးဟောင်း အတိုင်း သင်ယူနေသည့် ပဉ္စမတန်း (Grade 6) ကျောင်းသားများသည် စာမေးပွဲ အောင်လျှင် ပုံမှန်အတိုင်း သင်ရိုးဟောင်း ဆဋ္ဌမတန်း (Grade 7) ကို ဆက်တက် ရမည်ဖြစ်ပြီး စာမေးပွဲကျလျှင်မူ စာ 2

ဆီတင်ရထား ဩဂုတ် ၂၅ ရက်တွင် ရန်ကုန်မှ မန္တလေးကို စမ်းသပ်ပြေးမည် စာ 6
ဆားလင်းကြီး ကျေးတက်ရွာ အ.ထ.က တွင် ခုံကောင်များကျ၊ ကျောင်းယာယီပိတ် စာ 21
နိုင်ငံခြားငွေ့သည်များကို ကိုယ်လုံးတီးချတ်တမ်း ကစားခွင့်ပြုခဲ့သည့် ဒေသခံငွေ့လမ်းညွှန်ကို ခံဝန်ဖြင့် သတိပေး စာ 4
အင်းတော်တွင် တရားမဝင်သစ်စက်ကို ဓာတ်ပုံရိုက်သူတစ်ဦး ခေါင်းဖြတ်အသတ်ခံရ စာ 21



The VOICE Daily
Friday, August 24, 2018

# NEWS

## မိုးကုတ်မြို့သို့ ကမ္ဘာလှည့်ခရီးသည်များ လည်ပတ်ခွင့်ပြုရန် အစိုးရ စီစဉ်

**ရန်ကုန်၊ ဩဂုတ် ၂၃**

ကမ္ဘာတွင် အရည်အသွေးကောင်း ပတ္တမြားများထွက်ရှိရာ မိုးကုတ်မြို့သို့ ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်လည်ပတ်ခွင့်ပြုရန် မန္တလေးတိုင်းအစိုးရအဖွဲ့နှင့်အသေးစိတ်ညှိနှိုင်းနေကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်တွင်း၊ ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးခင်မောင်စိုးက ပြောကြားသည်။

"မိုးကုတ်ကို လည်ပတ်ခွင့်ပြုလိုက်ပြီဆိုတဲ့ ညွှန်ကြားချက်တော့ရှိတယ်။ ဒါပေမဲ့ ဝင်မယ့် ဧည့်သည်တွေကို နှောင့်နှေးကြန့်ကြာမှုမရှိအောင်၊ ဘယ်လိုစီမံချက်နဲ့ခွင့်ပြုမလဲဆိုတာကို မန္တလေးတိုင်းအစိုးရအဖွဲ့နဲ့ ညှိနေတယ်။ မကြာခင်ထုတ်ပြန်ပေးမှာပါ" ဟု ၎င်းကဆိုသည်။

မိုးကုတ်မြို့သို့ ယခင်က ပြည်ပနိုင်ငံသားများကို ဝင်ရောက်ခွင့်မပြုခဲ့ကြောင်း၊ ကမ္ဘာလှည့်ခရီးသည်များကို ယခုနှစ်မတ်လက ကျင်းပသည့် နှစ်ရှစ်ရာပြည့်ပွဲ အထိမ်းအမှတ်ပွဲတော်တွင်သာ ခရီးသွားကုမ္ပဏီများ၏သီးသန့် စီစဉ်မှုဖြင့်သာ ဝင်ရောက်ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း ဦးခင်မောင်စိုးထံက သိရသည်။

"မိုးကုတ်မြို့ကို လုံခြုံရေးအတွက် မန္တလေး-မိုးကုတ်လမ်းဟောင်းကနေပဲ ခွင့်ပြုဖို့နဲ့ Package ခရီးစဉ်တွေပဲ ခွင့်ပြုသင့်တယ်လို့တော့ အကြံပြုထားတယ်။ ခရီးစဉ်ဒေသတစ်ခုကို အကောင်အထည်ဖော်ဖို့စီစဉ်ရင် ရေရှည်စနစ်တကျနဲ့ ဖွံ့ဖြိုးမယ့်သာ ခရီးသွားလုပ်ငန်းအတွက်အဆင်ပြေနိုင်မှာပါ၊ ခရီးစဉ်ကိုခွင့်ပြုပြီးမှ ပြန်ပိတ်ရရင် နိုင်ငံ့ပုံရိပ်လည်း ကျဆင်းစေတယ်" ဟု ခရီးသွားလုပ်ငန်း ကျွမ်းကျင်သူတစ်ဦးက မှတ်ချက်ပြုပြောဆိုသည်။

မိုးကုတ်မြို့သည် ပြည်တွင်းခရီးသည်များအတွက် တိုင်းရင်းသားလူမျိုးစုများ၊ ဒေသခံအစားအစာများ၊ ပတ္တမြားမြေမိုင်းတွင်းများ၊ ကျောက်ပြာသာဒ်၊ သဘာဝလိုဏ်ဂူများနှင့် တောင်တန်းများဖြင့် ထင်ရှားသည့်ခရီးစဉ်တစ်ခုဖြစ်သည်။

မိုးကုတ်မြို့သည် ကမ္ဘာလှည့်ခရီးသည်များအနေနှင့် ပတ္တမြားထွက်ရှိရာမြို့အဖြစ် စိတ်ဝင်စားလည်ပတ်နိုင်ကြောင်း၊ ခရီးသွားလုပ်ငန်းအတွက် ဧည့်သည်လည်ပတ်နိုင်မည့် ပြတိုက်များအပြင် အမှတ်တရပစ္စည်း အရောင်းဆိုင်များနှင့် ကျောက်ထုတ်လုပ်သည့် လုပ်ငန်းခွင်များကို လေ့လာနိုင်သည့်ခရီးစဉ်တစ်ခုဖြစ်နိုင်ကြောင်း ခရီးသွားလုပ်ငန်းရှင်များထံမှ သိရသည်။ ■ J-14

## နေပြည်တော်ရေပန်းဥယျာဉ်ကို ပုဂ္ဂလိကသို့ လုပ်ကိုင်ခွင့်ပြုမည်

**ရန်ကုန်၊ ဩဂုတ် ၂၃**

နေပြည်တော် ရေပန်းဥယျာဉ် (Fountain Park) ကို ပြည်တွင်းနှင့် ဖက်စပ်ကုမ္ပဏီလုပ်ငန်းရှင်များအား နှစ်ရှည်ငှားရမ်း၍ လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ကြောင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာနထံမှ သိရသည်။

"ကနဦးတင်ပြလာတဲ့ ပဏာမစိတ်ဝင်စားမှု အဆိုပြုလွှာ (Expression of Interest) တွေကို ကြည့်ပြီးတော့ အစည်းအဝေးက လိုအပ်တာကို ထပ်ဆုံးဖြတ်လိမ့်မယ်။ အခုက ပုဂ္ဂလိက လုပ်ကိုင်ခွင့်ပေးဖို့အတွက် စီစဉ်နေတာပါ" ဟု အဆိုပါဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲလွင်ကဆိုသည်။

ရေပန်းဥယျာဉ် (Fountain Park) အား ခေတ်နှင့်အညီဖွံ့ဖြိုးရန်နှင့် ခေတ်မီသော အပန်းဖြေကစားနည်းပစ္စည်းများဖြင့် ဝန်ဆောင်မှုပေးနိုင်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များထံသို့ နှစ်ရှည်အငှားချထားသည့်စနစ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီမှထံမှ သိရသည်။

ပဏာမ စိတ်ဝင်စားမှုအဆိုပြုလွှာ (Expression of Interest) တစ်စောင်လျှင် တစ်သောင်းကျပ်ဖြင့် ရောင်းချလျက်ရှိပြီး စက်တင်ဘာလ ၁၄ ရက်နောက်ဆုံးထား တင်သွင်းရမည်ဖြစ်ကြောင်း အဆိုပါကော်မတီထံမှ စုံစမ်းသိရှိရသည်။

"ပြည်တွင်းကအသွားများတယ်။ ဘုရားဖူးပြီးတာနဲ့ညနေပိုင်းဆိုရေပန်းကို ဝင်တာများတယ်။ ပုဂ္ဂလိက ပေးမယ် ဆိုရင် ဒီထက်ပိုကောင်းတဲ့ ဝန်ဆောင်မှုကောင်းကောင်းတွေ ရဖို့တော့ မျှော်လင့်ထားတယ်" ဟု ပြည်တွင်းခရီးသွား လုပ်ငန်းရှင်တစ်ဦးက မှတ်ချက်ပြုသည်။

နေပြည်တော်ရေပန်းဥယျာဉ်သို့ ခရီးသွားရာသီတွင် နေ့စဉ်ပြည်တွင်းပြည်ပဧည့်သည် နှစ်ထောင်ကျော် ဝင်ရောက် လည်ပတ်လေ့ရှိပြီး မိုးရာသီကာလတွင် ဧည့်သည်သုံးရာကျော် ပုံမှန်လည်ပတ်လေ့ရှိကြောင်း အဆိုပါဥယျာဉ်တာဝန်ခံထံမှသိရသည်။

နေပြည်တော်ရေပန်းဥယျာဉ်သည် ၂၀၀၉ ခုနှစ်မှစ၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ပြည်တွင်း၊ ပြည်ပဧည့်သည်တစ်ဦးလျှင် ၇၀၀ ကျပ်ဖြင့် ဝင်ကြေးကောက်ခံနေသည့် ဥယျာဉ်တစ်ခုဖြစ်သည်။ ■ J-14

### မျက်နှာဖုံး - ယခုနှစ်လေးတန်းကျောင်းသားများ လာမည့်နှစ်တွင် မှ အဆက်

သင်ရိုးသစ် ဆဋ္ဌမတန်း Grade 6 ကိုသာ သင်ရမည် ဖြစ်သည်။

အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက "မြန်မာလိုပြောရင် ၄ တန်းကနေ ၆တန်းကို ကျော်တက်သွားပြီး တစ်တန်းပျောက်သွားပြီ၊ ဟာ..... အတန်းတွေ ကျော်တက်နေပြီ၊ ဗမာပြည်ကတော့ တိုင်းပြည်ပျက်တော့မှာလို့ ပြောမှာ။ စတုတ္ထတန်းကနေ ဆဋ္ဌမတန်းကို ကျော်တက်သွားတာမဟုတ်ဘူး။ Grade 5 (စတုတ္ထတန်း) ကနေ Grade 6 (သင်ရိုးသစ်) ကို ကူးမှာ" ဟု ပြောသည်။

သင်ရိုးဟောင်းအရ သူငယ်တန်းကို Grade 1, ပထမတန်းကို Grade 2, တတိယတန်းကို Grade 3, နဝမတန်းကို Grade 10, ဒသမတန်းကို Grade 11 ဟု သတ်မှတ်သည်။ သင်ရိုးသစ်တွင်မူ သူငယ်တန်းကို KG, ပထမတန်းကို Grade 1, ဒုတိယတန်းကို Grade 2, တတိယတန်းကို Grade 3, ၁၁ တန်းကို Grade 11 , ၁၂ တန်းကို Grade 12 ဟု ပြောင်းခေါ်ခြင်း ဖြစ်သည်။

သင်ရိုးလေ့လာဆန်းစစ်မှုများလုပ်ကိုင်နေသည့် တက္ကသိုလ် မြန်မာစာဆရာတစ်ဦးက "သင်ရိုးသစ် Grade 6 က အခုနှစ် ၄ တန်းအောင်တဲ့ ကလေးတွေအတွက်ပါ။ နားလည်အောင်ပြောရရင် သင်ရိုးသစ် Grade 6 ဆိုပေမယ့် လက်ရှိသင်ရိုးဟောင်း ၅ တန်းပါပဲ" ဟု ပြောကြားသည်။

ယခုနှစ်မေလ လယ်ပိုင်းက ပြုလုပ်သည့် ကျောင်းအုပ်နှံရေးလုပ်ငန်း လမ်းညွှန်ရာတွင် ယခုနှစ် စတုတ္ထတန်း(Grade 5) ကျောင်းသားများသည် လာမည့်နှစ်တွင် သင်ရိုးသစ် Grade 6 ကို တက်ရမည် ဖြစ်ကြောင်း ပညာရေးဝန်ကြီးက ဆရာ၊ ဆရာမ များကို ပြောကြားခဲ့သေးသည်။

ဆဋ္ဌမတန်းချင်း တူနေပြီး (Grade သတ်မှတ်ချက် ကွာခြားသော်လည်း) သင်ရိုးသစ်၊ သင်ရိုးဟောင်းကွဲနေသောကြောင့် ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများကြား အငြင်းပွားနိုင်သဖြင့် လာမည့်နှစ်မှစ၍ ကျောင်းသုံးဖတ်စာအုပ်များတွင် မြန်မာစာဖြင့် ရေးသည့် အတန်းသတ်မှတ်ချက်များကို ဖြုတ်ပစ်တော့မည်ဖြစ်ကြောင်း ဝန်ကြီးက အသိပေးခဲ့သေးသည်။

အခြေခံပညာတွင် သင်ရိုးသစ်ပြောင်းလဲမှုကို ၂၀၁၆ ခုနှစ်က KG (သူငယ်တန်း) ကို စတင်ခဲ့သည်။ တစ်နှစ်ချင်း ပြောင်းလဲခဲ့ရာ ယခုပညာသင်နှစ်တွင် ဒုတိယတန်း Grade 2 ကို သင်ရိုးသစ်ဖြင့် ပြောင်းလဲခဲ့သည်။ လာမည့်နှစ်တွင် Grade 3, Grade 6 ပြောင်းလဲမည်ဖြစ်သည်။ ၂၀၂၀ ခုနှစ်တွင် Grade 5, Grade 8, Grade 12 နှင့် ၂၀၂၂ ခုနှစ်တွင် Grade 9, Grade 11 တို့ကို ပြောင်းလဲမည်ဖြစ်သည်။

ယင်းကြောင့် စနစ်သစ်ပညာရေးတွင် KG မှ Grade 12 အထိ ရှိလာမည်ဖြစ်သည်။ ■ J-19

### မျက်နှာဖုံး - အမေရိကန်မှ ပြည်နှင်ဒဏ်ပေးခံရသူ မှ အဆက်

ဆလိုင်း အိုင်းဇက်ခင်က ပြောကြားသည်။

"ဟုတ်တယ်။ မနေ့က ပြန်လာတယ်။ အစိုးရပိုင်းနဲ့တော့မဆိုင်ဘူး။ သူတို့က အိမ်တွင်းအကြမ်းဖက်မှုနဲ့ ပြစ်မှုကျူးလွန်လို့ ထောင်ကျဖူးသူတွေဖြစ်တယ်" ဟု ၎င်းကပြောကြားသည်။

ပြည်နှင်ဒဏ်ပေးခံရသည့် မြန်မာနိုင်ငံသား ၂၇ ဦးတွင် ချင်းလူမျိုး ၇ ဦး ပါဝင်ပြီး ချင်းလူမျိုးများသည် အမေရိကန်နိုင်ငံတွင် အနည်းဆုံး ငါးနှစ်မှ ဆယ်နှစ်နီးပါး နေထိုင်ခဲ့သူများဖြစ်ကြောင်း၊ လက်ရှိတွင် သက်ဆိုင်ရာမြို့နယ်အသင်းများနှင့် တွေ့ဆုံရန် စီစဉ်နေကြောင်း ၎င်းကဆိုသည်။

ပြည်နှင်ဒဏ်ပေးခံရသူ မြန်မာနိုင်ငံသား ၂၇ ဦး ဩဂုတ်လ ၂၂ ရက် နံနက် ၁၁ ခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာသဖြင့် သွားရောက်ကြိုဆိုခဲ့ကြောင်း ဟားခါး လူမှုရေးအသင်းမှ ဘာသာရေးဆရာ Thoms Thang kep က ပြောကြားသည်။

ပြည်နှင်ဒဏ်ပေးခံရသူများသည် အမေရိကန်အစိုးရပိုင်လေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာခြင်းဖြစ်သည်။

ပြည်နှင်ဒဏ်ပေးခံရသည့် ချင်းလူမျိုး ခုနစ်ဦးသည် ချင်းပြည်နယ် ထန်တလန်နှင့် ဟားခါးမြို့နှင့် စစ်ကိုင်းတိုင်း ကလေးမြို့တို့မှ ဖြစ်သည်။ ■ J-18

### မျက်နှာဖုံး - ဆန်ဈေး မကစားရန် အကျိုးဆောင်နှင့် လက်လီဆိုင်များကို မှ အဆက်

ခြင်းဟာ ရေရှည်အတွက်၊ ကျွန်တော်တို့လောကအတွက် လုံးဝမကောင်းပါဘူး။ ဒါကို သတိပေးချင်ပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လဆန်းမှာ ဆန်တစ်အိတ်ကို နှစ်ထောင်၊ နှစ်ထောင့်ငါးရာ တက်တယ်။ ဒီဟာသည် သမားရိုးကျ တက်တာထက် ကျွန်တော်တို့ ပယောဂမကင်းဘူးလို့ သုံးသပ်ပါတယ်" ဟု ဦးအောင်သန်းဦးက ဆက်လက်ပြောဆိုသည်။

အဆိုပါဆန်ချောဈေးနှုန်းများ မြင့်တက်နေမှုနှင့်ပတ်သက်၍လည်း စားသုံးသူများ၊ ဆန်အကျိုးဆောင်များနှင့် လက်လီအရောင်းဆိုင်များအကြား ပုံမှန်ဆန်ဝယ်ယူမှုဖြစ်စေရန်အတွက် သက်ဆိုင်ရာဒေသအာဏာပိုင်များနှင့်ပူးပေါင်း၍ ပြန်လည်လေ့လာသုံးသပ်မှုများပြုလုပ်၍ ဆန်ရောင်းလိုအားကို ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

ဩဂုတ်လ ၂၃ ရက်နေ့က ဆန်ချောဈေးနှုန်းများ မြင့်တက်နေမှုနှင့်ပတ်သက်၍ ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)တွင် ပြုလုပ်သည့်ဆွေးနွေးပွဲတွင် ပြောဆိုခဲ့ခြင်းဖြစ်သည်။

၂၀၁၂ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ပေါ်ဆန်းမွှေးတစ်အိတ်လျှင် ကျပ် ၃၄,၀၀၀ အထိသာ အမြင့်ဆုံးဈေးတက်ခဲ့သော်လည်း ယခုနှစ်တွင် ၅၂,၀၀၀ ကျပ်၊ အလားတူ ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ၂၀၁၂ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ကျပ် ၄၉,၀၀၀ အထိ အမြင့်ဆုံး မြင့်တက်ခဲ့သော်လည်း ယခုနှစ်တွင် ၆၂,၀၀၀ ကျပ်၊ ပေါ်ကျွဲဆန်တစ်အိတ်လျှင်လည်း ခြောက်နှစ်အတွင်း ၂၆,၀၀၀ အထိ မြင့်တက်ခဲ့သော်လည်း ယခုနှစ်တွင် ကျပ် ၄၂,၀၀၀ အထိ စံချိန်တင်မြင့်တက်နေခြင်းဖြစ်သည်။

"ပေါ်ကျွဲအခြေခံဈေးတောင် ကုန်စည်ဒိုင်မှာ ၄၃,၅၀၀ ဝယ်ရပါတယ်။ စားသုံးသူပုံစံကလည်း ပြောင်းလဲတာရှိတယ်။ အရင်ဆို ဆန်အကြမ်းရောင်းရပါတယ်။ အခု အချောပိုရောင်းရတယ်။ ဒါကြောင့် စားသုံးမှုများတဲ့ပစ္စည်း ဆိုင်မှာရှိဖို့ အဓိကထားပြီး ဝယ်နေရပါတယ်" ဟု အလုံမြို့နယ်မှ ပြည့်စုံအောင် ဆန်လက်လီဆိုင်ပိုင်ရှင် ဒေါ်သိန်းဌေးက ပြောကြားသည်။

ဆန်ချောများထဲတွင် ပေါ်ကျွဲ၊ ပေါ်ဆန်းမွှေးနှင့် ရွှေဘိုပေါ်ဆန်းဈေးနှုန်းများ စံချိန်တင်မြင့်တက်နေခြင်းမှာ စားသုံးမှု ပိုမိုများပြားလာခြင်းကြောင့်ဖြစ်ပြီး ယင်းဆန်များအစား ရက် ၉၀ နှင့် ဆင်းသုခဆန် ပြောင်းလဲစားသုံးပါကလည်း အရသာမှာ တူညီမှုရှိကြောင်း၊ ပြောင်းလဲစားသုံးရေးအတွက်လည်း အသိပညာပေးမှုများဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းဆွေးနွေးပွဲထံမှ သိရသည်။

"လယ် ၁၀ ဧကလောက်လုပ်တဲ့လယ်သမားလက်ထဲမှာ လုံးဝစပါးမရှိပါဘူး။ ဧက ၅၀၊ ၈၀ လောက်လုပ်တဲ့သူလက်ထဲမှာစပါးကို ကျီနဲ့ ထောင်နဲ့ချီ လှောင်ထားကြ တာပါ။ အဲလိုလူတွေက ဘယ်ဈေးပေါက်မှ ရောင်းမယ်ဆိုပြီးထားကြတာပါ။ ကျွန်မ တို့က သူတို့ရောင်းခိုင်းတဲ့ အတက်ဈေးနဲ့ ရောင်းပေးပေမယ့် တစ်အိတ်ကို ၁၅၀၊ ၂၀၀ ကနေပိုမရပါဘူး" ဟု ဒေးဒရဲမြို့နယ်မှဆန်အကျိုးဆောင် ဒေါ်စန်းစန်းမိက ပြောကြားသည်။

လက်ရှိတွင် ဆန်ချောဈေးနှုန်းများ စံချိန်တင်မြင့်တက်နေခြင်းနှင့်ပတ်သက်၍လည်း ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း) ပြင်ပမှ ဆန်ဝယ်ယူသူများ၊ ကုန်သည်များ၊ ဆန်အကျိုးဆောင်များ၊ လက်လီဆိုင်ပိုင်ရှင်များအနေနှင့် ကုန်သွယ်မှုနှင့်ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများကို သတိထားရန်လိုအပ်ကြောင်း ဦးအောင်သန်းဦးက ပြောဆိုသည်။ ■ J-11

The VOICE Daily
CARTOON



# ရခိုင်ပြည်နယ်လွှတ်တော် တိုးတက်ရေး မဟာဗျူဟာစီမံကိန်း ရေးဆွဲ

**စစ်တွေ၊ ဩဂုတ် ၂၃**

ရခိုင်ပြည်နယ်လွှတ်တော် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း တစ်ရပ်ကို ရေးဆွဲထားကြောင်း ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစံကျော်လှက ပြောကြားသည်။

ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများ တည်ငြိမ်အေးချမ်းကာ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်မည့် လွှတ်တော်တစ်ရပ်ဖြစ်လာစေရန် ကိုယ်စားလှယ်များအနေနှင့် ပြည်သူလူထုအကျိုးကို ပိုမိုဆောင်ရွက်နိုင်ရန်နှင့် လွှတ်တော်ရုံးလုပ်ငန်းများကို ယခုထက်ပို၍ စနစ်တကျ ထိရောက်စွာဆောင်ရွက်နိုင်ရန်တို့ပါဝင်သည့် စီမံကိန်းကို ပြင်ပအဖွဲ့အစည်းများနှင့် လွှတ်တော်ကိုယ်စားလှယ်တို့ အလုပ်ရုံဆွေးနွေးပြီး ပူးပေါင်းရေးဆွဲထားခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

"ဒီစီမံကိန်းမှာ ဒီပြည်နယ် လွှတ်တော်ရဲ့ဘဏ္ဍာရေးအတိုင်းအတာနဲ့ လူ့အရင်းအမြစ်ကို အမှန်တကယ် သုံးစွဲရမှာရယ်၊ ကြုံတွေ့လာနိုင်တဲ့အခက်အခဲတွေကိုကြိုတင်တွက်ဆလေ့လာပြီးရမယ်၊ ထွက်ပေါ်လာမယ့် ရလဒ်တွေကို စောင့်ကြည့်အကဲဖြတ်တာရယ်၊ အဲဒါတွေကို အာမံချက်ပေးထားတယ်။ ရခိုင်ပြည်နယ် လွှတ်တော်ကို ပြည်သူက ယုံကြည်အားထားမှုရှိလာစေမယ့် စီမံကိန်းဖြစ်တယ်" ဟု ဦးစံကျော်လှက ပြောဆိုသည်။

အဆိုပါစီမံကိန်းသည် ၂၀၁၈-၂၀၂၂ ခုနှစ်အထိကာလအတွင်းနှင့် ရှေ့အနာဂတ်တွင် ပြည်သူများ၏ ရေရှည် အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဥပဒေများရေဆွဲခြင်း၊ ပြဋ္ဌာန်းပြီး ဥပဒေများမှ လူထုအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းခြင်းရှိမရှိ သုံးသပ်ခြင်း၊ အစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုတို့ကို စောင့်ကြည့် ထိန်းသိမ်းခြင်းများကို လုပ်ဆောင်မည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

၎င်းမဟာဗျူဟာစီမံကိန်းနှင့်ပတ်သက်ပြီး ဩဂုတ်လ ၂၃ ရက်နေ့က ကျင်းပသည့် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေနှင့် ဆွေးနွေးလိုပါက ဩဂုတ်လ ၂၄ ရက်နေ့တွင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ပြောကြားသည်။

"ဒါကတော့ လွှတ်တော်ကိုယ်စားလှယ် အားလုံးပါဝင် ရေးဆွဲထားတာလည်း ဖြစ်တယ်။ အားသာချက် အားနည်းချက်ကိုတော့ ပြောလို့မရသေးဘူး။ ဘာလို့ဆို ကျွန်တော်တို့ကလည်း အသေးစိတ်မလေ့လာရသေးလို့ ဖြစ်တယ်" ဟု မြောက်ဦးမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းသာစိန်က ယင်းစီမံကိန်းနှင့်ပတ်သက်၍ မှတ်ချက်ပြုသည်။

■

**R-22**

# မြတ်စောညီနောင် ဘုရားဂေါပကအဖွဲ့မှ ငွေစာရင်းရှင်းလင်းပေးရန်တောင်းဆို

**တောင်ငူ၊ ဩဂုတ် ၂၃**

တောင်ငူမြို့ရှိ ရှေးဟောင်းသမိုင်းဝင် မြတ်စောညီနောင်ဘုရား၏ ဂေါပကအဖွဲ့အနေနှင့် နှစ်ပေါင်း ၂၀ နီးပါးတာဝန်ယူထားသည့်ကာလမှ ငွေစာရင်းရှင်းတမ်းများကို ထုတ်ပြန်ပေးရန် ယင်းဘုရားအနီးရှိ ရွှေမင်းဝံကျေးရွာဒေသခံများက တောင်းဆိုသည်။

ဩဂုတ်လ ၂၃ ရက်နေ့က သောင်ကျေးရွာအုပ်စု ရွှေမင်းဝံကျေးရွာ ဒေသခံများမှသတင်းစာရှင်းလင်းပွဲ ကျင်းပခဲ့ရာတွင် ငွေစာရင်းရှင်းလင်းပေးရန်၊ ဂေါပကအဖွဲ့အသစ်ရွေးရန်နှင့် ဘုရားဂေါပကသိမ်းဆည်းမြေများကိုပြန်လည်ပေးအပ်ရန် ယင်းဒေသခံများက တောင်းဆိုခဲ့ကြသည်။

"ကျွန်တော်ပြောချင်တာ ရှင်းရှင်းလေးပဲ။ ဘုရားကတစ်နှစ်ကို အရပ်ရပ် အလှူငွေ ကျပ်သိန်းတစ်ထောင်ကျော် ရတယ်။ ဘုရားသာသနိက အဆောက်အအုံတွေက ဘာမှမတိုးတက်လာဘူး" ဟု ဦးဆောင်သူ ဦးမောင်မောင်က ပြောဆိုသည်။

၂၀၁၇ ခုနှစ်က စိန်တော်စေတီ စိန်ဖူးတော်နှင့် ကျပ်သိန်းထောင်ချီတန်သည့် ရတနာပစ္စည်းများ ပျောက်ဆုံးခဲ့ရာတွင် တရားခံကို ထုံးဘိုနယ်မြေရဲစခန်းတွင် အမှုဖွင့်လှစ်ထားသော်လည်း ယနေ့တိုင် ဖော်ထုတ်နိုင်ခြင်းမရှိသေးကြောင်း ထိုသို့ ခိုးယူခံရခြင်းနှင့်ပတ်သက်၍ ဇူလိုင်လ ၁၂ ရက်နေ့က တောင်ငူမြို့တွင်း၌ ဒေသခံများ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

အဆိုပါစေတီ၏ ဝင်ငွေထွက်ငွေစာရင်းများကို ခရိုင်နှင့်တိုင်းဒေသကြီး အပါအဝင် နေပြည်တော် သာသနာရေးဝန်ကြီးဌာနထံ လစဉ်၊ နှစ်စဉ်တင်ပြရကာ သိရှိလိုသူများအနေနှင့် အဆိုပါဌာနများထံ စုံစမ်းနိုင်ကြောင်း မြတ်စောညီနောင် ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်ကဆိုသည်။

"ကျွန်တော်တို့ နုတ်ထွက်ပေးဖို့ဆိုတာက သာသနာရေးနဲ့ ဩဝါဒါစရိယ ဆရာတော်တွေ ထွက်ခိုင်းရင် အချိန်မဆိုင်း ထွက်ပေးမယ်" ဟု ၎င်းက ပြောကြားသည်။

■ **R-15**

The VOICE Daily CARTOON



# တစ်သျှူးငှက်ပျော တရုတ်သို့ တင်ပို့မှုမှ အခွန် ကျပ်သန်း နှစ်ထောင်ခန့်ရရှိ

**နေပြည်တော်၊ ဩဂုတ် ၂၃**

တရုတ်တစ်သျှူးငှက်ပျော တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနေသည့် ကုမ္ပဏီများထံမှ အခွန် ကျပ်သန်း ၁၉၂၀ ဒသမ ၃၂၈ ကို ရရှိထားကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီးဦးလှကျော်က ပြောကြားသည်။

ယနေ့ကျင်းပသော အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၂) မှ ဦးနိုင်ကိုကိုက တရုတ်တစ်သျှူးငှက်ပျောပင်စိုက်ခင်းများနှင့် ပတ်သက်ပြီး နိုင်ငံတော်အစိုးရတွင် ရှိသည့်စာရင်းနှင့် မြေပြင်စာရင်းများ ကွဲလွဲနေပြီး အခွန်အခ ဘီလီယံနှင့်ချီ နစ်နာနေခြင်း၊ လက်ရှိစိုက်ပျိုးဧက ၄၀၀၀၀ ကျော်အနက် ခွင့်ပြုချက်မရသေးသည့် မြေများပေါ်တွင် စိုက်ပျိုးလုပ်ဆောင်နေခြင်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေနှင့် မည်သို့အရေးယူ ဆောင်ရွက်မည်ကို သိလိုကြောင်း မေးမြန်းချက်တွင် ၎င်းက အထက်ပါအတိုင်း ထည့်သွင်းဖြေကြားခဲ့ခြင်း ဖြစ်သည်။

ကချင်ပြည်နယ်မှ တရုတ်နိုင်ငံသို့ ငှက်ပျောတင်ပို့ရန် မတိုင်မီကပင် ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကို အခွန်ရုံးများမှ တစ်ဆင့်ကောက်ခံခဲ့ပြီး စိုက်ပျိုးသော ကုမ္ပဏီ၊ အဖွဲ့အစည်း၊ လုပ်ငန်းရှင်များမှ ခွင့်ပြုချက် မရသေးသည့် မြေများပေါ်တွင် စိုက်ပျိုးနေမှုများကို ဥပဒေနှင့်အညီ ဖြစ်စေရေးအတွက် ကချင်ပြည်နယ် အစိုးရအနေနှင့် စိစစ်ဆောင်ရွက်လျက်ရှိကြောင်း ဒုဝန်ကြီးက ဆိုသည်။

ယင်းငှက်ပျောစိုက်ပျိုးထုတ်လုပ်မှုသည် ကင်းလွတ်ခွင့်ပြုထားသော အခွန်အမျိုးအစားတွင်ပါဝင်ပြီး ဝင်ငွေခွန်စည်းကျပ်ထိုက်သည့် စုစုပေါင်းဝင်ငွေရရှိမှု အပေါ်တွင် ဝင်ငွေခွန်ကောက်ခံလျက်ရှိကြောင်း၊ ယင်းငှက်ပျောကို ကချင်ပြည်နယ် မြစ်ကြီးနား၊ ဝိုင်းမော်၊ ဗန်းမော်၊ ရွှေကူ၊ မန်စီ၊ မိုးမောက်နှင့် ဒေါ့ဖုန်းယန်မြို့နယ်များတွင် စိုက်ပျိုးလျက်ရှိပြီး ငှက်ပျောကားများ သယ်ယူဖြတ်သန်းခွင့်ကို လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုနေကြောင်း ဦးလှကျော်က ပြောကြားသည်။

အထက်ပါစိုက်ဒေသများတွင် မြေလွတ်မြေလပ်နှင့် မြေရိုင်းပေါ်တွင် ၆၃၈၄ ဧက၊ ခွင့်ပြုမိန့်မရသည့် မြေပေါ်တွင် ၁၉၆၈၉ ဧက၊ လယ်ယာမြေပေါ်တွင် ၁၇၅၂၂ ဧက၊ သစ်တောမြေပေါ်တွင် ၆၅၆၅ ဧက နှင့် အခြားမြေပေါ်တွင် ၃၈၅ ဧက စိုက်ပျိုးနေသည်ကို စိစစ်တွေ့ရကြောင်း၊ ယင်းကြောင့် စိုက်ပျိုးသူများအနေနှင့် ၂၀၁၂ ခုနှစ် မြေလွတ် မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပါ ပြဋ္ဌာန်းချက်နှင့်ညီစေရန် သီးနှံပြောင်းလဲစိုက်ပျိုးခွင့်ကို တင်ပြလျှောက်ထားရန် လိုအပ်နေကြောင်း ၎င်းက ထပ်လောင်းပြောသည်။

ရရှိထားသည့်အခွန်ငွေမှာ ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်၏ (၁-၄-၂၀၁၈) မှ (၁၅-၆-၂၀၁၈) အထိ ကောက်ခံရရှိခြင်းဖြစ်ပြီး ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၇ -၂၀၁၈ အထိ ကုမ္ပဏီ ၂၈ ခုမှ ကြိုတင်ဝင်ငွေခွန် စုစုပေါင်း ကျပ်သန်းပေါင်း ၃၇၀၄ ဒသမ ၂၈၂) ကိုကောက်ခံရရှိထားကြောင်း ဒုဝန်ကြီး၏ ရှင်းလင်းတင်ပြချက်တွင် တွေ့ရသည်။

■

**S-01**

# မကွေးတိုင်းအတွင်းရှိ လူငယ် ၁၅၀၀ အလုပ်အကိုင်ရရှိစေရန် လုပ်ဆောင်မည်

**မကွေး၊ ဩဂုတ် ၂၃**

မကွေးတိုင်းဒေသကြီးအတွင်းရှိလူငယ် ၁၅၀၀ အတွက် သင်တန်းများပို့ချကာ အလုပ်အကိုင်ရရှိစေရန် လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း အလုပ်အကိုင်ကျွမ်းကျင်မှု စီမံကိန်း မန်နေဂျာ ဒေါ်ငြိမ်းငြိမ်းအိကပြောကြားသည်။

လူငယ်များ အလုပ်အကိုင်ရရှိစေရန်အတွက် ၂၀၁၈ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ၄ နှစ်စီမံကိန်းချမှတ်ထားပြီး ဆိုင်ကယ်ပြုပြင်ခြင်းသင်တန်း၊ ဆံပင်နှင့် မျက်နှာအလှပြုပြင်မှုသင်တန်း၊ ပန်းရန်ကျွမ်းကျင်မှုသင်တန်းနှင့် အမျိုးသမီးအဝတ်အထည်ချုပ်လုပ်ခြင်းသင်တန်းများကို သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းပြီးပါက အလုပ်အကိုင်ရရှိစေရန် တိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းရှင်များကို ချိတ်ဆက်မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

"သက်မွေးပညာနဲ့ ပတ်သက်ပြီး တိုင်းအတွင်းမှ လူငယ်အများအပြား အလုပ်အကိုင်လိုအပ်နေပါတယ်။ ကုန်ထုတ်လုပ်ငန်းတွေမှာ အရည်အသွေးမီ ထုတ်လုပ်နိုင်ဖို့ ဒီအသက်မွေးကျောင်းပညာ အဆင့်မြင့်သင်ယူထားတဲ့ လူငယ်တွေလိုအပ်ပါတယ်" ဟု မြန်မာနိုင်ငံပုဂ္ဂလိကနည်းပညာနှင့်သက်မွေးပညာသင်ကျောင်း လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဦးအေးမင်းမင်းက ပြောပြသည်။

သင်ကြားမည့် သင်တန်းတစ်ခုလျှင် ၃ လကြာ သင်ကြားမည်ဖြစ်ပြီး တိုင်းအတွင်းရှိလူငယ် ၁၅၀၀ ခန့် ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရန် ပြုလုပ်မည်ဖြစ်ကြောင်း HELVETAS(မြန်မာ)ထံမှ သိရသည်။

■

**R-23**

## E D I T O R I A L

# ရေဘေးအလှူမှသည်

မြောက်ပိုင်းလက်နက်ကိုင် အဖွဲ့ခုနစ်ဖွဲ့ပူးပေါင်း၍ မြန်မာနိုင်ငံတစ်ဝန်းရှိ ရေဘေးသင့်ပြည်သူများအား ကျပ်သိန်းလေးထောင်ကျော် လှူဒါန်းခြင်းမှာ မြန်မာ့ငြိမ်းချမ်းရေးခရီး ယခင်ထက်ပိုနီးလာပြီဟု ယေဘုယျအားဖြင့် ကောက်ချက်ချနိုင်သည်။

အားလုံးသိကြသည့်အတိုင်း နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး NCA စာချုပ်တွင် လက်မှတ်ရေးထိုးမထားသည့် ယင်းအဖွဲ့ခုနစ်ဖွဲ့နှင့် မြန်မာ့တပ်မတော်အကြား စစ်ရေးတင်းမာမှုများ မကြာခဏ ဖြစ်ပေါ်နေလင့်ကစား ယခုကဲ့သို့ လှူဒါန်းလိုက်ခြင်းသည် ငြိမ်းချမ်းရေးကို ရှေးရှုသည့် ခြေလှမ်းအစဟု ဆိုနိုင်သည်။

ရာသီဥတု ဖောက်ပြန်ပြောင်းလဲကာ တစ်နှစ်ထက် တစ်နှစ် ပိုဆိုးလာသော ရေဘေးကြောင့် ဒုက္ခရောက်နေကြသူ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက လှူဒါန်းခြင်းဖြစ်သည့်အတွက် အသိအမှတ်ပြုရမည်ဖြစ်သည်။

ယင်းသို့ လှူဒါန်းခြင်းနှင့်ပတ်သက်၍ လက်နက်ကိုင်အဖွဲ့၏ လားရှိုးဆက်ဆံရေးရုံးတာဝန်ခံ ဦးညီရန်း၏ ပြောဆိုချက်တွင် မတူညီသော နိုင်ငံရေးအမြင်များကို ခေတ္တဘေးဖယ်ထားပြီး ရေဘေးသင့်ပြည်သူများကို ကူညီရန် စဉ်းစားခြင်း၊ အခက်အခဲရှိပါက တိုင်းရင်းသားအချင်းချင်းအကြား အပြန်အလှန်ကူညီသည့်အစဉ်အလာ ဖြစ်ပေါ်ရေး ရည်ရွယ်ခြင်း ဆိုသည့် နှစ်ချက်မှာ များစွာ ထူးခြားသည်။

အစဉ်အလာအားဖြင့် တိုင်းရင်းသားဒေသများသို့သာ ပြည်မမှ လှူဒါန်းကူညီသည့် အလေ့အထကို လက်ရှိ လှူဒါန်းမှုက ချိုးဖျက်လိုက်ခြင်းဖြစ်သည့်အပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ယခုကဲ့သို့ လှူဒါန်းခြင်းမျိုးမှာ သမိုင်းတွင် တစ်ကြိမ်တစ်ခါမျှ မရှိခဲ့ဖူးပေ။

မည်သို့ပင်ဖြစ်စေ နိုင်ငံတစ်ဝန်း ပြည်သူများ ရေဘေးသင့်ချိန် သို့မဟုတ် ပြည်သူများ အကူအညီလိုအပ်နေချိန်မျိုးတွင် ပြည်တွင်းတွင် နေထိုင်ကြသော တိုင်းရင်းသားအချင်းချင်းအကြား ယခုကဲ့သို့ ကူညီလှူဒါန်းခြင်းမှသည် အပြန်အလှန် နားလည်မှုရယူရေး၊ ယုံကြည်မှုတည်ဆောက်ရေး၊ အပစ်အခတ် ရပ်စဲရေး၊ ထာဝရငြိမ်းချမ်းမှု ရရှိရေးအထိ ညှိနှိုင်းဆွေးနွေးမှု၊ အပေးအယူ၊ အလျှော့အတင်းပြုမှုများဖြင့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံသစ် တည်ထောင်နိုင်ရေးအထိ ဝိုင်းဝန်းကူညီကြပါမည့်အကြောင်း တိုက်တွန်းအပ်ပေသည်။

**အယ်ဒီတာ ( ၂၃ - ၈ - ၂၀၁၈ )**

# နိုင်ငံခြားဧည့်သည်များကို ကိုယ်လုံးတီးချွတ်တမ်း ကစားခွင့်ပြုခဲ့သည့် ဒေသခံဧည့်လမ်းညွှန်ကို ခံဝန်ဖြင့် သတိပေး

**ရန်ကုန်၊ ဩဂုတ် ၂၃**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်တွင် နိုင်ငံခြားသားဧည့်သည်များကို ယခုနှစ်ဇွန်လက ကိုယ်လုံးတီး ချွတ်တမ်း ဂိမ်းကစားခွင့်ပြုခဲ့သည့် ဒေသခံဧည့်လမ်းညွှန်ကို ဇူလိုင်လအတွင်းက ခံဝန်ဖြင့် ခေါ်ယူသတိပေးခဲ့ကြောင်း ရှမ်းပြည်နယ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထင်အောင်နိုင်က ပြောကြားသည်။

“ဒီလိုနောက်မလုပ်ဖို့ခေါ် သတိပေးထားတယ်။ ဒီလိုလုပ်တာက မြန်မာ့ယဉ်ကျေးမှုနဲ့ မကိုက်ညီတဲ့အပြင် ဧည့်သည်နဲ့ဧည့်လမ်းညွှန်တွေ လုပ်ရင်လိုက်နာရမယ့်စည်းကမ်းတွေက ရှိပြီးသား။ ဒါကို မတားဘဲ ခွင့်ပြုတဲ့အတွက် နောက်ထပ်လုပ်ရင်အရေးယူမယ်ဆိုပြီး ပြီးခဲ့တဲ့ တစ်လလောက်က ခေါ်သတိပေးထားတယ်” ဟု ၎င်းကဆိုသည်။

အဆိုပါဖြစ်ရပ်တွင် ပါဝင်ခဲ့သည့် နိုင်ငံခြားသား ဧည့်သည်များသည် တစ်သီးပုဂ္ဂလလည်ပတ်သည့် ဧည့်သည်များဖြစ်ပြီး ဒေသခံဧည့်လမ်းညွှန်အားခေါ်ယူ သတိပေးစဉ်တွင် ယင်းဧည့်သည်များ ထွက်ခွာသွားပြီဖြစ်ကြောင်း ဦးထင်အောင်နိုင်က ဆက်လက်ရှင်းပြသည်။

ကလောမြို့၏ ခြေလျင်ခရီးကြမ်း (Trekking) လမ်းကြောင်းရှိ ကျေးရွာတွင် ခရီးသွားဧည့်သည်များနှင့် ဒေသခံဧည့်လမ်းညွှန်တို့ ညအိပ်ရပ်နားခဲ့ရာမှ အဆိုပါဖြစ်စဉ် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယင်းဖြစ်ရပ်သည် ယဉ်ကျေးမှုကို ထိခိုက်စေသည့် လုပ်ရပ်မျိုးဖြစ်သည့်အတွက် ခရီးသွားအသိုက်အဝန်းများအကြား ဝေဖန်မှုများလည်းရှိခဲ့သည်။

“ကလောဘက်မှာက လမ်းပြတွေလည်းဖြစ်နိုင်တယ်။ အကယ်လို့ဧည့်လမ်းညွှန်ပဲဖြစ်ဖြစ်၊ ဒေသခံဧည့်လမ်းညွှန်ပဲဖြစ်ဖြစ် သေချာရင်တော့ အသင်းကို တရားဝင် အကြောင်းကြားပြီးပြောရင်တော့ ဝန်ကြီးဌာနကို အကြောင်းကြားပြီး အရေးယူဖို့လုပ်သင့်လုပ်ရမယ်။ ခေါ်ဆွေးနွေးရမယ်။ ဒီဖြစ်စဉ်ကတော့ ဘယ်သူပဲဖြစ်ဖြစ်လုပ်ကို မလုပ်ရဘူး” ဟု မြန်မာနိုင်ငံဧည့်လမ်းညွှန်အသင်းဥက္ကဋ္ဌ ဦးအောင်ထွန်းလင်းက ဆိုသည်။

ကလောမြို့ရှိ တောင်တက်ခရီးစဉ်များသည် ညအိပ်တည်းခိုရန် တည်းခိုရိပ်သာနှင့်ဟိုတယ်များ မရှိသည့်အတွက် ဒေသခံနေအိမ်များတွင် ညှိနှိုင်း၍တည်းခိုနေထိုင်မှုများရှိသောကြောင့် ယင်းသို့ဖြစ်စဉ်မျိုးကို အထူးကြပ်မတ်ရန် လိုအပ်ကြောင်း ခရီးသွားလုပ်ငန်းရှင်များက ဆိုသည်။

■ **J-14**

The VOICE Daily CARTOON




# ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ရန် လွှတ်တော်တင်

**နေပြည်တော်၊ ဩဂုတ် ၂၃**

တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်ရန် နိုင်ငံတော်သမ္မတဦးဝင်းမြင့်၏ သမက်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမိုးက ယနေ့ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် တင်သွင်းလိုက်သည်။

ယင်းပြင်ဆင်ရန် အက်ဥပဒေကို ဆွေးနွေးရန် ကန့်ကွက်သူမရှိသောကြောင့် လွှတ်တော်တွင် လက်ခံ ဆွေးနွေးရန် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာလိုက်သည်။

မူလဥပဒေကိုပြဋ္ဌာန်းစဉ် ၁၉၂၉ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ ဒီမိုကရေစီနည်းလမ်းဖြင့် ရွေးကောက်ပွဲပြုလုပ်၍ Bar Council အဖွဲ့ဝင်များကို ရွေးကောက်တင်မြှောက်ခဲ့ကြသော်လည်း ၁၉၈၉ တွင် ပုဒ်မ ၄ ကို ပြင်ဆင်လိုက်ပြီးနောက် ဘားကောင်စီအဖွဲ့ဝင်များကို တရားသူကြီးချုပ်က ရွေးချယ်ခန့်အပ်သည့်စနစ်ကျင့်သုံးခဲ့သည်ကို ယနေ့တိုင် တွေ့ကြုံနေရဆဲဖြစ်ကြောင်း ဦးစိုးမိုးက ဆိုသည်။

ဘားကောင်စီ ဖွဲ့စည်းပုံစနစ်၏ ပုဒ်မ ၄ တွင် ရှေ့နေချုပ်၊ ဒုတိယ ရှေ့နေချုပ်က တင်သွင်းသည့် တရားရုံးချုပ် တရားသူကြီးတစ်ဦး၊ တရားသူကြီးချုပ်က အမည်စာရင်းတင်သွင်းသည့် တရားလွှတ်တော်ရှေ့နေခြောက်ဦး၊ တရားရုံးချုပ် ညွှန်ကြားရေးမှူးချုပ်၊ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူး အပါအဝင် စုစုပေါင်း ၁၁ ဦးဖြင့် ဖွဲ့စည်းရန် ဥပဒေအတည်ပြုထားခြင်း ဖြစ်သည်။

ယင်းကဲ့သို့ ကျင့်သုံးနေသည့် တရားသူကြီးချုပ်မှ ရွေးချယ်ခန့်အပ်သည့် စနစ်သည် ဒီမိုကရေစီခေတ်စနစ် အခြေအနေအရ ညီညွတ်မှုမရှိတော့သည့်အပြင် ဆက်လက်အသုံးပြုရန် သင့်လျော်မှုမရှိတော့ကြောင်း ဦးစိုးမိုးက ပြောသည်။

ဥပဒေပြင်ဆင်ရန်တင်သွင်းသူ ဦးစိုးမိုးသည် ရှေ့နေတစ်ဦးဖြစ်ပြီး ၂၀၁၅ ရွေးကောက်ပွဲအပြီး လွှတ်တော်ကိုယ်စားလှယ် ဖြစ်လာပြီးနောက် ရှေ့နေအလုပ်ကို ရပ်နားထားခဲ့ခြင်း ဖြစ်သည်။

ယင်းအပြင် လက်ရှိနိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည်လည်း ယခင်က ဝါရင့်ရှေ့နေကြီးတစ်ဦးဖြစ်သည်။ ■ **S-01**

**The VOICE Daily**

**The Product of Myanmar Partners Think Tank Group (A Sister Publication of Living Color Magazine)**

**Chief Editor** -Tin Aung Kyaw, **Deputy Chief Editor** -Kyaw San Min. **Legal Advisors** - U Hla Sein (Advocate), U Khin Maung Myint
**Editor in Charge** - Aung Soe, **Senior Executive Editor** - Thiri Zaw,
**Foreign Desk** - Aung Kyaw Soe,
**Senior Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin ,
**Editors** -Thant Zin Oo, Hein Myat Soe, Nay Zar Kyaw, Aung Thiha Tun.
**Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han,
**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.
**Senior Reporters** - Aung Htet , Khaing Soe Lin , Sithu Aung Myo Kyaw, Pwint Zin Maw Hein, Thet Shine Thu, Nilar Myint, Zaw Moe Lwin,Si Si Thin Hlaing.
**Reporters** - Khine Cherry Tun, Zeyar Hein, San San Htwe, Thida Swe, Aung Zaw Htoo, Khin Myat Myat Wai, Mya Zarchi Thin.
**Part-time Editors** - Aung Naing Win, Mg Man @ Myo Myint Aung.
**Mandalay Reporters** - Ye Win Naing, Yan Moe Naing, Myat Min, Aye Su Mon, Bhone Nay.
**Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet, Aung Phyo, Cho Thae Kyi, Yan Kaung, Min Min Aung, Slai Yaw Zin, Ma Ma, Khin May San.
**Photographer** - Ye Pyae Zar Ni, Aung Naing, **Advertising** - Ei Mar Lar, Zaw Zaw Aung, **Distribution** - Htet Khaung.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team**- thevoicewebteam@gmail.com, **Website** - www.thevoicemyanmar.com,
**Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080. **Hot Lines** – 09 785555771 **(Newsroom)**, 09 785555772**(Advertising)**, 09 785555773**(Distribution)**
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.



၄ နှစ်ပြည့်အထိမ်းအမှတ် ရွှေဒင်္ဂါးလက်ဆောင်
My Ooredoo app မှ ငွေဖြည့်ပြီး ရွှေဒင်္ဂါးပြားများကို ကံစမ်းလိုက်ပါ
နေ့စဉ် ရွှေဒင်္ဂါးပြား (ငါးမူးသား) ကံထူးရှင် ၄ ယောက်
၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်မှ ၃၁ ရက်နေ့အထိ
ooredoo
ကျေးကျေးနော် မြန်မာ
My Ooredoo app ကို ရယူရန်
*565#
GET IT ON Google Play
Download on the App Store
ooredoo
ပျော်ရွှင်ခံစား အင်တာနက်စွမ်းအား

# ဆီတင်ရထား ဩဂုတ် ၂၅ ရက်တွင် ရန်ကုန်မှ မန္တလေးကို စမ်းသပ်ပြေးမည်

**ရန်ကုန်၊ ဩဂုတ် ၂၃**

ပြည်တွင်းကုန်ပစ္စည်းသယ်ယူပို့ဆောင်ရာတွင် ကုန်ကျစရိတ်လျှော့ချနိုင်ရန် ရည်ရွယ်၍ ဆီတင်ရထားများ ပြေးဆွဲရန် Dry Port စီမံကိန်းကိုစတင်အကောင်အထည်ဖော်သည့်အနေနှင့် ဩဂုတ်လ ၂၅ ရက်တွင် ရန်ကုန် (ကွေ့မဘူတာ)မှ မန္တလေး(မြို့ဟောင်းဘူတာ)ကို ဆီတင်ရထား စမ်းသပ်ပြေးဆွဲမည်ဖြစ်ကြောင်း မြန်မာ့မီးရထား၊ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီမှ အကြီးတန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

“ဆီတင်ရထား အခုဒီလ ၂၅ ရက်မှာ စမ်းသပ်ပြေးဆွဲမယ်။ ကွေ့မဘူတာမှာ ဆီဖြည့်ပြီးမောင်းနှင်မှာဖြစ်တယ်။ အဓိကကတော့ ပြည်တွင်းဆီ သယ်ယူပို့ဆောင်တဲ့အခါ မော်တော်ကားထက် ရထားနဲ့ဆိုတော့ ကုန်ကျစရိတ် ပိုသက်သာတာပေါ့” ဟု ၎င်းက ဆိုသည်။

လက်ရှိတွင် ဆီတင်ရထားတွဲပေါ်များတွင် ဆီဖြည့်ခြင်းကို စစ်ဆေးလျက်ရှိပြီး စမ်းသပ်ပြေးဆွဲမည့် ရလဒ်အဖြေကို စောင့်ကြည့်ကာ စိတ်တိုင်းကျဖြစ်မည်ဆိုပါက မကြာခင်အချိန်တွင် ပုံမှန်ပြေးဆွဲခြင်းကို အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

“ဆီတင်ရထားတွဲ တစ်တွဲမှာ ဂါလန် ၆၄၀၀ ကနေ ၇၄၀၀ အထိ ဖြည့်တင်းလို့ရတယ်။ ဂါလန်ဘယ်လောက်တင်မယ်၊ တစ်လဘယ်နှခေါက်ပြေးမယ်ဆိုတာကို ကုမ္ပဏီနဲ့ အခုညှိနှိုင်းနေတယ်” ဟု ၎င်းက ဆိုသည်။

အဆိုပါ ဆီတင်ရထားပြေးဆွဲရာတွင် တွဲဆိုင်း ၁၁ တွဲနှင့် ဘရိတ်တွဲဆိုင်း တစ်တွဲတို့ကို ချိတ်ဆက်ပြေးဆွဲရန် စီမံထားပြီး ဆီတွဲတစ်တွဲတွင် ပျမ်းမျှဂါလန် ၆၈၀၀ အထိ သယ်ယူနိုင်မည်ဟု ခန့်မှန်းတွက်ချက်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ရန်ကုန်မှမန္တလေးကို ဆီတင်ရထား စမ်းသပ်ပြေးဆွဲခြင်းနှင့်ပတ်သက်၍ မသိသေးကြောင်း Resources Group Logistics ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာတစ်ဦးက ပြောကြားသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့မီးရထားတို့နှင့်အတူ ဆီတင်ရထား ပြေးဆွဲရန် Dry Port စီမံကိန်းကို Resources Group Logistics ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး လောင်စာဆီဈေးနှုန်းကျဆင်းစေရေးနှင့် သယ်ယူပို့ဆောင်ရေးကုန်ကျစရိတ်သက်သာရေးတို့ကို ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း မြန်မာ့မီးရထားထံမှ သိရသည်။

ဆီကုန်တင်ရထားပြေးဆွဲခြင်းလုပ်ငန်းနှင့်ပတ်သက်ပြီး ၂၀၁၅ ခုနှစ်၊ မေလ ၁၄ ရက်က တင်ဒါခေါ်ယူခဲ့ပြီး တင်ဒါအောင်မြင်သည့် Resources Group Logistics ကုမ္ပဏီတို့က ၂၀၁၆ ခုနှစ်၊ မတ်လက လုပ်ငန်းများ စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကာ စာချုပ်သက်တမ်းမှာ နှစ် ၅၀ လုပ်ကိုင်ခွင့်ရှိကြောင်း မြန်မာ့မီးရထားမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြန်မာ့မီးရထားအနေနှင့် လမ်းပိုင်း၊ ဘူတာရုံနှင့်ရထားမောင်းနှင်ခြင်း၊ ပြေးဆွဲခြင်းဆိုင်ရာ နည်းပညာအပိုင်းများကို ပံ့ပိုးသွားမည်ဖြစ်ပြီး ကုမ္ပဏီများမှာ စက်ခေါင်း၊ ကုန်တွဲများ ဝယ်ယူပြေးဆွဲခြင်းလုပ်ငန်းဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

Resources Group Logistics ကုမ္ပဏီအနေနှင့် ရန်ကုန်၊ မန္တလေးလမ်းပိုင်းတွင် ဆီတင်ရထား ပြေးဆွဲမည်ဖြစ်ပြီး ပြည်တွင်းဒေသအသီးသီးကို စက်သုံးဆီ အချိန်မီရောက်ရှိရန် ဖြန့်ဖြူးသွားမည်ဖြစ်ပြီး ဆီဈေးနှုန်းတည်ငြိမ်မှုရှိအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီက တင်ဒါအောင်မြင်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ ■ J-06



ဓာတ်ပုံ - အောင်နိုင်

# ရန်ကုန်မြို့တွင်း ၆ မြို့နယ်တွင် အောက်တိုဘာလမှစ၍ ယာဉ်ရပ်နားခများ ပြန်ကောက်မည်

**ရန်ကုန်၊ ဩဂုတ် ၂၃**

ရန်ကုန်မြို့တွင်း၆ မြို့နယ်အတွင်းရှိ ယာဉ်ရပ်နားကန့်သတ်ဇုန် ၈ ခုတွင် ယာဉ်ရပ်နားခ ကောက်ခံခြင်းလုပ်ငန်းများကို ယခုနှစ်အောက်တိုဘာလမှစတင် ဆောင်ရွက်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယာဉ်ရပ်နားကန့်သတ်ဇုန် ၈ ခုကို လက်ရှိအကြမ်းအားဖြင့် လမ်းမတော်မြို့နယ် အောင်ရတနာလမ်းထိပ်မှ ဗိုလ်တထောင်ဈေးလမ်းအထိ ခွဲထားပြီး လက်ရှိယာဉ်မရပ်နားရလမ်းများနှင့် ယာဉ်ရပ်နားရမည့်လမ်းများကို လက်ရှိ စာရင်းကောက်ယူနေပြီး ယင်းမြို့တွင်း ၆ ခုရှိ ယာဉ်ရပ်နားခ ကောက်ခံခြင်းကို ဈေးပြိုင်တင်ဒါစနစ်ဖြင့် အငှားချထားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

“တင်ဒါတွေကို ဩဂုတ် ၂၄ ရက်က စရောင်းချမယ်။ တင်ဒါတစ်စောင်ကို တစ်သောင်းနဲ့ ဝယ်ယူပြီး အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)ကို လျှောက်ထားနိုင်ပါတယ်။ မြို့တွင်းခြောက်မြို့နယ်မှာ ယာဉ်ရပ်နားခကို အောက်တိုဘာမှာ စကောက်ဖို့စီစဉ်ထားပါတယ်” ဟု အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ယခုလက်ရှိ အထပ်မြင့်ကားပါကင် တည်ဆောက်ထားသည့်နေရာများနှင့် အဆင့်မြင့်ရုပ်ရှင်ရုံတို့တွင် ကားပါကင် ကောက်ခံခွင့် တရားဝင်ခွင့်ပြုထားပြီး အခြားသောနေရာများကို ကောက်ခံမှုရပ်ဆိုင်းထားသည်မှာ ၃ နှစ်ကျော်ရှိပြီဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

“မြို့တွင်းနေရာတွေမှာ ရပ်နားရင် ကားပါကင်ကြေး တစ်စီးကို ကျပ် ၂၀၀ ပေးနေရတယ်။ အခုက ဘယ်သူတွေကောက်ခိုင်းမှန်းလည်း မသိဘူး။ မသိဘဲနဲ့ကို ပေးနေရတယ်။ တရားဝင်ကောက်မယ်ဆိုရင်လည်း အခွန်အခ သက်သာစွာကောက်ဖို့ မျှော်လင့်တယ်။ ဒါမှမဟုတ် ယာဉ်ရပ်နားခကို အများကြီးကောက်ခံရင်တော့ အဆင်မပြေဘူး။ အခွန်အခကောက်သလို လမ်းတွေကိုလည်း နှစ်ရှည်ကောင်းမွန်အောင် ပြုပြင်ပေးဖို့လိုတယ်။ ပြင်လိုက် ပျက်လိုက်ခုကဖြစ်နေတော့ ပြည်သူ့ဘဏ္ဍာတွေ ဆုံးရှုံးတယ်” ဟု လသာမြို့နယ်ရှိ ကိုယ်ပိုင်ယာဉ်မောင်း ဦးထွန်းထွန်းကဆိုသည်။

ယခုလက်ရှိ ရန်ကုန်မြို့ရှိ လူစည်ကားရာ လမ်းဘေးကားပါကင်နေရာများတွင် စည်ပင်သာယာရေးကော်မတီအနေနှင့် မည်သည့်ပုဂ္ဂလိကလုပ်ငန်းကိုမျှ ကားပါကင်ရပ်နားကောက်ခံခွင့် မပြုထားကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားထားသည်။

ယာဉ်ရပ်နားခကောက်ခံခြင်းအတွက် ဈေးပြိုင်တင်ဒါစည်းကမ်းချက်နှင့် လျှောက်လွှာပုံစံများကို ဩဂုတ်လ ၂၄ ရက်မှ စက်တင်ဘာ ၁၄ ရက်အထိ ရောင်းချပေးမည်ဖြစ်ပြီး တင်ဒါများကို စက်တင်ဘာ ၂၀ ရက် မွန်းတည့် ၁၂ နာရီနောက်ဆုံးထားပို့ရမည်ဖြစ်ကြောင်းနှင့် စက်တင်ဘာ ၂၁ ရက်တွင် မြို့တော်ခန်းမ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၌ တင်ဒါရွေးချယ်ပွဲကျင်းပမည်ဖြစ်သည်။

တင်ဒါလျှောက်လွှာပုံစံများကို ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ခန်းမ(ဒုတိယထပ်)၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)တွင် ရုံးချိန်အတွင်း ဝယ်ယူလျှောက်ထားနိုင်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။ ■ J-10

# အကျဉ်းသားများ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ပေးမည့် စံလုပ်ထုံးလုပ်နည်းများစာအုပ် ရေးဆွဲပြီးစီး

**ရန်ကုန်၊ ဩဂုတ် ၂၃**

နိုင်ငံအနှံ့ရှိ သောင်းချီသော အကျဉ်းသားများအတွက် ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ပေးရန် ပြည်ထဲရေးနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့ ပူးပေါင်း၍ အကျဉ်းထောင်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများစာအုပ်ကို ရေးဆွဲထားကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနထံမှ သိရသည်။

အဆိုပါ အကျဉ်းထောင်ကျန်းမာရေးဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများစာအုပ်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့အပါအဝင် UNODC၊ UNAIDS၊ 3MDG Fund တို့၏ ပံ့ပိုးမှုဖြင့် ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သို့သော် အကျဉ်းသားများကို ကျန်းမာရေးစောင့်ရှောက်မှုပေးမည့်အစီအစဉ် အသေးစိတ်ကို ပြောကြားခြင်း မရှိပေ။

“အကျဉ်းသားတိုင်း ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝရအောင်လုပ်မယ်။ HIV/AIDS နဲ့ ကူးစက်ရောဂါတွေဟာ အကျဉ်းထောင်ထဲမှာ တစ်ယောက်စီတစ်ယောက် ပျံ့နှံ့လွယ်တယ်။ ဒါတွေကို ရေရှည်စီမံချက်တွေနဲ့ ထိန်းချုပ်မယ်” ဟု ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တာဝန်ရှိသူက ပြောသည်။

ပြစ်ဒဏ်ကျခံရသူ အကျဉ်းသားများသည် သာမန်ပြည်သူများထက် ရောဂါဖြစ်ပွားနိုင်မှု ပိုများခြင်းကြောင့် ၎င်းတို့ကို ထိခိုက်လွယ်အုပ်စု (Vulnerable group) အဖြစ်သတ်မှတ်၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အလေးပေးဆောင်ရွက်ရန် လိုအပ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနထံမှ သိရသည်။

မြန်မာနိုင်ငံလုံး၌ အကျဉ်းထောင်ပေါင်း ၄၀ ကျော်ရှိရာတွင် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအထိ အကျဉ်းသားပေါင်း ၇ သောင်းကျော်ရှိပြီး အင်းစိန်နှင့် မန္တလေးအကျဉ်းထောင်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုမှာ ကောင်းမွန်သော်လည်း အခြားပြည်နယ်နှင့်တိုင်းရှိ အကျဉ်းထောင်များတွင်မူ ဆေးဝါးအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုပေးမည့် ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးဝန်ထမ်း လိုအပ်ချက် ဖြစ်ပေါ်နေဆဲဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနထံမှ သိရသည်။

အကျဉ်းထောင်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် အကျဉ်းသား၏ ကျန်းမာရေးစောင့်ရှောက်မှုခံစားပိုင်ခွင့်၊ ကျန်းမာရေးဝန်ထမ်းများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်၊ အကျဉ်းကျလူနာများ၏ မိမိကျန်းမာရေးအတွက် ကိုယ်တိုင်ဆုံးဖြတ်နိုင်ခွင့်၊ အကျဉ်းသားများ၏ ကျန်းမာရေး အချက်အလက်များ လုံခြုံစိတ်ချရမှု၊ ကျန်းမာရေးဝန်ထမ်းများ၏ အရည်အသွေးနှင့် ကျွမ်းကျင်မှုတို့သည် အထူးအရေးကြီးကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနထံမှ သိရသည်။ ■ J-17

giz

**Invitation to Bid**

**Solar Street Lamps**

Deutsche Gesellschaft für Internationale Zusammenarbeit (GIZ) GmbH is part of the German Development Cooperation. It is supporting the Myanmar Government in its activities related to sustainable economic development through projects on private sector development, technical and vocational training, banking and financial sector development.

**Requirement Items: Solar Street Lamps – 70 Set**
**Include: Installation service**

**Further Information**
The complete set of tender application documents can be requested under MM-Procurement@giz.de, +959 264 254 273 before 4:00 PM on 31 August 2018.

## News In Brief

### စက်မှုနှင့် သက်မွေးပညာ ရွေ့လျားသင်တန်းပေးမည်

**ရန်ကုန်၊ ဩဂုတ် ၂၃**

ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် သက်မွေးပညာဆိုင်ရာကျွမ်းကျင်မှု မြှင့်တင်ပေးရန်အတွက် Mobile Vocational Training Truck များဖြင့် စက်မှုနှင့် သက်မွေးပညာရွေ့လျားသင်တန်းများကို ကျေးလက်ဒေသများအရောက် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း စက်မှုဝန်ကြီးဌာနထံမှ သိရသည်။

အဆိုပါသင်တန်းများတွင် ဆိုင်ကယ်အင်ဂျင်နှင့် စိုက်ပျိုးရေးလုပ်ငန်းသုံး အင်ဂျင်ငယ်များ ပြုပြင်ထိန်းသိမ်းခြင်းသင်တန်း၊ ဂဟေဆော်သင်တန်း၊ အခြေခံ လျှပ်စစ်ကျွမ်းကျင်မှုဘာသာရပ်သင်တန်းများ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး မြစ်ကြီးနားမြို့၊ မိုးညှင်းမြို့၊ အင်းတော်မြို့၊ မော်လူးမြို့၊ ကန့်ဘလူမြို့နှင့် ရွှေဘိုမြို့တို့တွင် ရွေ့လျားသင်တန်းနှင့် ဟောပြောပွဲများပြုလုပ်ပေးမည်ဖြစ်ကြောင်း ယင်းဝန်ကြီးဌာနထံမှ သိရသည်။ ■ J-11

# Re-Export သကြားဈေး ပြန်ကျ

ရန်ကုန်၊ ဩဂုတ် ၂၃

ဒေါ်လာဈေးနှုန်းများ မြင့်တက်ပြီး နိုင်ငံခြားငွေလဲနှုန်း မတည်ငြိမ်သည့်အတွက် ပြည်ပမှ ဝယ်ယူတင်သွင်းပြီး ပြန်လည်တင်ပို့ခွင့်လိုင်စင် (Re-Export) ထုတ်ပေးမှု ယာယီရပ်ဆိုင်းလိုက်ခြင်းကြောင့် ဈေးနှုန်းမြင့်တက်ခဲ့သည့် Re-Export သကြားဈေး ပြန်လည်ကျဆင်းလာကြောင်း မူဆယ် ၁၀၅ မိုင် ကုန်စည်ဈေးကွက်အတွင်းမှ သိရသည်။

Re-Export လိုင်စင်ပိတ်လိုက်သည့် ဩဂုတ်လ ၁၇ ရက်နောက်ပိုင်းတွင် သကြား ၅၀ ကီလိုတစ်အိတ်လျှင် ယွမ် ၁၉၇ ခန့် (ကျပ် ၄၂၀၀၀ ကျော်) အထိ ဈေးတက်ခဲ့ပြီး ယခုရက်ပိုင်းအတွင်းတွင် ယွမ် ၁၀ ကျော် ဈေးပြန်လည်ကျဆင်းခဲ့ပြီး ၅၀ ကီလိုတစ်အိတ်လျှင် ယွမ် ၁၈၂ ခန့် (ကျပ်လေးသောင်းဝန်းကျင်) သာ ပေါက်ဈေးရှိတော့ကြောင်း မူဆယ် ၁၀၅ မိုင်မှ သကြားကုန်သည်တစ်ဦးက ပြောကြားသည်။

"တရုတ်ဘက်က အဝယ်က ပုံမှန်ပဲ။ လိုင်စင်ပိတ်လိုက်တုန်းက ကုန်သည်တွေက အတင်းဈေးဆွဲတင်ထားတော့ ဈေးလိုက်တက်တာ။ အခုက တရုတ်က ဈေးမပေးတော့ ဈေးပြန်ကျလာတာ" ဟု ၎င်းကရှင်းပြပြောဆိုသည်။

သကြား Re- Export တင်ပို့ခွင့် လိုင်စင်အသစ်လျှောက်ထားမှုများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဩဂုတ်လ ၁၇ ရက်နေ့မှ စတင်ပြီး ယာယီပိတ်လိုက်ပြီး ယခင်က ခွင့်ပြုပေးထားသည့်ပါမစ်များကို ဆက်လက်တင်သွင်းခွင့်ပြုလိုက်ခြင်းကြောင့် ယင်းရက်ပိုင်းအတွင်းက သကြား ၅၀ ကီလိုတစ်အိတ်လျှင် ယွမ် ၂၂ ခန့် (ကျပ် ၄၇၀၀ ကျော်) အထိ မြင့်တက်ခဲ့သည်။

လတ်တလောတွင် Re- Export ပါမစ်ဖြင့် တင်သွင်းခွင့်ပြုထားသည့် သကြား တန်ချိန် ၇ သိန်းမှ ၈ သိန်းဝန်းကျင်ကြား ရှိနေပြီး လက်ရှိ၌ ပြည်ပသို့ သကြားတန်ချိန် ၃ သိန်းခန့် ပြန်လည်တင်ပို့ထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။ ■J-01

# ပြည်ပသို့ ပဲမျိုးစုံတန်ချိန် ခြောက်သိန်းကျော်တင်ပို့

ရန်ကုန်၊ ဩဂုတ် ၂၃

ပြည်ပနိုင်ငံများသို့ ပဲမျိုးစုံတင်ပို့မှု အနေနှင့် ၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ဩဂုတ်လလယ်အထိ ပဲမျိုးစုံတန်ချိန် ခြောက်သိန်းကျော် တင်ပို့ထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနထံမှ သိရသည်။

"ပဲက ဈေးကွက်လိုအပ်ချက်အပေါ် မူတည်ပြီး ရောင်းရတဲ့အတွက် သတ်မှတ်ချက်မပြည့်လည်း ဈေးကျနေရင် မရောင်းဘဲ ကိုင်ထားတာ ပိုကောင်းတယ်။ ပဲက သုံးနှစ်အထိ ထားလို့ရတယ်။ ဒီနှစ်တန်ချိန်တစ်သန်း မပြည့်လည်း ပြဿနာမရှိဘူး။ မရှုံးဖို့ပဲ အဓိက" ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က ပြောကြားသည်။

လက်ရှိတွင် ပဲဈေးနှုန်းများ ကျဆင်းနေသည့်အတွက် ပဲကုန်သည်များ၊ တောင်သူများအနေနှင့် အကျဈေးနှင့်မရောင်းချဘဲ လက်ဝယ်ရှိသည့်ပဲများကိုသိုလှောင်ထားသင့်ပြီး ယခင်နှစ်များက ပြည်ပသို့ပဲမျိုးစုံတန်ချိန် တစ်သန်းကျော် ပုံမှန်တင်ပို့နိုင်ခဲ့သော်လည်း ပဲပြည်ပတင်ပို့သည့် ဈေးနှုန်းရရှိမှု လျော့ကျသွားသောကြောင့် တန်ချိန်ခြောက်သိန်းကျော်သာ တင်ပို့နိုင်ခြင်းဖြစ်သည်။

"ကျွန်တော်တို့နိုင်ငံက နှစ်စဉ် ပဲမျိုးစုံ တန်ချိန် တစ်သန်းကနေ တစ်သန်းခွဲကြားကို ထုတ်လုပ်ပါတယ်။ သဘာဝဓာတ်ငွေ့ တင်ပို့မှု ဝင်ငွေပြီးရင် သကြားက နိုင်ငံခြားဝင်ငွေအများဆုံးပါ။ အိန္ဒိယက မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းတင်သွင်းမှု ကန့်သတ်ပြီးတဲ့နောက် ပို့ကုန်ပမာဏရော၊ ဈေးနှုန်းရော များစွာ ကျဆင်းခဲ့ပါတယ်" ဟု မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးထွန်းလွင်က ပြောကြားသည်။

လက်ရှိပြည်တွင်းတွင် မတ်ပဲ (FAQ) တစ်တန်လျှင် ယခင်ကဈေးအောက် ကျပ်တစ်သောင်းခန့်၊ မတ်ပဲ (SQ) တစ်တန်လျှင် ကျပ်တစ်သောင်းကျော်နှင့် ပဲစင်းငုံတစ်တန်လျှင် တစ်သောင်းခွဲကျော် ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း ဘုရင့်နောင်ပဲဈေးကွက်အတွင်းမှ သိရသည်။

မြန်မာနိုင်ငံ၏ပဲတင်ပို့မှုမှာ နှစ်စဉ်တန်ချိန် ၁ သန်းမှ ၁ ဒသမ ၂ သန်းအထိ အများဆုံးတင်ပို့နိုင်ပြီး တင်ပို့ငွေ အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော်အထိ ရရှိနေခြင်းဖြစ်ကာ ၂၀၁၇ ခုနှစ်မှစ၍ အိန္ဒိယနိုင်ငံမှ ပဲတင်သွင်းမှုကန့်သတ်လိုက်ခြင်းကြောင့် ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် တန်ချိန်တစ်သန်းတင်ပို့နိုင်သော်လည်း ပဲဈေးနှုန်းများ ကျဆင်းမှုကြောင့် တင်ပို့ငွေအမေရိကန်ဒေါ်လာသန်း ၇၀၀ သာ ရရှိတော့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်က ပြောကြားထားသည်။ ■ J-11

## ဩဂုတ်လ ၂၃ ရက်နေ့ စတော့အိတ်ချိန်း ဈေးကွက်အခြေအနေ

| Name | Opening Price | 10(AM) Price | 11(AM) Price | 12(AM) Price | 1(PM) Price | Change | Trading Shares | Trading Value (MMK) |
|---|---|---|---|---|---|---|---|---|
| FMI | - | - | - | - | - | - | - | - |
| MTSH | 2850 | 2850 | 2900 | 2850 | 2850 | - | 7830 | 22,493,250 |
| MCB | 7700 | 7700 | 7700 | 7600 | 7600 | -100 | 75 | 570,000 |
| FPB | 24500 | 24500 | 24500 | 24500 | 24500 | - | 0 | 0 |
| TMH | 2850 | 2850 | 2800 | 2850 | 2850 | - | 401 | 1,136,350 |

# ဟောင်ကောင်ကုန်စည်ပြပွဲ၌ မြန်မာကုန်သည်များပါဝင်ရန် ဖိတ်ခေါ်

ရန်ကုန်၊ ဩဂုတ် ၂၃

ဟောင်ကောင်မြို့တွင် နိုင်ငံပေါင်း ၃၀ မှ လာရောက်ပြသမည့် ကုန်စည်ပြပွဲကိုအောက်တိုဘာလအတွင်း နှစ်ကြိမ်ကျင်းပမည်ဖြစ်ရာ မြန်မာကုန်သည်များ ပါဝင်ပြသရန်နှင့် လေ့လာရန် ဖိတ်ခေါ်ထားကြောင်း ယင်းပွဲဦးစီးသည့် Comasia Limited ထံမှ သိရသည်။

ယင်းကုန်စည်ပြပွဲကြီးကိုဟောင်ကောင်မြို့တွင် အောက်တိုဘာလ ၂၀ ရက်နေ့မှ ၂၃ ရက်နေ့အထိလည်းကောင်း၊ အောက်တိုဘာလ ၂၇ ရက်နေ့မှ ၂၉ ရက်နေ့အထိလည်းကောင်း နှစ်ကြိမ်ခွဲပြီး ကျင်းပမည်ဖြစ်သည်။

အိမ်တွင်းနှင့် မီးဖိုချောင်သုံးပစ္စည်းများ၊ ကစားစရာအရုပ်၊ ဂိမ်းပြိုင်ပွဲများ၊ ရာသီအလိုက်ပွဲတော်နှင့် ခရစ္စမတ်ပွဲတော်တို့အတွက် ဆက်စပ်ပစ္စည်းများကို ပထမအကြိမ်ပြပွဲတွင် ပါဝင်မည်ဖြစ်ပြီး ဒုတိယနေ့တွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းတို့၏ ဆက်စပ်အသုံးအဆောင်ပစ္စည်းများ၊ စာရေးကိရိယာများ၊ ရေချိုးခန်းနှင့် သန့်ရှင်းရေးဆက်စပ်ကုန်ပစ္စည်းများ စသည်တို့ကို ခင်းကျင်းပြသမည် ဖြစ်သည်။ ■ J- 05

FEDERATION OF MYANMAR MCEA

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်
စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေ(Condominium Law)အား
လက်တွေ့အကောင်အထည်ဖော်ဆောင်နိုင်ရေး ရှင်းလင်းတင်ပြပွဲ ဖိတ်ကြားလွှာ

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် (Federation of MCEA)မှ ကြီးမှူးကျင်းပမည့် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေ(Condominium Law) အား လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ရှင်းလင်းတင်ပြပွဲနှင့် ယနေ့ခေတ် ဆောက်လုပ်ရေးလောကတွင် တွေ့ကြုံနေရသော စိန်ခေါ်မှုများနှင့် ပတ်သက်သော ဆွေးနွေးပွဲ စကားဝိုင်း (Panel Discussion) သို့ အသင်းဝင်များ၊ အသင်းဝင်မဟုတ်သူများ၊ ဆောက်လုပ်ရေးလောကနှင့် ဆက်နွယ်ပတ်သက်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ နှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။ Panel Discussion သို့ အောက်ဖော်ပြပါ လူကြီးမင်းများ ပါဝင်ဆွေးနွေးမည်ဖြစ်ပါသည်။

၁။ ဦးတင်မောင်ဝင်း (ဥက္ကဋ္ဌ)ပြည်သူ့လွှတ်တော်၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေးနှင့် ဆောက်လုပ်ရေးကော်မတီ
၂။ ဦးကိုကိုဆွေ၊ နာယက၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်၊ ဥက္ကဋ္ဌ၊ ဆော်ဝင်မိသားစု ကုမ္ပဏီလီမိတက်
၃။ ဦးမျိုးမြင့် အထွေထွေအတွင်းရေးမှူးချုပ်၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်
Managing Director, MKT Construction Co.,Ltd
၄။ ဦးမောင်စိတ် ဗဟိုအလုပ်အမှုဆောင်၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်၊ ဥက္ကဋ္ဌ၊ [illegible] ကုမ္ပဏီလီမိတက်
၅။ ဦးကျော်နိုင်ဦး ဗဟိုအလုပ်အမှုဆောင်၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်
Naing Group Holding Co.,Ltd . Founder and Executive Chairman

အစီအစဉ်
နေ့ရက် - (၂၆-၈-၂၀၁၈)တနင်္ဂနွေနေ့
အချိန် - နံနက်(၉း၀၀) နာရီမှ နေ့လည်(၁၂း၀၀)နာရီထိ
နေရာ - Pan Pacific Hotel(Ballroom)
ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရွှေဘုံသာလမ်းထောင့်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

ဆက်သွယ်စုံစမ်းရန်
Phone: 01-560725,0973066488,09-443066488
Email: admin@mceamyanmar.org
mcea 1996@gmail.com

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်

(ယမန်နေ့မှ အဆက်)

# ရမ်းသန်းထင်မြင်မှုများကို ပယ်ရှား၊ ဆက်ဆံရေးထူထောင်ကာ 'ဝ' တပ်မတော်နှင့် ချိတ်ဆက်ညှိနှိုင်းခြင်း

**Tea Circle Oxford တွင် Andrew Ong ၏ လေ့လာရေးသားချက်ကို သန့်ဇင်စိုး ဘာသာပြန်သည်။**

(ဆောင်းပါးပါ အတွေးအမြင်များသည် မူရင်းရေးသားသူ၏ အာဘော်ဖြစ်ပြီး The Voice Daily ၏ အာဘော်မဟုတ်ကြောင်း ဖော်ပြအပ်ပါသည်။)



## ခပ်ချွချွထားခြင်း

၂၀၁၆ ခုနှစ်တွင် 'ဝ' နယ်မြေသို့ BBC ၏ ခရီးစဉ်အပြီး၌ သုံးသပ်ဖော်ပြထားရာတွင် "'ဝ'သည် ပြည်တွင်းနှင့် နိုင်ငံတကာဥပဒေများလက်လှမ်းမမီရာ နေရာဖြစ်ပြီး သူတို့စိတ်ထင်သလို လုပ်နေကြကာ အပြောင်းအလဲကို မလိုလားကြပေ" ဟူ၍ ရေးထားသည်။ ယင်းသို့ပေ့ါပေ့ါတန်တန် သတ်မှတ်သဘောထားလိုက်ခြင်းကြောင့် UWSA သည် အများနှင့် ဝေးကွာ၊ ခေါင်းမာ၊ အမြင်ကျဉ်း၊ နိုင်ငံရေးမဟာဗျူဟာကင်းမဲ့သူများအဖြစ် သရုပ်ဖော်လိုက်သကဲ့သို့ ရှိပေသည်။ UWSA သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ 'ဝ' ပြည်နယ်ကို တောင်းထားပြီး ခွဲထွက်ရေး သို့မဟုတ် လွတ်လပ်ရေးကို တောင်းဆိုခြင်းမရှိပေ။ ဗမာစာ၊ တရုတ်စာ နှင့် အင်္ဂလိပ်စာတို့အကြား ဘာသာပြန်အလွဲများကြောင့် ကိုယ်ပိုင်ပြဋ္ဌာန်းခြင်း၊ လွတ်လပ်ရေး ၊ နိုင်ငံတော်နှင့် ဖက်ဒရယ်စနစ် စသည့် နိုင်ငံရေးဝေါဟာရများအကြား နားလည်မှုလွဲခြင်းများ ရှိလာသည်။ သို့ဖြင့် လိုလားမှုများနှင့် ပတ်သက်၍ မသေချာမရေရာမှုများ ရှိလာရသည်။

UWSA ၏ ပါဝင်ဆောင်ရွက်မှုများကို ၎င်း အပေါ်ထားရှိသည့် ဆွေးနွေးဘက်များ၏ နားလည်သိရှိထားမှု နည်းပါးခြင်းက သက်ရောက်မှုများစွာ ရှိပါသည်။ ၂၀၁၅ မတိုင်ခင်အထိ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများနှင့် ဝေးရာတွင် နေခဲ့ခြင်းမှာ မြန်မာအစိုးရက ၎င်းတို့ကို အသုံးပြု၍ အခြားအင်အားနည်း EAO များကို ဖိအားပေးကာ စားပွဲဝိုင်းသို့ ခေါ်ဆောင်မည့်အရေးတွင် အသုံးချမခံလိုသောကြောင့် ဖြစ်သည်ဟုဆိုသည်။ ပါဝင်သူတိုင်း ကိုယ်ပိုင်ဆန္ဒဖြင့် ပါဝင်နိုင်စေခြင်းမူဝါဒဖြစ်သည်။ 'ဝ' ၏ NCA လက်မှတ်ရေးထိုးလိုခြင်းအကြောင်း မကြာခဏ ကောလာဟလများ ထွက်လာရာ ၎င်းတို့မဟာမိတ်များအကြား နားလည်မှုရှုပ်ထွေးခြင်းများ ဖြစ်ခဲ့ရာ FPNCC လက်အောက်မှ ညီညွတ်သော ရပ်တည်ချက်တစ်ခု ဖန်တီးရေး ဖြစ်လာခဲ့သည်။

UWSA သည် စစ်ရေးအရ အင်အားကြီးသော်လည်း နိုင်ငံရေးအရ အားမကောင်းကာ သီးခြားရပ်တည်လိုသူများဟု မဟာမိတ်များက မြင်ခဲ့ကြသည်။ သို့သော် မြန်မာအစိုးရ၏ ဖိအားပေးမှုများကို ကြံ့ကြံ့ခံနိုင်ခဲ့ပြီးနောက်တွင် ယင်းအမြင်များက ချီးကျူးအလေးထားခြင်းဘက်သို့ပြောင်းလာကြသည်ဟု မြင်ရသည်။ တကယ်တမ်းတွင် ပြောင်းလဲမှုအနည်းငယ်သာ ရှိသည်။ UWSA 'ဝ' တပ်၏ အပစ်အခတ်ရပ်စဲရေးဆိုင်ရာအနေအထားသည် ပုံမှန်အတိုင်း ဆက်ရှိနေသည်။ နှစ်ဖက်သဘောတူ အပစ်အခတ်ရပ်စဲရေးရှိနေပြီးသားဖြစ်ပြီး နောက်ထပ် လက်မှတ်ထိုးရမည့်ကိစ္စမှာ အဓိပ္ပာယ်မရှိဟု 'ဝ' များက မကြာခဏပြောကြသည်။ မှန်ကန်သော အခြေအနေများတွင် သဘောတူညီမှုရယူလိုသောစိတ်ပါဝင်စားမှုရှိသည်ကိုတော့ ၂၀၁၁ ခုနှစ်တွင် စစ်တပ်ထောက်ခံသော အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး ပြန်လည်လက်မှတ်ရေးထိုးခဲ့ခြင်းမျိုးတွင် တွေ့နိုင်သည်။

ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်ပြီး နှုတ်နည်းနေခြင်းကိုစိတ်ပါဝင်စားခြင်းမရှိဟု အဓိပ္ပာယ်ကောက်၍ မဖြစ်နိုင်ပါ။ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ NCA လက်ခံရေးရပ်တည်ပြောဆိုချက်နှင့် ပတ်သက်၍ UWSA ၏ပြင်ပဆက်ဆံရေးဆိုင်ရာဌာန အကြီးအကဲက ပြန်လည်ပြောဆိုသည်မှာ "ဒါက ပြဿနာ မဟုတ်ပါဘူး။ သူ့မှာ သူ့ရပ်တည်ချက်ရှိမှာပဲ။ ကျွန်တော်တို့မှာလည်း ကျွန်တော်တို့ ရပ်တည်ချက်ရှိပါတယ်။ ရပ်တည်ချက်တူနေရင် ပဋိပက္ခ ဘယ်ရှိပ့ါမလဲ။ ဒါက မထူးဆန်းပါဘူး။ ကျွန်တော်တို့ မကြာခဏ တွေ့မှာဖြစ်ပြီးတော့ အဖြေရရှိရေးအတွက် အနာဂတ်မှာ ဆွေးနွေးကြမှာ ဖြစ်ပါတယ်" ဟူ၍ ဖြစ်သည်။ ဆွေးနွေးပွဲများသို့ အလျင်လိုလို မတက်လိုကြောင်း UWSA ကငြင်းဆန်ထားခဲ့ရာ စိတ်ပါဝင်စားမှု မရှိသကဲ့သို့ ဖြစ်နေချေသည်။ သို့သော် ယင်းသို့ အလျင်မလိုခြင်းသည် သဘောတူညီမှု ရရှိရေးအတွက် စိတ်ပါဝင်စားမှု မရှိခြင်းဟု မဆိုအပ်ဘဲ သင့်တင့်မှန်ကန်သော အခြေအနေကိုလိုလားခြင်းဟု ဆိုရမည်။

## UWSA ၏ ၎င်းတို့ကိုယ် ၎င်းတို့ ရှုမြင်ပုံ

အထက်ဖော်ပြပါ ပြုမူဆောင်ရွက်ပုံများသည် UWSA က ၎င်းတို့ကိုယ် ၎င်းတို့ ရှုမြင်ထားချက်ဖြစ်သော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိ၊ ကိုယ့်အားကိုယ်ကိုး၊ ရပ်တည်ချက်ခိုင်မာပြီး သွေးစည်းညီညွတ်ခြင်း ဆိုသည်တို့နှင့် အံကိုက်ဖြစ်လျက်ရှိသည်။ Phoenix News သတင်းဌာနက ဘိန်းဘုရင်ဟောင်းခွန်ဆာနှင့် အင်တာဗျူးပြုလုပ်ခဲ့ရာတွင် UWSA ဥက္ကဋ္ဌ ပေါက်ယူချန်းအကြောင်းကိုဖြေကြားရာ၌ ၎င်းသည် စီးပွားရေးသမားတစ်ဦးဖြစ်ပြီး ရေကဲ့သို့သူစီးဆင်းလိုရာနေရာသို့စီးဆင်းသွားသည်ဟု ပြောခဲ့ဖူးသည်။ ထိုအခြေအနေနှင့် ဆန့်ကျင်စွာပင် UWSA ကိုတော့ ခွန်ဆာက မလှုပ်ရှားသော ကျောက်ဆောင်ဟု ခိုင်းနှိုင်းခဲ့သည်။

သူတို့ကိုယ် သူတို့ သတ်မှတ်ချက်များတွင် ဘယ်လိုင်သဘောထားမတူညီမှုများ ရှိနေပေသော်ငြား ပထမဆုံး ကျည်စဖောက်သည်မှာတော့ သူတို့ မဖြစ်စေရဟု UWSA က ဆိုထားသည်။ ကတိကဝတ်ကို တန်ဖိုးထားသည့်အတွက်လည်း ခေါင်းဆောင်များက ဂုဏ်ယူကြသည်။ 'ဝ' နယ်မြေတွင် ဘိန်းစိုက်မှုကို ပိတ်ပင်လိုက်ပြီးနောက် ဘိန်းများ ဆက်လက်စိုက်ပျိုးနေလျှင် သူ့ခေါင်းကို ကိုယ်တိုင်ဖြတ်ပစ်ပြမည်ဟု ဥက္ကဋ္ဌပေါက်က ပြောကြားခဲ့ဖူးသည်။ ကတိကဝတ်ကို ဂုဏ်ယူကြလေ့ရှိသဖြင့် တစ်ခါတလေ မတည်နိုင်မည်စိုးသဖြင့် သဘောတူညီမှု မပေးဘဲနေကြသည်။ ထိုကဲ့သို့သော အချိန်မျိုးတွင် ဝင်မပါတော့ခြင်း သို့မဟုတ် တိတ်တိတ်နေခြင်းတို့ကို သူတို့က ဦးစားပေး တတ်သည်။

ကိုယ့်အားကိုယ်ကိုးခြင်းကို UWSA က ၎င်းတို့ လိုလားသော ပုံရိပ်၏ ဗဟိုချက်အဖြစ် သဘောထားကြသည်။ သဘောတူညီချက်များကို လက်မှတ်ရေးထိုးရန် ကိစ္စကို အကျပ်ကိုင်လာမှုများကို ငြင်းဆန်တတ်သည်။ UWSA သည် ၎င်းတို့ထောက်ပို့လမ်းကြောင်းများ၊ အဓိကနေရာများကိုကာကွယ်ပြီး မဟာဗျူဟာမြောက် အကျိုးစီးပွားများကို အကာအကွယ်ပြုကြသည်။ 'ဝ' နယ်မြေမြောက်ပိုင်းနှင့် တောင်ပိုင်းနယ်ခြားဒေသများတွင် သဘောထားကွဲလွဲမှုများ၊ ရှေ့မတိုးသာ နောက် မဆုတ်သာ အခြေအနေများ ကြုံရသော်လည်း အကြီးအကျယ် ထချခြင်းများတော့ မဖြစ်ခဲ့ပေ။ ယင်းနယ်မြေများကို ခြိမ်းခြောက်လာမှုများသည် ပဋိပက္ခ ပြန်ဖြစ်ရန်အတွက် မီးပွားဖြစ်ဖွယ် ရှိသည်။ သို့သော် တစ်ဖက်တွင် တိုက်ခိုက်မှုများ ပြန်လည်ဖြစ်ပွားမည်ကို ကာကွယ်ရှောင်ရှားထားနိုင်သည်။

၁၉၇၀၊ ၁၉၈၀ ကာလများက ဗမာပြည်ကွန်မြူနစ်ပါတီလက်အောက်တွင်ရှိစဉ် ကြုံတွေ့ခဲ့သော စစ်ရေးအခြေအနေများ၊ ၁၉၉၀ ကာလများတွင် ခွန်ဆာနှင့် တိုက်ခိုက်မှုများမှ ထိခိုက်သေကျေခဲ့မှုများကို UWSA ခေါင်းဆောင်များက ပြန်လည်ပြောကြားကြရင်း နယ်မြေစိုးမိုးမှုကို ထိန်းထားရခက်ခဲပုံကို ဆိုထားကြသည်။ သူတို့သည် စစ်ပွဲသို့ ပြန်မသွားချင်တော့သလို၊ နယ်မြေချဲ့ထွင်ရန်လည်း မလိုလားပေ။

UWSA သည် တပ်တွင်းညီညွတ်မှုကိုဂုဏ်ယူပြောဆိုလေ့ရှိပြီး အုပ်စုဖွဲ့အလေ့အထကို ရှောင်ကြဉ်ကြသည်။ အမိန့်လေးစားမှု၊ တစ်သမတ်တည်းရှိမှုနှင့် ရိုးသားတည်ကြည်မှု စသည့် တညီတညွတ်တည်း ရပ်တည်ကြသည်ကိုဂုဏ်ယူကြသော်လည်း စောင့်ကြည့်လေ့လာသူများက ထိုအရာကို ခေါင်းမာအမြင်ကျဉ်းမှုဟုနားလည်ကြသည်။ ယင်းသို့သော အခြေခံအကောက်အယူဖြင့် UWSA သည် ငြိမ်းချမ်းရေးဆွေးနွေးမှုကို ထိပ်သီးများမှတစ်ဆင့် အောက်ခြေသို့ ချဉ်းကပ်မှုပုံစံ တင်ပြရပ်ခံခဲ့ပြီး ပိုမိုအများလက်ခံသည့် အောက်ခြေမှ တက်သည့် ပုံစံကြောင့် ပယ်ချမှုများရှိခဲ့သည်။ တတိယအကြိမ်မြောက် UPC အပြီးတွင် ပိုမိုကျဉ်းမြောင်းသည့် ထိပ်ပိုင်းအဆင့်ဆွေးနွေးပွဲများ ပေါ်ပေါက်သင့်သည်ဟု ပြောလာမှုများရှိလာသည်။

'ဝ' ဒေသ၏ ပါဝါ ဆိုသောသဘောတရားမှာ ပေးကမ်းထောက်ပံ့ခြင်းနှင့် ရက်ရောခြင်းတို့မှလာခြင်း ဖြစ်သည်။ အစိုးရ၏ အာဏာပိုင်မှုကို UWSA က လေးစားစေလိုလျှင် အစိုးရကလည်း ၎င်း၏ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးရာတွင် အခြေခံကျသော ရိုးသားမှုကို ပြသရန်လိုသည်။ အချို့သောလိုလားမှုများသည် သေးငယ်သော်လည်း ယင်းတို့ကို ပြည့်မီအောင် ဆောင်ရွက်ပေးရန် ပျက်ကွက်နေခြင်းတို့သည် အားလျော့စေပါသည်။ ဥပမာ - 'ဝ' ဒေသနေ ပြည်သူများအတွက် မှတ်ပုံတင်ကတ် ပြုလုပ်ပေးရန် UWSA က ကာလရှည်ကြာတောင်းဆိုနေခဲ့သည်။ ထိုကိစ္စကို ပြည့်ဝစွာ မဆောင်ရွက်ပေးနိုင်ခဲ့ပေ။ မြန်မာ့လူဝင်မှုကြီးကြပ်ရေးဌာနက ၂၀၁၅ ခုနှစ်တွင် မှတ်ပုံတင် ၁၅၀ သာထုတ်ပေးနိုင်ခဲ့သည်။ ယင်းသို့သော လိုလားပြည့်ဝခြင်းကင်းမဲ့မှုက 'ဝ' ပြည်သူများအကြား ဒီဘက်ကိုမလေးစားလိုခြင်းတို့တိုးပွားလာစေပါသည်။

## UWSA နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း

လေ့လာသူ ယွန်ဆွန်း၏ သုံးသပ်ချက်အရ မြန်မာအစိုးရနှင့် 'ဝ' တို့အကြား အမျိုးသားပြန်လည်သင့်မြတ်စေရေးတွင် အဓိကအခက်အခဲများမှာ 'ဝ' ပြည်နယ် တည်ထောင်ရေးကိစ္စနှင့် ထိုင်းနယ်စပ်ရှိ 'ဝ' နယ်မြေများအရေး ဖြစ်သည်။ စစ်အင်အား သုံးသောင်းရှိပြီး FPNCC ၏ ဦးစီးဦးဆောင်နေရာ ရထားပြီးဖြစ်ရာ နိုင်ငံရေးအဖြေရှာရာတွင် UWSA ကို ဖယ်ထား၍ မရဘဲ သူတို့ကလည်း နယ်မြေစိုးမိုးမှုကိုလည်း လွယ်လင့်တကူ စွန့်လွှတ်လိုက်မည် မဟုတ်ပေ။

ပထမခြေလှမ်းအဖြစ် သံလွင်မြစ် တစ်ဖက်တစ်ချက် ဆက်ဆံရေးထူထောင်ရန်အတွက် နယ်ပယ်ကိုရှာဖွေရန် လိုအပ်သည်။ ထိုနေရာတွင် နိုင်ငံတကာ အသိုင်းအဝိုင်းသည် အရေးပါသော အစိတ်အပိုင်းမှ ပါဝင်သင့်ပါဝင်ထိုက်ပါသည်။ UWSA သည် ဖွံ့ဖြိုးရေး အကူအညီ၊ နည်းပညာအထောက်အပံ့တို့အတွက် စဉ်ဆက်မပြတ် ရပ်ခံပြောဆိုခဲ့သည်။ 'ဝ' တို့သည် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးတည်ဆောက်ရေးနှင့် ပဋိပက္ခ စီမံခန့်ခွဲရေးတို့ကို ဟန်ပြသက်သက်မဟုတ်ဘဲ လုပ်ဆောင်ခဲ့ပါလျှင် နိုင်ငံတကာအဖွဲ့အစည်းများအနေနှင့် 'ဝ' နယ်မြေအတွင်းသို့ ဖွံ့ဖြိုးရေးဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်မှုများ ဖော်ဆောင်သင့်သည်။

၁၉၉၀ ကာလများအတွင်းက ဖွံ့ဖြိုးရေးအဖွဲ့အစည်းများသည် ဘိန်းအစားထိုးစီမံကိန်းများအတွက် 'ဝ' နယ်မြေအတွင်း အလုပ်လုပ်ခဲ့ကြသည်။ ၂၀၀၅ ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှုကို 'ဝ' တပ်ဖွဲ့က ပိတ်ပင်ခဲ့ပြီးနောက် နိုင်ငံတကာအဖွဲ့အစည်းများက စားနပ်ရိက္ခာလုံခြုံရေးနှင့် သက်မွေးဝမ်းကျောင်း ထောက်ပံ့မှုများ ပေးအပ်ခဲ့သည်။ ၂၀၁၀ တွင် ယင်းလုပ်ငန်းများ အထွတ်အထိပ်သို့ရောက်ခဲ့ပြီး 'ဝ' နယ်မြေအတွင်းအဖွဲ့အစည်းကိုးခု အလုပ်လုပ် လည်ပတ်ခဲ့သည်။ ၂၀၀၉ ကိုးကန့် အကျပ်အတည်း ၊ တပ်မတော်၏ နယ်ခြားစောင့်တပ်သွတ်သွင်းမှုနှင့် ဘဏ္ဍာရေးဆိုင်ရာ အလေးပေးမှုများ ပြောင်းသွားခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် အဖွဲ့အစည်းသုံးခု ပြန်ထွက်သွားခဲ့သည်။ UWSA အတွက်မူ ယင်းသို့ တင်ပြရပ်ခံမှုများကို နားထောင်မည့်သူမရှိ ဖြစ်နေသည်။ "သူတို့နဲ့ ဘယ်လိုအလုပ်လုပ်ရမယ်ဆိုတာကို ကျွန်တော်တို့စတင်လေ့လာလည်း ပြီးရော သူတို့က ပြန်ထွက်သွားရော" ဟု 'ဝ' ဘက်က ဆိုထားသည်။

ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့သည် ၂၀၀၄ ကတည်းက 'ဝ' နယ်မြေတွင် စားနပ်ရိက္ခာဖူလုံရေးကိစ္စကို ဆောင်ရွက်ခဲ့ပြီး ရန်ပုံငွေနည်းခြင်း၊ အခြားဦးစားပေးများသို့ ပြောင်းသွားခြင်းတို့ကြောင့် လုပ်ငန်းပမာဏကို နောက်ပိုင်းလျှော့ချခဲ့သည်။ ရိက္ခာတန်ထောင်ပေါင်းများစွာ စားနပ်ရိက္ခာ နှစ်စဉ်ဖြန့်ချိခြင်းမှသည် ယခုအခါ 'ဝ' ဒေသတွင်း ကျောင်း ၄၀၀ အနက် ကျောင်း ၁၃၀ လောက်ကို ကျောင်းတွင်းအာဟာရ ချက်ပြုတ်ကျွေးမွေးသည့် အစီအစဉ်သာ ဆောင်ရွက်တော့သည်။ Malteser International နှင့် Health Poverty Action တို့က ပန်ခန်းတွင် ဆေးခန်းများဖွင့်ပေး ထားပြီး ဒေသတွင်းလှုပ်ရှားဆောင်ရွက်မှုများ ရှိသည်။ ၎င်းတို့သည် UWSA နယ်မြေတွင် ကျန်ခဲ့သော လက်ကျန်အချိတ်အဆက်များထဲမှ တစ်ခုဖြစ်သည်။ ၂၀၁၄ ကတည်းက အခြားသောအဖွဲ့အစည်းများက လာရောက်ကာ အခြေအနေလေ့လာ၊ ကိန်းဂဏန်းကောက်ယူ၊ တိုင်းတာကွင်းဆင်း ၊ စီမံချက်များအဆိုပြု၊ သတင်းအချက်အလက်စုဆောင်း၊ လက်ဆွဲနှုတ်ဆက်သွားကြပြီး ပြန်မလာကြတော့ပေ။ UWSA အတွက် နားလည်ရ ခက်ခဲနေသည်။

'ဝ' နယ်မြေရှိ ပြည်သူများမှာ ဆင်းရဲနေဆဲဖြစ်သည်။ ကာလနှင့် တစ်ပြေးညီဖြစ်ပြီး ယုံကြည်ရသော ကိန်းဂဏန်းစာရင်းများ မရှိခြင်းကြောင့် ဖွံ့ဖြိုးရေးရှေ့ဆောင်အဖွဲ့အစည်းများက ဘေးဖယ်ထားပြီး စဉ်းစားကြခြင်း ဖြစ်သည်။ စားနပ်ရိက္ခာဖူလုံရေးက မြို့များတွင် ၆လ မှ ၉ လစာအထိရှိပြီးကျန်းမာရေး၊ ပညာရေးညွှန်ကိန်းများက သိပ်မကောင်းပေ။ ပထမတန်းနှင့် ဆဋ္ဌမတန်းကြား ကျောင်းထွက်နှုန်းက ၉၂ ရာခိုင်နှုန်းရှိသည်။ ၂၀၁၄ သန်းခေါင်စာရင်းအရ မည်သည့် ဘာသာစာပေကိုမဆို စာတတ်မြောက်နှုန်းက ၂၂ ဒသမ ၅ ရာခိုင်နှုန်းသာ ရှိသည်။

ဖွံ့ဖြိုးရေးလောကသားအများအပြားကလည်း 'ဝ' နယ်မြေသို့ ဆက်သွယ်ဆောင်ရွက်ခြင်းသည် လုံခြုံရေးအရ ကန့်သတ်ခြင်းများ၊ သယ်ယူပို့ဆောင်ရေး ခက်ခဲခြင်းကြောင့် စီမံကိန်းများ ကုန်ကျစရိတ်မြင့်ခြင်း၊ ဘက်ပေါင်းစုံရေရှည်တည်တံ့သော ဆောင်ရွက်မှုများအတွက် လက်တွဲဖက်မရှိခြင်း ၊ UWSA နှင့် အလုပ်တွဲလုပ်ရခက်ခဲခြင်း စသည်တို့ရှိကြောင်း ဆိုသည်။ ပို၍ အရေးကြီးသည်မှာကား နိုင်ငံရေးအရ စွန့်စားမှု ယူရခြင်း မြင့်မားခြင်းကြောင့် ဖြစ်သည်။ ယင်းသို့သော အကြောင်းရင်းများကြောင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အဓိကကျသော EAO များက 'ဝ' နှင့် မဟာဗျူဟာမြောက် ချိတ်ဆက်ခြင်းမပြုကြခြင်းများ ရှိခဲ့သည်။ စိတ်မကောင်းစရာ ဖြစ်သည်။

UWSA နှင့် ချိတ်ဆက်လက်တွဲခြင်းတွင် ယုံကြည်မှု တည်ဆောက်ခြင်း လိုအပ်ပါသည်။ ထိုအရာသည် အချိန်ယူရပြီး NGO များနှင့် နိုင်ငံတကာ အဖွဲ့အစည်းများအနေဖြင့် ဖွံ့ဖြိုးရေးအကူအညီပေးခြင်းမှတစ်ဆင့် ဆောင်ရွက်နိုင်သည်။ UWSA သို့ ကူညီမှုများကို တပ်မတော်က လိုလားချင်မှ လိုလားမည်။ ၎င်းနှင့် မြန်မာအစိုးရအတွက် ထိုအရာက မှန်ချင်မှန်မည်။ 'ဝ' နယ်မြေတွင် နိုင်ငံတကာအဖွဲ့အစည်းများကို ဝင်ရောက်လုပ်ကိုင်ခွင့်ပြုခြင်း သို့မဟုတ် ဝင်ရောက်လာအောင် ဆောင်ရွက်ပေးခြင်းဖြင့် 'ဝ' နယ်မြေ၏ လိုလားချက်ကို ဆောင်ရွက်ပေးသကဲ့သို့ ဖြစ်ပြီးကိုယ်တိုင်လည်းကုန်ကျမှု မရှိပေ။ မည်သည့် ဖွံ့ဖြိုးရေးအထောက်အကူမဆို 'ဝ' နယ်မြေအတွက် အခြားဝင်ငွေ၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်သည်။ 'ဝ' နယ်မြေရှိ ကျောင်းများ၏ ၃၀ ရာခိုင်နှုန်းတွင် ဗမာဘာသာကို သင်ကြားပေးနေသည်။ ထပ်တိုးသင်ကြားရန်လည်းရှိသည်။ အနာဂတ်မျိုးဆက်သစ်များအတွက် ဘာသာစကားအတူတကွ အသုံးပြုကြမည့် အလားအလာသည် တန်ဖိုးကြီးပါသည်။ အရေးအကြီးဆုံးမှာ 'ဝ' နယ်မြေထဲတွင် နိုင်ငံတကာအင်အားစုများ ရှိနေခြင်းသည် ကြားဝင်စေ့စပ်ရန် အတွက်လည်း လမ်းကြောင်းတစ်ခုပွင့်ခြင်းဖြစ်ပြီး UWSA ၏ တရုတ်အပေါ် မှီတည်နေရခြင်းကိုလည်း တန်းညှိနိုင်သည်။

ထိုကိစ္စက တရုတ်အတွက်လည်း အဓိပ္ပာယ်ရှိသည်။ တစ်ဦးတည်း ဝင်လုပ်ရုံဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်ပါ ၎င်းတို့၏ ပန်းတိုင်များလွယ်ကူစွာ ရရှိနိုင်မည် မဟုတ်ပါ။ တရုတ်၏ တစ်ဦးတည်းလိုလားဆောင်ရွက်ချက်များသည် အမြဲတမ်းသံသယဝင်ခံရသည်။ နိုင်ငံတကာအသိုင်းအဝိုင်းနှင့် အလုပ်လုပ်သည့်အခါ ဆောင်ရွက်ထားပြီးသား တန်ဖိုးရှိသော ကနဦးခြေလှမ်းများအတွင်း ဥပဒေအရ ဘောင်ဝင်လာမည် ဖြစ်သည်။ ထိုသို့မဟုတ်လျှင် နိုင်ငံတကာ ပါဝင်သူများအနေနှင့် UWSA နှင့် ချိတ်ဆက်ရာတွင် ရှိမည့် ဦးဆောင်ဦးရွက် အခန်းကဏ္ဍများ၊ အရေးပါမည့် နေရာများကိုဖယ်ရှားသကဲ့သို့ ရှိချေမည်။ ■

# ဆန်သောက

## ဟိန်းမြတ်စိုး



ဓာတ်ပုံ-အောင်နိုင်

မြန်မာနိုင်ငံရှိ လူသန်း ၅၀ ကျော် အဓိက စားသုံးသည့် ဆန်စျေးသည် ယခုရက်ပိုင်းမှာပင် လွန်ခဲ့သည့် ငါးနှစ်အတွင်းကထက် စံချိန်တင်သွားခဲ့သည်။ ဆန်စျေးတက်သည့်အပေါ်တွင် လူတို့က အမြင်အမျိုးမျိုးရှိကြသည်။

ရန်ကုန်မြို့ရှိ လက်လီအရောင်းဆိုင် အချို့က "ဝယ်ထား ထပ်တက်ဦးမယ်" ဟု ဝယ်သူတွေကို သတင်းစကားပါးသည်။

အချို့ကလည်း ဆန်စျေးတက်ခြင်းနှင့်ပတ်သက်၍ သောကဖြစ်ကာ ဝယ်စုကြပြန်သည်။

ဤသည်မှာ မြန်မာနိုင်ငံအတွင်း နှစ်ပေါင်းများစွာထဲက ဖြစ်လေ့ရှိသည့် အဆိုးကျော့သံသရာကို တစ်ပတ်လည်စေခြင်းဖြစ်သည်။

"အခုက အခိုက်အတန့် အကျပ်အတည်းလေးပါ။ အခုသတင်းတွေကို နားယောင်ပြီးတော့ ဆန်တွေဝယ်စုတာတွေ၊ လှောင်ထားတာတွေ မလုပ်ကြပါနဲ့။ မကြာခင် ပြေလည်သွားမှာပါ။ မစိုးရိမ်ကြပါနဲ့" ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်က သတိပေးပြောဆိုသည်။

သို့ရာတွင် စျေးထဲမှာ၊ စျေးဝယ်စင်တာမှာ၊ အရောင်းဆိုင်များမှာ ဆန်စျေးသည် တစ်နေ့ထက်တစ်နေ့၊ တစ်ပတ်ပြီးတစ်ပတ် စျေးတို့များစွာမြင့်တက်လာနေသည်။

ပြည်တွင်း၌ အဓိကစားသောက်နေသည့် ဆန်ချောအုပ်စုဖြစ်သည့် ပေါ်ဆန်းဆန်တို့၏ စျေးနှုန်းတို့မှာ အဓိကအမြင့်တက်ဆုံးဖြစ်သည်။

ယင်းသို့မြင့်တက်လာရသည်မှာလည်း ပြည်တွင်းစားသုံးသူတို့ ဆန်အမျိုးအစား ပြောင်းလဲစားသုံးမှုများကြောင့်လည်းဖြစ်သည်ဟု ရေဆင်းတက္ကသိုလ်နှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းပြုလုပ်သည့် စစ်တမ်းအရ သိရသည်။

ထိုဆန်စျေးတို့သည် ပြီးခဲ့သည့် ဇူလိုင်လကထက် တစ်အိတ်လျှင် ကျပ် ၂၀၀၀ မှ ၈၀၀၀ ခန့်အထိ၊ ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၆၀၀၀ ခန့်နှင့် ပြီးခဲ့သည့်နှစ် ဩဂုတ်လကထက် ဆန်ချောတစ်အိတ်လျှင် ကျပ် ၁၅,၀၀၀ ခန့်အထိနှင့် ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၁၂,၀၀၀ ခန့်မြင့်တက်ကြောင်း ဆန်ချောအဓိက ရောင်းချသည့် ဝါးတန်းဆန်ကုန်စည်ဒိုင်ထံမှ သိရသည်။

ထိုသို့ပြည်တွင်းအဓိကစားသုံးသည့် ဆန်ချောစျေးတို့သာ မြင့်တက်နေသည်လားဟုဆိုရင် မှားမည်။ ပြည်ပအဓိကပို့နေသည့် ဆန်ကြမ်းစျေးနှုန်းတို့မှာလည်း မြင့်တက်နေသည်ပင်ဖြစ်သည်။ ယင်းဆန်စျေးများသည်လည်း ပြီးခဲ့သည့်ဇူလိုင်လကထက် ဆန်ကြမ်းတစ်အိတ်လျှင် ကျပ် ၇၀၀ မှ ၂၅၀၀ အထိနှင့် ပြီးခဲ့သည့်နှစ် ဩဂုတ်လအတွင်းကထက် တစ်အိတ်လျှင်ကျပ် ၂၀၀၀ မှ ၄၅၀၀ အထိမြင့်တက်လျက်ရှိသည်။

"ဆန်စပါးအသင်းချုပ်အနေနဲ့တော့ စျေးကိုဖြစ်သင့်ဖြစ်ထိုက်တဲ့ စျေးဖြစ်အောင်လုပ်ဖို့ ကြိုးစားနေပါတယ်" ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်က ဆိုသည်။

သို့သော် ဆန်စျေး ဆက်တက်ဦးမည်လားဆိုသည့်မေးခွန်းကိုမူ မည်သူမျှ တိတိကျကျ မပြောနိုင်ကြ။

"အခုစျေးက စံချိန်တင်စျေးကို ရောက်နေပြီဆိုတော့ ထပ်တက်ရင် လူတွေဝယ်မစားနိုင်မှာစိုးတယ်။ မကြာခင်လည်း စပါးတွေ ပေါ်လာတော့မယ်ဆိုတော့ စျေးကွက်ကို စောင့်ကြည့်ဖို့လိုသလို လှောင်ထားသူတွေက ထုတ်ရောင်းပေးမယ်ဆိုရင် စျေးကျနိုင်တယ်" ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးက မှတ်ချက်ပြုပြောကြားသည်။

လက်ရှိဆန်ချောစျေးများ အဓိကမြင့်တက်ရခြင်းမှာ ပြီးခဲ့သည့်နှစ်များကထက် စားသုံးမှု ပိုမိုမြင့်တက်လာခြင်းကြောင့်ဖြစ်ပြီး စျေးကွက်အတွင်း စျေးကစားသူအချို့နှင့် လှောင်ထားသူအချို့ကြောင့် မြင့်တက်ရခြင်းဖြစ်သည်ဟု ဆန်စပါးအသင်းချုပ်အသိုင်းအဝိုင်းက ဆိုသည်။

ထိုသို့စျေးကစားခြင်းများနှင့် လှောင်ထားသူများ ရောင်းထုတ်လာစေရန်တို့အပါအဝင် လတ်တလော ဆန်စျေးမြင့်တက်ခြင်းနှင့်ပတ်သက်၍ နည်းလမ်းရှာဖွေနိုင်ရန် ဆွေးနွေးပွဲများကို မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် ဆန်စပါးကုန်သည်များအသင်းတို့က ဦးဆောင်၍ ပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါအသင်းများထံမှ သိရသည်။

"ဒီနေ့(ဩဂုတ် ၂၃ ရက်)တော့ ဝါးတန်းကုန်စည်ဒိုင်မှာ ဆွေးနွေးပွဲလုပ်ခဲ့တယ်။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့ သတင်းထုတ်ပြန်ပေးမှာပါ" ဟု ဦးရဲမင်းအောင်က ဆိုသည်။

လက်ရှိ ဆန်စျေးမြင့်တက်ခြင်းနှင့်ပတ်သက်၍ သတင်းအချက်အလက်အမှန်ရရှိရေးမှာလည်း အဓိကအရေးပါသည့်ကိစ္စတစ်ခု ဖြစ်သည့်အတွက် ဆန်စပါးအသင်းချုပ်အနေနှင့် သတင်းအချက်အလက်အမှန်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည်ဖြစ်သည်ဟု ၎င်းကပြောဆိုသည်။

ထိုပွဲတွင် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းမှ တာဝန်ရှိသူများက ပေါ်ဆန်းဆန်များ စားခြင်းထက် အခြားဆန်များ ပြောင်းလဲစားသုံးရန် တိုက်တွန်းခဲ့ကြပြီး စားသုံးမှုများပြားသည့် ရွှေဘိုပေါ်ဆန်းကို မစားဘဲ အခြားဆန်ကို ၎င်းကိုယ်တိုင်ပြောင်းလဲစားသုံးနေကြောင်း ယင်းအသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦးက ပြောကြားသည်။

သို့သော် လက်ရှိဆန်စျေးများ မြင့်တက်ခြင်းကြောင့် အိမ်ရှင်မတို့ ကောင်းကောင်းအခက်အခဲတွေ့ကြုံနေရသည်။

"ထမင်းတွေကို ကုန်သလောက်ပဲယူ။ အခု ဆန်တစ်အိတ်က လူတစ်ယောက် တစ်လစာနီးပါးလောက်ရောက်နေပြီ" ဟု အိမ်ရှင်မတစ်ဦးဖြစ်သူ မကြူက ပြောဆိုသည်။

ဟုတ်သည်။ လက်ရှိလက်လီစျေးကွက်အတွင်းရှိ ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ကျပ်ခုနစ်သောင်းကျော်၊ ရှစ်သောင်းနီးခန့်သို့ ရောက်ရှိနေသည်။

ပြည်တွင်းရှိ စက်ရုံအချို့တွင် လုပ်ကိုင်နေသူအချို့၌ ယင်းဆန်တစ်အိတ်ခန့်သာသာ လစာရရှိသူတို့ ရှိနေသည်။ အချို့ နေ့စားအလုပ်သမားအချို့ကို ပျမ်းမျှတွက်ချက်ကြည့်မည်ဆိုပါကလည်း ထိုမျှလောက်သာရှိသည်။ အချို့ဆို ယင်းပမာဏထက် နိမ့်ကြပေသည်။

ထိုသို့ဆိုသော် ဆန်စျေးမြင့်တက်ခြင်းနှင့်ပတ်သက်၍ မည်သို့လုပ်ဆောင်မည်နည်း။ ပြည်ပက တင်သွင်းခွင့်ပြုမည်လော။ ယင်းမှာလည်း ဖြစ်နိုင်ခြေ နည်းပါးလှပေသည်။

လက်ရှိ ကျပ်ငွေစျေးများ ထိုးကျပြီး အမေရိကန်ဒေါ်လာစျေးနှုန်းများ ဆက်တိုက်မြင့်တက်နေသည့်အတွက် မလိုအပ်သည့်သွင်းကုန်မှန်သမျှကို လျှော့ချရန် ပညာရှင်များက တိုက်တွန်းနေချိန်တွင် သွင်းကုန်ထပ်တိုး၍ မဖြစ်နိုင်ပေ။ သို့သော် မစားမဖြစ် စားသောက်ကုန်ဖြစ်သည့်အတွက် လိုအပ်ပါက အစိုးရအနေနှင့် လုပ်ငန်းရှင်များကို အခွန်လွတ် တင်သွင်းခွင့်ပြုခြင်း (သို့မဟုတ်) အစိုးရကိုယ်တိုင်သွင်း၍ပြန်လည်ရောင်းချပေးခြင်းများကို ပြုလုပ်နိုင်သည်။ အစိုးရကိုယ်တိုင်သွင်း၍ ရောင်းချပါက ကုန်သည်များ၏ စျေးကစားခြင်းကိုရှောင်ရှားပြီးသား ဖြစ်နိုင်ပေသည်။ စျေးကွက်သဘောတရားအရ ရောင်းလိုအားများပါက စျေးနှုန်းတို့သည်လည်း ဖြစ်သင့်ဖြစ်ထိုက်သည့် စျေးနှုန်းတစ်ရပ်သို့ ရောက်ရှိလာမည်ဖြစ်သည်။

ပြည်ပက တင်သွင်းမည်ဆိုပါက ဆန်စပါးအဓိကစိုက်ပျိုးထုတ်လုပ်ရောင်းချသည့် နိုင်ငံများဖြစ်သည့် ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့ကဲ့သို့ အိမ်နီးချင်းနိုင်ငံများထံမှ တင်သွင်း၍ ရနိုင်မည်ဖြစ်သည်။

သို့သော် ထိုလုပ်ရပ်ကိုမူ ဆန်စပါးကုန်သည်အသိုင်းအဝိုင်းက မထောက်ခံကြပေ။

"ပြည်ပက သွင်းဖို့တော့ မလိုပါဘူး။ ဆန်က ပြည်တွင်းစားသုံးမှုအတွက် ဖူလုံပါတယ်။ အဲဒါကြောင့် ပြည်ပတောင် ပို့နေတာပဲ" ဟု ဆန်စပါးအသင်းချုပ် ပြောရေးဆိုခွင့်ရှိသူ ဦးရဲမင်းအောင်က ဆိုသည်။

မြန်မာနိုင်ငံတစ်ဝန်း စပါးအဓိကစိုက်ပျိုးသည့်ဒေသများတွင် ရေကြီးရေလျှံခြင်းများကြုံတွေ့ရခြင်းနှင့် ပြည်တွင်း ငွေလဲနှုန်းမတည်ငြိမ်ခြင်းများကြောင့် လတ်တလော အခိုက်အတန့်အနေနှင့် အကျပ်အတည်းတစ်ခုအဖြစ် ရင်ဆိုင်နေရခြင်းဖြစ်ပြီး ပြန်လည်ပြေလည်သွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

"ဒါက အခိုက်အတန့်ပါ။ သိပ်မကြာခင် ဆန်သစ်လည်း ထပ်ထွက်လာတော့မှာဆိုတော့ ပူစရာမလိုတော့ပါဘူး" ဟု ဦးရဲမင်းအောင်က ဆက်လက်ပြောဆိုသည်။

မြန်မာနိုင်ငံအတွင်း တစ်နိုင်ငံလုံးအတိုင်းအတာအဖြစ် တစ်နှစ်လျှင် ဆန်တန်ချိန် ၁၂ သန်း မှ ၁၅ သန်းကြား ထွက်ရှိပြီး တစ်နှစ်လျှင် ဆန်ထွက်ရှိမှု၏ ၁၂ ရာခိုင်နှုန်းကျော်ကို ပြည်ပတင်ပို့လျက်ရှိကာ ကျန်ထွက်ရှိမှုကို ပြည်တွင်း၌ စားသုံးလျက်ရှိသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်စပါးထုတ်လုပ်မှုသည် တစ်နှစ်လျှင် စိုက်ဧက ၅ သန်း မှ ၇ သန်းကျော်အထိ စိုက်ပျိုးရာတွင် တစ်နှစ် ဆန်တန်ချိန် ၂၇ သန်း မှ ၂၈ သန်းအထိ ထွက်ရှိလေ့ရှိသည်။ ဗီယက်နမ်နှင့် မြန်မာနိုင်ငံ၏ ဆန်ထုတ်လုပ်မှုသည် နှစ်ဆကျော်ကွာဟလျက်ရှိသည်။

ပြီးခဲ့သည့်နှစ်က မြန်မာနိုင်ငံ၏ ပြည်ပဆန်တင်ပို့မှုသည် ဆန်တင်ပို့မှုသမိုင်း၌ အမြင့်ဆုံးအဖြစ် ဆန်တန်ချိန် သုံးသန်းကျော်ကိုတင်ပို့ထားသည်။ ယင်းမတိုင်မီ စံချိန်တင် တင်ပို့မှုမှာ ၂၀၁၄-၁၅ ဘဏ္ဍာနှစ်က တန်ချိန် ၁ ဒသမ ၈ သန်းဖြင့် စံချိန်တင်ထားသည်။

ထိုသို့ ပြီးခဲ့သည့်နှစ်က ဆန်ပြည်ပတင်ပို့မှု များပြားခဲ့ခြင်းကြောင့်လည်း ပြည်တွင်း၌ ဆန်လက်ကျန်နည်းပါးခြင်းကို ဖြစ်ပေါ်စေပြီး စျေးနှုန်းမြင့်တက်ခြင်းကိုဖြစ်ပေါ်စေခဲ့သည်ဟု ဆန်ကုန်သည်များက ဆိုသည်။

ထိုသို့ဆိုသော် လက်ရှိမြင့်တက်နေသည့် ဆန်စျေးနှင့်ပတ်သက်၍ မည်သို့ဆက်ကြုံဦးမည်နည်း။ မည်သို့ဆက်လက်လုပ်ဆောင်ကြဦးမည်နည်း။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်ကတော့ ယခုကဲ့သို့ ပြောသည်။

"အခုက အခိုက်အတန့်အကျပ်အတည်းလေးပါ။ အခုသတင်းတွေကို နားယောင်ပြီးတော့ ဆန်တွေဝယ်စုတာတွေ၊ လှောင်ထားတာတွေ မလုပ်ကြပါနဲ့။ မကြာခင် ပြေလည်သွားမှာပါ။ မစိုးရိမ်ကြပါနဲ့" ■

**ဟိန်းမြတ်စိုး**

The VOICE Daily
Friday, August 24, 2018

# WEEKEND GUIDE

**စနေ၊** တနင်္ဂနွေလို ပိတ်ရက်တွေမှာ မိသားစုကို အချိန်ပေးရင်း အပန်းဖြေချင်ကြတဲ့သူတွေရှိသလို သူငယ်ချင်းမိတ်ဆွေတွေနဲ့ ပျော်ပျော်ပါးပါး လျှောက်သွားရင်း အချိန်ကုန်ချင်ကြတဲ့သူတွေလည်း ရှိကြမှာပါ။ အဲဒီလို မိသားစုနဲ့ အချိန်ဖြုန်းချင်ကြတဲ့သူတွေအတွက် မိသားစုလိုက်သွားနိုင်မယ့် နေရာလေးတွေ၊ သူငယ်ချင်းတွေနဲ့ လျှောက်သွားချင်ကြတဲ့သူတွေအတွက်လည်း ဖျော်ဖြေပွဲတွေ၊ ပြပွဲတွေကို လက်လှမ်းမီသလောက် စုစည်းပြောပြလိုက်ပါတယ်။

## ပြည်တွင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအပေါ် ယုံကြည်မှုတည်ဆောက်ခြင်း ဆွေးနွေးပွဲ

ကျန်းမာရေးနဲ့ပတ်သက်တဲ့ ဆွေးနွေးပွဲတွေ သွားချင်တယ်ဆိုရင် ပြည်တွင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအပေါ် ယုံကြည်မှုတည်ဆောက်ခြင်း ဆွေးနွေးပွဲကို ပြောပြချင်တယ်။ ဒီဆွေးနွေးပွဲမှာ ဒေါက်တာစိုးမြင့်၊ ပါမောက္ခဒေါက်တာမော်မော်ဦး၊ ပါမောက္ခဒေါက်တာအောင်ထွန်းသက်နဲ့ ဒေါက်တာအေးအေးစန်းတို့က ပူးပေါင်းဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီဟောပြောပွဲကို ဩဂုတ်လ ၂၆ ရက်နေ့ မွန်းလွဲ ၂ နာရီကနေ ညနေ ၄ နာရီအထိ ဆရာစံပလာဇာ၊ ၅လွှာ၊ တက္ကသိုလ်ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်မှာ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ■

## ခေတ်ပြိုင်အရှေ့တောင်အာရှ စာပေရေးရာ ဆွေးနွေးပွဲ



ငါတို့စာပေကနေ စီစဉ်ပြုလုပ်တဲ့ခေတ်ပြိုင်အရှေ့တောင်အာရှစာပေရေးရာ ဆွေးနွေးပွဲကို ပြောပြချင်တယ်။ ဒီပွဲမှာ ခေတ်ပြိုင်နာမည်ကျော်စာအုပ် သုံးအုပ်ကို တစ်ပြိုင်တည်း ဘာသာပြန်ထုတ်ဝေထားတဲ့ ဆရာရာပြည့်၊ ညဏ်သစ်၊ မိုးသက်ဟန်တို့နဲ့အတူ ငါတို့စာပေထုတ်ဝေသူ ဆရာမြေမှုန်လွင်တို့က စကားဝိုင်းအနေနဲ့ ဆွေးနွေးပေးသွားမှာဖြစ်ပါတယ်။ ဒ့ါအပြင် သူတို့သုံးယောက်ထုတ်ဝေထားတဲ့ခါးရိုးကမ်း၊ ကံမကုန်သရွေ့ အလုပဆုံး ဒဏ်ရာစာအုပ်တွေကို ၂၀ ရာခိုင်နှုန်းလျှော့ပေးထားမှာဖြစ်ပါတယ်။ ခေတ်ပြိုင် အရှေ့တောင်အာရှစာပေရေးရာ ဆွေးနွေးပွဲကို ဩဂုတ် ၂၆ ရက်နေ့ မွန်းလွဲ ၂ နာရီ Yangon Book Plaza ၅လွှာ၊ သံဈေး၊ လမ်းမတော်မြို့နယ်မှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ■



## စိတ်ဝင်စားစရာ အစီအစဉ်ကောင်းများစွာပါဝင်တဲ့ ရန်ပုံငွေရှာဖွေပွဲ

ကာတွန်းတွေနဲ့ပတ်သက်တာတွေ စိတ်ဝင်စားတယ်ဆိုရင်တော့ မြန်မာနိုင်ငံ ကာတွန်းဆရာများအသင်းကနေ စီစဉ်ပြုလုပ်မယ့်ရေဘေးကူညီကယ်ဆယ်ရေး ရန်ပုံငွေရှာဖွေပွဲကို ပြောပြချင်တယ်။ ဒီပွဲမှာ ရေဘေးကာတွန်းပုံတွေပြသထားမှာဖြစ်ပြီး ကာတွန်းဆရာတွေက တီရှပ်တွေပေါ်မှာ အလျှော်ခံ Pen နဲ့ ရေးဆွဲပေးမယ့်ပုံတွေနဲ့ ကာတွန်းဆရာတွေရဲ့ဖျော်ဖြေရေးအစီအစဉ်တွေလည်း ပါဝင်မှာဖြစ်ပါတယ်။ ရေဘေးကူညီကယ်ဆယ်ရေး ရန်ပုံငွေရှာဖွေပွဲကို ဩဂုတ်လ ၂၄ ရက်နေ့ကနေ ဩဂုတ်လ ၂၆ ရက်နေ့ နံနက် ၉ နာရီကနေ ညနေ ၆ နာရီအထိ ရန်ကုန်မြို့မှာတော့ မဟာဗန္ဓုလ ပန်းခြံရှေ့နဲ့ မန္တလေးမြို့မှာတော့ ၂၆ လမ်း၊ ၆၆ နဲ့ ၆၈ ကြားမှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ■




ဖျော်ဖြေပွဲသွားချင်တယ်ဆိုရင် တေးသံရှင် မီမီဝင်းဖေရဲ့ Solo Concert ပွဲကို ပြောပြချင်တယ်။ ဒီပွဲမှာ တေးသံရှင် မီမီဝင်းဖေရဲ့ပရိသတ်အားပေးမှုရခဲ့တဲ့ သီချင်းတွေနဲ့ သီဆိုဖျော်ဖြေသွားမှာဖြစ်ပြီး ကော်နီ၊ ချောစုခင်၊ တင်ဇာမော် စတဲ့ အနုပညာရှင်တွေနဲ့ တွဲဖက်သီဆိုမယ့်အစီအစဉ်တွေလည်း ထည့်သွင်းထားမှာဖြစ်ပါတယ်။ လက်မှတ်ဈေးနှုန်းတွေက ၅၀၀၀၀ကျပ်၊ ၃၀၀၀၀ ကျပ်နဲ့ ၂၀၀၀၀ ကျပ်တို့ဖြစ်ပြီး လက်မှတ်ဝယ်ယူချင်တယ်ဆိုရင်တော့ မန်းသီရိတေးသံသွင်းနဲ့ အွန်လိုင်းကနေမှာယူပါက Myan Pwel Online ဖုန်း ၀၉-၄၄၅၁၅၁၀၁၀ ကို ဆက်သွယ်မှာယူနိုင်ပါတယ်။ Solo Concert ပွဲကို ဩဂုတ်လ ၂၅ ရက်နေ့ ည ၇ နာရီ Sky Star မှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ■



## Scanning တစ်ကိုယ်တော် ပန်းချီပြပွဲ

ပိတ်ရက်တွေမှာ ပန်းချီပြပွဲတွေသွားချင်တယ် ဆိုရင်ဆယ်ကြိမ်မြောက်ပြုလုပ်မယ့် ပန်းချီဆရာ လင်းဝဏ္ဏ ရဲ့ Scanning တစ်ကိုယ်တော်ပန်းချီပြပွဲကို ညွှန်းချင်တယ်။ ဒီပြပွဲမှာ ပန်းချီဆရာလင်းဝဏ္ဏရဲ့လက်ရာ မြောက်တဲ့ ပန်းချီကားချပ်တွေကို ကြည့်ရှုခံစားရမှာ ဖြစ်ပါတယ်။ Scanning တစ်ကိုယ်တော်ပြပွဲကို ဩဂုတ် လ ၂၅ ရက်နေ့ကနေ ဩဂုတ်လ ၂၉ ရက်နေ့ နံနက် ၁၀ နာရီကနေ ညနေ ၆ နာရီအထိ OK Art Gallery မှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ■

## တန်ဖိုးသင့်အိမ်ရာ အရောင်းပြပွဲ

တန်ဖိုးသင့်အိမ်ရာအရောင်းပြပွဲတွေ သွားချင်တယ်ဆိုရင် Shwe Property ရဲ့၁၀ ကြိမ်မြောက်ပြုလုပ်တဲ့ တန်ဖိုးသင့်အိမ်ရာအရောင်းပြပွဲကို ညွှန်းချင်တယ်။ ဒီပွဲမှာ ငွေကျပ် သိန်း ၂၀၀ ကနေ စတင်တဲ့အိမ်ရာတွေကို စုစည်းကြည့်နိုင်မယ့်အစီအစဉ်တွေ၊ ညှိနှိုင်းငွေချေစနစ်တွေနဲ့ ဝယ်ယူနိုင်မယ့် အစီအစဉ်တွေနဲ့ အထူးပရိုမိုးရှင်းအစီအစဉ်တွေလည်း ထည့်သွင်းထားတာ ဖြစ်ပါတယ်။ စိတ်ဝင်စားလို့ ပြပွဲအတွက် ကြိုတင်စာရင်းပေးသွင်းလိုပါက http://bit.ly/2MByXIA ကို စာရင်းပေးသွင်းနိုင်မှာဖြစ်ပြီး ဩဂုတ်လ ၂၄ ရက်နေ့ကနေ ဩဂုတ်လ ၂၆ ရက်နေ့နံနက် ၉ နာရီကနေ ညနေ ၆ နာရီအထိ လှည်းတန်းစင်တာမှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ■

## အေးအေးဆေးဆေး အနားယူနိုင်မယ့် Caribbean Pool Party



ပိတ်ရက်တွေမှာ အေးဆေးသက်သာစွာ အပန်းဖြေချင်တယ်ဆိုရင်တော့ Green Navigators Travels & Tours ရဲ့ Caribbean Pool Party အစီအစဉ်ကို ညွှန်းချင်တယ်။ ဒီအစီအစဉ်ကတော့ ရန်ကုန်ကနေ ကားတစ်နာရီလောက်သာစီးရတဲ့ လှည်းကူး-ဖောင်ကြီးလမ်းဆုံအနီးက ရေကူးကန် အမိုက်စားနဲ့ အပန်းဖြေနိုင်မယ့် Sunny Cove Private Geatway Resort ဖြစ်ပါတယ်။ ဒီအစီအစဉ်မှာပါဝင်တဲ့ ဝန်ဆောင်မှုတွေက ပွဲအစကနေ အဆုံးအထိ အကြိုအပို့လုပ်ပေးမယ့် အစီအစဉ်တွေလည်း ထည့်သွင်းထားတာဖြစ်ပြီး စုရပ်အနေနဲ့ သတ်မှတ်ထားတာတော့ မြန်မာပလာဇာနားက မြကျွန်းသာ Car Parking ကနေ ညနေ ၄ နာရီစတင်ထွက်ခွာသွားမှာဖြစ်ပါတယ်။ ဒ့ါအပြင် စီစဉ်ထားတဲ့ကားတွေနဲ့မလိုက်ချင်ရင်လည်း ကိုယ့်အစီအစဉ်နဲ့ လိုက်နိုင်မှာဖြစ်ပါတယ်။ ဖျော်ဖြေရေးအစီအစဉ်က DJ တွေက Crunk Phyo၊ Mike နဲ့ Bohtet Beatz Bounce တို့ရဲ့ဖျော်ဖြေမှုအစီအစဉ်တွေလည်း ပါဝင်ပါသေးတယ်။ အထူးအစီအစဉ်အနေနဲ့ကတော့ လာရောက်တဲ့သူတွေထဲကမှာ အမိုက်စားဖက်ရှင်ဝတ်ဆင်ထားတဲ့သူကိုလည်း Carribean Queen ပေးအပ်သွားမှာဖြစ်ပြီး ဆုကြေးကတော့ ပုဂံကိုတစ်ညအိပ် အလည်အပတ် သွားနိုင်မယ့်ခရီးစဉ်ဖြစ်ပါတယ်။ အစားအစာတွေအနေနဲ့က ညနေ ၆ နာရီကနေ ည ၉ နာရီအထိသတ်မှတ်ထားတဲ့ Beer Free Flow နဲ့ အစားတချို့လည်း ပါဝင်မှာဖြစ်ပါတယ်။ ဒီအစီအစဉ်ကို စက်တင်ဘာ ၁ ရက်နေ့ ညနေ ၆ နာရီကနေ ည ၁ နာရီအထိ ပြုလုပ်သွားမှာဖြစ်ပြီး လက်မှတ်ဈေးနှုန်းက လူတစ်ယောက်ကို ၅၀,၀၀၀ ကျပ်သတ်မှတ်ထားတာဖြစ်ပါတယ်။ လက်မှတ်မှာယူသူတွေကို အိမ်တိုင်ရာရောက် ပို့ဆောင်ပေးမှာဖြစ်ပြီး စိတ်ဝင်စားတယ်ဆိုရင် ဖုန်း ၀၉-၅၁၅၅၆ ၂၅ နဲ့ ၄၄၀၅၀၇၄၁၆ တို့ကို ဆက်သွယ်မှာယူနိုင်ပါတယ်။ ■

## ဆီးချိုနဲ့ ဟော်မုန်းဆိုင်ရာ ပညာပေးဟောပြောပွဲ

Grand Hantha International ဆေးရုံနဲ့ MMDA တို့ပူးပေါင်းပြုလုပ်မယ့် ဆီးချိုနဲ့ ဟော်မုန်းဆိုင်ရာ ပညာပေးဟောပြောပွဲ ဖြစ်ပါတယ်။ ဒီပွဲမှာ ဆီးချိုရောဂါနဲ့အစားထိုးအာဟာရများအကြောင်း သိကောင်းစရာခေါင်းစဉ်နဲ့ ဒေါက်တာသင်းသင်းလှိုင်နဲ့ ဒေါက်တာနီလာအောင်တို့က ဆွေးနွေးပြောကြားသွားမှာဖြစ်ပါတယ်။ ဒ့ါအပြင်လာရောက်တဲ့သူတွေအတွက်လည်း ပရိုမိုးရှင်းအစီအစဉ်တွေလည်း ထည့်သွင်းထားတာဖြစ်ပါတယ်။ ဆီးချိုနဲ့ ဟော်မုန်းဆိုင်ရာ ပညာပေးဟောပြောပွဲကို ဩဂုတ်လ ၂၆ ရက်နေ့ မွန်းလွဲ ၁ နာရီ ဂရန်းဒ်ဟံသာဆေးရုံမှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ■



## Luxury SUV ကားအရောင်းပြပွဲ

ပြင်သစ်နိုင်ငံရဲ့ကမ္ဘာကျော်အမှတ်တံဆိပ်တွေကို စိတ်ဝင်စားတယ်ဆိုရင် ပထမဆုံးအကြိမ်ပြုလုပ်မယ့် Luxury SUV ကားအရောင်းပြပွဲကို ပြောပြချင်တယ်။ ဒီပွဲမှာ International Award(38) ဆုနဲ့ ကားရဲ့ Safety ပိုင်းမှာလည်း 5 Star Rating ရရှိထားတဲ့ New SUV ကား Peugeot 5008 နဲ့ 3008 (Luxury Sport Grade) ကားသစ်တွေကိုပြသထားမှာဖြစ်ပြီး ပရိုမိုးရှင်းအစီအစဉ်တွေနဲ့ ဝယ်ယူနိုင်မယ့်အစီအစဉ်တွေလည်း ထည့်သွင်းထားမှာဖြစ်ပါတယ်။ ဒီပြပွဲကို ဩဂုတ်လ ၂၅ ရက်နေ့ကနေ ဩဂုတ်လ ၂၆ ရက်နေ့အထိ နံနက် ၁၀ နာရီကနေ ည ၈ နာရီအထိ Novotal Yangon မှာပြုလုပ်သွားမှာဖြစ်ပါတယ်။

## MYANLAB 2018 Expo ပြပွဲ

ဆေးအသုံးအဆောင်ပစ္စည်းတွေနဲ့ပတ်သက်တာတွေကိုတစ်နေရာတည်းမှာစုစည်းပြသမယ့် MEDEX & MYANLAB 2018 Expo ပြပွဲကိုညွှန်းချင်တယ်။ ဒီပွဲမှာ မြန်မာ့အကြီးမားဆုံး ဆေးဝါး၊ ဆေးပစ္စည်းကိရိယာတွေ၊ ဆေးရုံသုံးအထောက်အကူပြုပစ္စည်းတွေနဲ့ ဓာတ်ခွဲခန်းသုံးပစ္စည်းတွေကို တစ်နေရာတည်းမှာစုစည်းပြသသွားမှာဖြစ်ပါတယ်။ MYANLAB 2018 Expo ပြပွဲကို ဩဂုတ်လ ၂၃ ရက်နေ့ကနေ ဩဂုတ်လ ၂၅ ရက်နေ့အထိ တပ်မတော်ခန်းမမှာပြုလုပ်သွားမှာဖြစ်ပါတယ်။ ■

## လေယာဉ်လက်မှတ်တွေကို အထူးအစီအစဉ်တွေနဲ့ ဝယ်ယူနိုင်မယ့် MNA 70th Anniversary Travel Fair

မြန်မာအမျိုးသားလေကြောင်းမှ နှစ် ၇၀ ပြည့် အထိမ်းအမှတ်အနေနဲ့ပြုလုပ်မယ့် MNA 70th Anniversary Travel Fair ကိုညွှန်းချင်တယ်။ ဒီပွဲမှာ လေယာဉ်လက်မှတ်တွေကို MNA Counter တွေနဲ့ Authorized Agent တွေဖြစ်ကြတဲ့ Sun Far၊ Croton၊ Seven Diamond၊ Nice Style၊ May Flower၊ Star Zone စတဲ့ လက်မှတ်ကောင်တာတွေမှာ ဗလာမပါ ကံစမ်းမဲအစီအစဉ်တွေနဲ့ Lucky Draw အစီအစဉ်တွေ ဝယ်ယူနိုင်မှာဖြစ်ပါတယ်။ ဒ့ါအပြင် ဝယ်ယူထားတဲ့လက်မှတ်တွေနဲ့ ခရီးသွားကာလကိုလည်း ၂၀၁၉ ခုနှစ် မတ်လအထိ သတ်မှတ်ပေးထားတာဖြစ်ပါတယ်။ ဒီပွဲကိုဩဂုတ်လ ၂၅ ရက်နေ့ကနေ ဩဂုတ်လ ၂၆ ရက်နေ့၊ နံနက် ၁၀ နာရီကနေ ည ၇ နာရီ အထိ မြန်မာပလာမှာပြုလုပ်သွားမှာဖြစ်ပါတယ်။ ■

## နှစ်နိုင်ငံပူးပေါင်းဖျော်ဖြေမယ့် Music X Culture Vol.1 ဖျော်ဖြေပွဲ

ဖျော်ဖြေပွဲတွေသွားချင်တယ်ဆိုရင်တော့ Music X Culture Vol.1 ဖျော်ဖြေပွဲကို ညွှန်းချင်တယ်။ ဒီဖျော်ဖြေပွဲမှာ ဂျပန်နိုင်ငံက နာမည်ကျော် MIRAY (SDN48 Member) နဲ့ မြန်မာနိုင်ငံက တေးသံရှင် ထူးအယ်လင်း၊ Sophia Everest၊ Aik Min နဲ့ Nana Sakonwaree တို့ရဲ့ပူးပေါင်းဖျော်ဖြေမှုတွေကို ကြည့်ရှုခံစားရမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် တခြားပျော်ရွှင်စရာအစီအစဉ်လည်း ပါဝင်မှာဖြစ်ပြီး ဒီပွဲကနေရလာတဲ့အကျိုးအမြတ်အားလုံးကိုရေဘေးသင့်ဒေသတွေကိုပြန်လည်လှူဒါန်းပေးသွားမှာဖြစ်ပါတယ်။ Music X Culture Vol.1 ဖျော်ဖြေပွဲကို ဩဂုတ်လ ၂၆ ရက်နေ့ ညနေ ၄ နာရီခွဲကနေ ည ၇နာရီအထိ Sky Star ဟိုတယ်၊ Angel Bar မှာပြုလုပ်သွားမှာဖြစ်ပါတယ်။ ■

# The Spy Who Dumped Me




ဒီတစ်ပတ်တော့ စပိုင်တစ်ယောက်ကိုချစ်သူတော်မိတဲ့အတွက် ကိုယ်တိုင်လည်းအသက်အန္တရာယ်ခြိမ်းခြောက်ခံရတဲ့ အဖြစ်မျိုးတွေ ကြုံလာရတဲ့ မိန်းကလေးတစ်ယောက်အကြောင်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားတဲ့ အမေရိကန် ဟာသ၊ အက်ရှင်ဇာတ်ကားလေးတစ်ကားကို ညွှန်းပေးချင်ပါတယ်။ ဒါရိုက်တာ Susanna Fogel က ရိုက်ကူးထားပြီး အဓိကသရုပ်ဆောင်တွေအဖြစ် Mila Kunis၊ Kate McKinnon နဲ့ Justin Theroux တို့ အဓိကပါဝင်သရုပ်ဆောင်ထားကြပါတယ်။

ရည်းစားဖြစ်သူ Drew ရဲ့ အဆက်ဖြတ်ခြင်းခံလိုက်ရတဲ့ Audrey Stockton တစ်ယောက် သူမရဲ့မွေးနေ့မှာတောင် မပျော်ရွှင်နိုင်အောင် ဖြစ်နေပါတယ်။ Audrey ရဲ့အခန်းဖော် Morgan ကတော့ သူငယ်ချင်းကိုနှစ်သိမ့်တဲ့အနေနဲ့ Drew ပေးထားတဲ့ အမှတ်တရပစ္စည်းတွေကိုမီးရှို့ပစ်ဖို့ အကြံပေးပါတယ်။ တကယ်တော့ Drew က CIA ရဲ့အေးဂျင့်တစ်ယောက်ဖြစ်ပြီး သူ့ကိုလုပ်ကြံသတ်ဖြတ်ချင်တဲ့သူတွေ လက်ကနေ လွတ်အောင် အသက်လုပြေးနေရတာပါ။ Drew က သူ ပေးထားတဲ့ အမှတ်တရပစ္စည်းတွေကို မီးမရှို့ပစ်ဖို့နဲ့ Audrey ဆီသူပြန်လာမယ့်အကြောင်း ကတိပေးခဲ့ပါတယ်။

Audrey က Drew ကို မေ့နိုင်အောင် အလုပ်ခွင်က လူတစ်ယောက်နဲ့ အချစ်ဇာတ်လမ်းတစ်ခုဖန်တီးဖို့ ကြိုးစားပါတယ်။ ဒီလူကပဲ Drew က CIA အတွက် အလုပ်လုပ်ပေးနေတဲ့ အေးဂျင့် တစ်ယောက်ဖြစ်တဲ့အကြောင်းနဲ့ လက်ရှိမှာပျောက်နေတဲ့ အကြောင်း Audrey ကိုပြောပြခဲ့ပါတယ်။ နောက်ရက်မှာတော့ Drew ကိုယ်တိုင်ပဲ Audrey ဆီကိုရောက်လာခဲ့ပြီးသူပေးထားခဲ့တဲ့ ပစ္စည်းလေးတွေကို ပြန်လာယူပါတယ်။ ဒီပစ္စည်းတွေထဲမှာတော့ Fantasy Football ပြိုင်ပွဲမှာဆုရရှိခဲ့တဲ့အတွက် Drew ရရှိတဲ့ Trophy တစ်ခုလည်းပါပါတယ်။ မကြာခင်မှာပဲလူစိမ်းတွေရောက်လာခဲ့ပြီး Audrey တို့ တိုက်ခန်းကိုသေနတ်တွေနဲ့ ပစ်ခတ်ကြပါတော့တယ်။

Drew က Audrey ကို ဗီယင်နာမြို့ကို သူနဲ့ အတူလိုက်ခဲ့ဖို့ ပြောလာပါတယ်။ သူတို့ ထွက်ပြေးဖို့ကြိုးစားနေစဉ်မှာပဲလူဆိုးတွေ လက်ချက်ကြောင့် Drew သေဆုံးသွားခဲ့ပါတယ်။ Audrey နဲ့ Morgan တို့ သူငယ်ချင်းနှစ်ယောက်ကတော့ ဗီယင်နာမြို့ကို ဆက်ပြေးလာခဲ့ကြပါတယ်။ နောက်ပိုင်းမှာတော့ Drew ကို လုပ်ကြံသတ်ဖြတ်ခဲ့တဲ့သူတွေ လက်ကနေ Audrey နဲ့ Morgan တို့ သူငယ်ချင်းနှစ်ယောက် ရောလွတ်မြောက်နိုင်ပါ့မလား။ Drew ထားရစ်ခဲ့တဲ့ ဆုတံဆိပ် ( Trophy ) ထဲမှာ ဘယ်လောက်အထိ အရေးကြီးတဲ့ လျှို့ဝှက်ချက်တွေ ပါနေလို့ လဲဆိုတာကို ရင်ခုန်စွာ ဆက်လက်ရှုစားရမှာပါ။ ■

# အရာရာတိုင်းထက်

ဒီတစ်ပတ်တော့ ၅၂၈ မေတ္တာကို ဖော်ကျူးထားတဲ့ အရာရာတိုင်းထက် ဇာတ်ကားကို ညွှန်းချင်တယ်။ ဒီဇာတ်ကားမှာ ရဲသွေး(နေနေ) က တစ်ဖွတ်ထိုးလုပ်တတ်တဲ့စိတ်တွေကြောင့် မိုးစက်ဖြူ(ဝင့်ယမုံလှိုင်) က အဖြေပြန်မပေးရဲဘူး။ ကျောင်းတက်ကတည်းက မိုးစက်ဖြူကို စိတ်ဝင်စားနေတာဖြစ်ပြီး သူမကိုကြိုက်နေတဲ့သူတွေကိုလည်း အမြဲရန်လုပ်တတ်ပြန်တယ်။ မိုးစက်ဖြူကလည်း ရဲသွေးကိုချစ်နေပေမယ့် အစ်ကိုဖြစ်တဲ့သူအပေါ်ပေးထားတဲ့ကတိတွေကြောင့် ချစ်သူမရှာရပြန်ဘူး။ ကျောင်းတွေပြီးလို့ မိုးစက်ဖြူ ရွာကိုပြန်လာချိန်မှာတော့ အစ်ကိုဖြစ်သူက အိမ်ထောင်မပြုဖို့ကတိ ကိုပဲ ထပ်တောင်းပြန်တယ်။ နီးစပ်ရာရွာတွေကတော့ မိုးစက်ဖြူကိုလာရောက်မြန်းကြသော်လည်း သူမရဲ့အစ်ကိုကတော့ ဘယ်သူနဲ့မှ သဘောမတူခဲ့ဘူး။ ဒီလိုနဲ့ မိုးစက်ဖြူကိုချစ်တဲ့ ရဲသွေးက သူမတို့အိမ်မှာ စာရင်းငှားအလုပ် လာလျှောက်ခဲ့တယ်။ မိန်းမဖြစ်သူဆုံးသွားပြီး မိသားစုစားဝတ်နေရေးကြောင့် အခက်အခဲကြုံတွေနေရတဲ့ ပုံစံနဲ့ မိုးစက်ဖြူရဲ့အစ်ကိုဆီမှာ အလုပ်တောင်းခဲ့တယ်။ မိုးစက်ဖြူရဲ့အစ်ကိုကလည်း အလုပ်ကိစ္စကလွဲပြီး အိမ်ထဲ ကိုမလာဖို့နဲ့ မိုးစက်ဖြူနဲ့ မပတ်သက်ဖို့ ပြောခဲ့တယ်။ ဒီလိုနဲ့ ရဲသွေးအလုပ်ရသွားပြီး သူတို့အိမ်မှာ စာရင်းငှား လုပ်နေခဲ့တာကို မိုးစက်ဖြူသိသွားချိန်မှာ အိမ်ကနေထွက်သွားဖို့နဲ့ သူမအစ်ကိုသိရင် ပြဿနာတွေတက်မယ်ဆိုတဲ့အကြောင်း ပြောခဲ့တယ်။ ရဲသွေးကလည်း ပင်ပင်ပန်းပန်းနဲ့ပဲ အလုပ်တွေလုပ်ပြီး မိုးစက်ဖြူနဲ့တွေ့ရဖို့အတွက်ပဲ အမြဲစောင့်ကြည့်နေခဲ့တယ်။ မိုးစက်ဖြူ ကိုကြိုက်နေတဲ့ ရွာထဲက လူမိုက်အုပ်စုကလည်း သူမကိုရဖို့ ကြံစည်နေကြပြန်တယ်။ နောက်ဆုံးမှာတော့ ရဲသွေးနဲ့မိုးစက်ဖြူကြားမှာ ဘာတွေဆက်ဖြစ်မလဲဆိုတာ ကြည့်ရှုရမှာဖြစ်ပါတယ်။ ဒီဇာတ်ကားကို ဒါရိုက်တာ ဇော်ထွန်းက ရိုက်ကူးထားတာဖြစ်ပြီး သရုပ်ဆောင် နေနေ်နဲ့ ဝင့်ယမုံလှိုင်တို့က အဓိကပါဝင် သရုပ်ဆောင်ထားကြတာဖြစ်ပါတယ်။ ■




# Janet Jackson ရဲ့ Made For Now

ဒီတစ်ပတ်တော့ အမေရိကန် အဆိုတော် Janet Jackson သီဆိုထားတဲ့ ‘Made For Now’ လို့ အမည်ရတဲ့ သီချင်းသစ်လေးတစ်ပုဒ်ကို ညွှန်းပေးချင်ပါတယ်။ ဒီသီချင်းမှာတော့ ရပ်ပ်ပါ Daddy Yankee က Featuring ပါဝင်ကူညီသီဆို ပေးထားပါတယ်။ သီချင်း အကြောင်းအရာလေးကတော့ ကိုယ်အသက်ရှင်ခွင့်ရနေတဲ့ လက်ရှိအခိုက်အတန့်လေးမှာဘဝကိုပျော်ရွှင်စွာ ဖြတ်သန်းဖို့နဲ့၊ ကြုံတွေ့ရတဲ့ အခက်အခဲတွေ၊ အတားအဆီးတွေကို နောက်မတွန့်ဘဲ ရင်ဆိုင်ဖို့အတွက် အားပေးထားတဲ့ သီချင်းလေးပါ။ “မင်းကလက်ရှိအခိုက်အတန့်အတွက် အသက်ရှင်သန်နေတာဆိုရင်၊ ဘယ်တော့မှမရပ်တန့်လိုက်ပါနဲ့ ၊ အမြင့်ဆုံးအထိ တက်ပါ။ မရပ်တန့်လိုက်ပါနဲ့ ၊ မင်းကိုကာဆီးထားတဲ့ မျက်နှာကြက်တွေ ဆိုတာလည်းမရှိပါဘူး”ဆိုတဲ့ စာသားတွေကနားဆင်လိုက်တာနဲ့ စိတ်ဓာတ်တက်ကြွစေမှာပါ။ ဂီတဗီဒီယိုကတော့ Janet Jackson ရဲ့ အောင်မြင်ခဲ့တဲ့ Music Video အချို့ကို ရိုက်ကူးပေးခဲ့တဲ့ ဒါရိုက်တာ Dave Meyers ရဲ့လက်ရာဖြစ်ပြီး၊ အမေရိကန်နိုင်ငံမှ အကသမားတွေ နဲ့ အာဖရိကန္ဒယ်ဖွားအကသမားတွေက စည်းချက်နဲ့အညီ ပျော်ရွှင်စွာ ကခုန်နေတဲ့ ပုံရိပ်တွေနဲ့ ပုံဖော်ရိုက်ကူးထားပါတယ်။ ■



YANMAKHA Technology
CCTV တပ်ဆင်ခြင်းဖြင့် သင်တန်ဖိုးထားသောအရာများကို ကာကွယ်ပါ
အခမဲ့ လာရောက်၍ ခန့်မှန်းကုန်ကျစရိတ် တွက်ချက်ပေးပါသည်။
ကုန်ကျစရိတ်အနည်းဆုံးနှင့် ထိရောက်သောမြင်ကွင်းရရှိစေရန် စနစ်တကျတပ်ဆင်ပေးပါသည်။
အရည်အသွေးကောင်း၍ အာမခံရှိသော CCTV Camera များ၊ ဆက်စပ်ပစ္စည်းများ ကို လက်လီ၊ လက်ကား ရောင်းချပါသည်။
အိမ်သုံး၊ ရုံးသုံး၊ စက်ရုံသုံး နှင့် တကိုယ်ရေသုံး CCTV Camera များ အမျိုးအစားစုံလင်စွာ ရရှိနိုင်ပါသည်။
alhua
မိုးရာသီ အထူးလျှော့ဈေး
Phone : 09 - 45 33 666 77, 09 - 45 33 666 88, 09 - 45 33 666 99

# ဘုရားတွင် ကြေးခေါင်းလောင်းခိုးသည့် ကလေးနှစ်ဦး မိသားစုခံဝန်ဖြင့် ပြန်လွှတ်

**ထားဝယ်၊ ဩဂုတ် ၂၃**

တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ နခံတောကျေးရွာ ရပ်ခံတောင်ဘုရားတွင် ခေါင်းလောင်းခိုးယူခဲ့သည့် ကလေးနှစ်ဦး၏ အဘိုးနှင့်အဘွားကို ခံဝန်လက်မှတ်ထိုးစေပြီး ပြန်လွှတ်ပေးလိုက်ကြောင်း ရပ်ခံတောင်စေတီတော် ဂေါပကအဖွဲ့ထံမှ သိရသည်။

ယင်းကလေးနှစ်ဦးမှာ ခေါင်းလောင်းခိုးယူရန် တစ်ဦးတစ်ယောက်က အသုံးချခိုင်းစေခံရခြင်းသာဖြစ်သောကြောင့် ရဲစခန်းတွင် အမှုဖွင့်လှစ်ခြင်း မရှိဘဲ အုပ်ထိန်းသူများကို ခံဝန်လက်မှတ်ထိုးစေပြီး ပြန်လွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း ဂေါပက ဥက္ကဋ္ဌ ဦးအောင်စိန်က ပြောကြားသည်။

"ခေါင်းလောင်းက ဒီကလေးနှစ်ယောက် ခိုးဖို့ဆိုတာ မလွယ်ဘူး။ အရမ်းလေးတယ်။ လူကြီးတစ်ယောက်ယောက်က ရည်ရွယ်ချက်ရှိရှိ ခိုးခိုင်းလို့ လုပ်တာပဲဖြစ်မယ်" ဟု ဦးအောင်စိန်က ဆိုသည်။

ရပ်ခံတောင်စေတီအောက်ဘက် ဘုရားအဆောင်တွင် တပ်ဆင်ထားသည့် ခေါင်းလောင်းအဝ ၄၀ လက်မ၊ အလေးချိန် ၇၅ ပိဿာရှိ ကြေးခေါင်းလောင်းကို ဩဂုတ်လ ၁၈ ရက် နေ့လယ်ပိုင်းတွင် ခိုးယူရန် ယင်းကလေးနှစ်ဦးက တောင်စောင်းမှ လိမ့်ချနေစဉ် ဖမ်းမိသွားခြင်း ဖြစ်သည်။

ယင်းဖြစ်စဉ်မတိုင်မီ မသင်္ကာဖွယ်ရာ လူစိမ်းတစ်ဦး ရွှေလိုင်းအမျိုးအစား ဆိုင်ကယ်ဖြင့် ရပ်ခံတောင်ပေါ်တက်လာခဲ့ကြောင်း၊ တောင်ခြေရင်းတွင်လည်း ခေါက်တုံ့ခေါက်ပြန် ဆိုင်ကယ်မောင်းနေသည်ကို သတိထားမိခဲ့ကြောင်း ၎င်းက ပြောဆိုသည်။

ယင်းကလေးနှစ်ဦးအား မေးမြန်းချက်အရ ခေါင်းလောင်းခိုးရန် ခိုင်းစေခဲ့သူမှာ အမျိုးသားတစ်ဦးဖြစ်ပြီး ထားဝယ်မြို့ မြို့သစ် အမှတ် (၆) လမ်းတွင် နေထိုင်သည်ဟု သိရကြောင်း ယင်းကလေး တစ်ဦး၏ အဘိုးဖြစ်သူက ပြောကြားသည်။

"ကလေးတွေကို ကစားစရာဝယ်ပေးမယ်ပြောပြီး ခိုးခိုင်းတာလို့ ပြောတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

သို့သော် ၎င်းအမျိုးသားအား သွားရောက်စုံစမ်းရာ ယင်းနေရာတွင် မရှိကြောင်း ဂေါပက ဥက္ကဋ္ဌ ဦးအောင်စိန်က ဆိုသည်။

ခေါင်းလောင်းခိုးယူခြင်း မခံရမီ တစ်လခန့်က ရပ်ခံတောင်ဘုရားရှိ အလှူခံပုံး တစ်ပုံးနှင့် ယင်းတောင်အောက်ရှိ သချိုင်းကုန်းမှ အလှူခံပုံးတို့ ခိုးယူခံရသည့် ဖြစ်စဉ်တို့ ဖြစ်ပွားခဲ့ဖူးကြောင်း ရပ်ခံတောင်စေတီ ဂေါပကအဖွဲ့ထံမှ သိရသည်။

■ |Dawei Watch|

# ဥက္ကံတွင် လှိုင်မြစ်ရေမြင့်တက်၍ ကျောင်း ၂ ကျောင်းပိတ်

**တိုက်ကြီး၊ ဩဂုတ် ၂၃**

တိုက်ကြီးမြို့နယ် ဥက္ကံမြို့ အနောက်ဘက်၅ မိုင်အကွာရှိ ဂေါ့ကျေးရွာအုပ်စုတွင် လှိုင်မြစ်ရေ မြင့်တက်လာမှုကြောင့် ဩဂုတ်လ ၂၃ ရက်နေ့က အခြေခံမူလတန်းစာသင်ကျောင်း ၂ ကျောင်း ပိတ်လိုက်ရကြောင်း ဂေါ့ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းက ပြောကြားသည်။

အဆိုပါပိတ်ထားရသည့် ဂေါ့ကျေးရွာအုပ်စုမှ အခြေခံပညာမူလတန်းနှင့် သနပ်ကုန်းကျေးရွာမှ မူလတန်းကျောင်းတို့ကို ပိတ်လိုက်ရခြင်းဖြစ်ပြီး လက်ရှိ လှိုင်မြစ်ရေသည် စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ခြင်းမရှိသေးသော်လည်း စာသင်ကျောင်းများ၏ မြေပြင်အထက် ၂ ပေသို့ကျော်၍ ရေများ ရောက်ရှိနေကြောင်း ၎င်းက ပြောကြားသည်။

"ကျွန်တော်တို့ အိမ်အောက်တော့ ရေရောက်ပြီ၊ အိမ်ကြမ်းပြင်ကို ရောက်ဖို့ ၉ လက်မလောက်လိုတော့တယ်။ ကျွန်တော်တို့ ရွာသူရွာသားတွေ အထုပ်အပိုးတွေနဲ့ ပြင်ဆင်ထားရတယ်" ဟု ကျောင်းကုန်းကျေးရွာနေ အသက် ၆၀ အရွယ်ရှိ အမျိုးသားတစ်ဦးက ပြောဆိုသည်။

တိုက်ကြီးမြို့နယ်သည် လှိုင်မြစ်ကမ်းဘေးတွင်တည်ရှိပြီး ရေကြီးနိုင်သည့် အခြေအနေရှိ၍ ပရဟိတအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအဖွဲ့များမှ ကယ်ဆယ်ရေးများအတွက် ပြင်ဆင်ထားရန် တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ ညွှန်ကြားချက်များ ထုတ်ပြန်ထားကြောင်း အဆိုပါအဖွဲ့များထံမှ သိရသည်။

တိုက်ကြီးမြို့ရှိ လှိုင်မြစ်ရေ၏ စိုးရိမ်ရေမှတ်သည် ၂၃ ပေဖြစ်ပြီး ဩဂုတ်လ ၂၃ ရက်နေ့ လှိုင်မြစ်ရေသည် ၂၁ ပေသို့ ရောက်ရှိနေကြောင်း ဂေါ့ကျေးရွာအုပ်စုတာဝန်ရှိသူများထံမှ သိရသည်။ ■ R-19

The VOICE Daily CARTOON




## ကုသိုလ်လမ်းညွှန်

တတ်အားသရွေ့ကုသိုလ်ပြုနိုင်ဖို့လမ်းညွှန်ပေးချင်တာကတော့ ဘုန်းတော်ကြီးကျောင်းကို ပြုပြင်နိုင်ဖို့ပါ။ ငွေနံ့သာစံပြကျေးရွာ၊ လှည်းကူးမြို့နယ်မှာ တည်ရှိတဲ့ ဝိဇ္ဇောတာရုံကျောင်းလေးကို ပြုပြင်ဖို့ လိုအပ်နေတဲ့ သိမ်နဲ့ ကျောင်းလေးဖြစ်ပြီး မိုးရွာတဲ့အခါ ကျောင်းရေယိုတာမို့ ဘုရားဝတ်ပြုရင်တောင် ထီးဆောင်းနေရတာပါ။ ကျောင်းအလှူရှင်နဲ့ သိမ်အလှူရှင်လိုအပ်နေတဲ့ ကျောင်းလေးဖြစ်ပြီး တတ်အားသရွေ့ပါဝင်လှူဒါန်းလိုသူတွေ ဆက်သွယ်နိုင်ပါတယ်။ အသေးစိတ် သိလိုတယ်၊ ဆက်သွယ်စုံစမ်းလှူဒါန်းလိုတယ်ဆိုရင် ဦးဝိဇ္ဇောတာရုံကျောင်း ၀၉ ၄၄၂၇၇၃၇၇၉၊ ၀၉ ၆၉၂၃၇၅၉၆ ကို ဆက်သွယ်လှူဒါန်းနိုင်ပါတယ်။ ■




## ဈေးဝယ်လမ်းညွှန်

### ကားရေမွှေးလေးတွေ စုံစုံလင်လင် ရနိုင်မယ့်နေရာ

ကားတစ်စီးမှာ ကားအတွင်းခန်းမှာ အနံ့အသက်တွေ ကင်းစေဖို့အတွက်ကလည်း အရေးပါတဲ့နေရာမှာ ရှိပါတယ်။ ဒီလို အနံ့အသက်တွေကို ကာကွယ်ဖို့အတွက်ဆို ရနံ့အမျိုးအစားစုံစုံလင်လင်နဲ့ ရနိုင်တဲ့ဆိုင်လေးကို ညွှန်ပြပေးချင်ပါတယ်။ ဒီဇိုင်းလှလှလေးတွေကို ကြိုက်နှစ်သက်တဲ့သူတွေအတွက် မစ်ကီမောက်စ်ရုပ်လေးတွေ၊ နှုတ်ခမ်းပုံ၊ သရဖူပုံ စတဲ့ မြင်နေကျပုံစံတွေနဲ့ ကွဲထွက်နေတဲ့ ဒီဇိုင်းကာလာ အမျိုးအစား စုံစုံလင်လင်ကို ရွေးချယ်ဝယ်ယူနိုင်မှာ ဖြစ်တယ်လို့ သိရပါတယ်။ တစ်ခုဝယ်ထားရင် နှစ်ခေါက်အသုံးပြုလို့ရနိုင်မှာဖြစ်ပြီး တစ်ဘူးအပိုပါဝင်တယ်လို့ သိရပါတယ်။ စိတ်ဝင်စားလို့ ဝယ်ယူချင်ရင်တော့ တစ်ခုကို ၆,၅၀၀ ကျပ်နဲ့ Facebook Page မှာ Cars 4 All လို့ ရှာပြီး မိမိလိုချင်တဲ့ပုံစံလေးတွေကို ကြည့်ရှုဝယ်ယူနိုင်သလို ဖုန်းနံပါတ် ၀၉ ၉၇ ၁၀၀၀၀ ၁၀ သို့ ဆက်သွယ်မှာယူနိုင်ပါတယ်။ နှစ်သောင်းဖိုး ဝယ်ယူသူတွေကိုတော့ ပို့ခအခမဲ့ ပို့ဆောင်ပေးသွားမယ့် ဝန်ဆောင်မှုလေးလည်း ရှိတယ်လို့သိရပါတယ်။ ■ J-05






လိုတိုးပိုလျှော့ဆိုသည့် စကားတွဲ၏အဓိပ္ပာယ်မှာ ရှင်းရှင်းကလေးပင်ဖြစ်ပါသည်။ လိုအပ်သည့်နေရာတွင် လိုအပ်သည့်အရာကို ဖြည့်ဆည်းပေး၍ ပိုနေသည့်နေရာမှ ပိုနေသည့်အရာကို လျှော့ပစ်ခြင်းပင်ဖြစ်ပါသည်။ ကျွန်တော်တို့ဖြတ်သန်းခဲ့သည့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဦးဆောင် သည့်အစိုးရခေတ်တွင် ဆိုရှယ်လစ် စီးပွားရေးစနစ်၏မူအရ လူတိုင်းလူတိုင်းသည် အခွင့်အရေးမျှတစွာရရှိရမည်ဆိုသည့်အတွက် ခွဲတမ်းစနစ်ကို ကျင့်သုံးပါသည်။

ထို့ကြောင့် လိုချင်သည်ဖြစ်စေ၊ မလိုချင်သည်ဖြစ်စေ၊ အိမ်ထောင်စုတစ်စုလျှင် သမဝါယမအသင်းက ခွဲဝေပေးသည့်ပစ္စည်းကို ခွဲဝေပေးသည့် အရေအတွက်အတိုင်း လက်ခံရယူရပါသည်။ ထို့နောက် လူအချို့သည် မိမိတို့မလိုချင်သော ဆေးဝါးနှင့်အိမ်သုံးပစ္စည်းတို့ကို သမဝါယမထုတ်ဈေးထက် ပိုသောဈေးဖြင့် လိုအပ်သူများထံ ပြန်လည်ရောင်းချကြပါသည်။ ပစ္စည်းလိုအပ်သောသူကလည်း မိမိတို့လိုအပ်သောပစ္စည်းကို ထိုကဲ့သို့အမြတ်တင်၍ ပြန်လည်ရောင်းချသူများထံမှ ဈေးကြီးပေး၍ ဝယ်ယူသုံးစွဲရပါသည်။

ထို့အတူပင် ပြည်နယ်နှင့်တိုင်းအလိုက် ပစ္စည်းများခွဲဝေပေးရာတွင်လည်း ဒေသအလိုက် လိုအပ်ချက်ကို တွက်ချက်ချင်းမပြုဘဲ ခွဲတမ်းအရပေးပို့ခဲ့သဖြင့် ပူအိုက်သောရာသီဥတုရှိသည့် အထက်အညာဒေသများတွင် အနွေးထည်နှင့်ဂွမ်းစောင်များ ပိုလျှံနေပြီး ချမ်းအေးသောရာသီဥတုရှိသည့် တောင်ပေါ်ဒေသများတွင် စွပ်ကျယ်လက်ပြတ်ခဲ့သို့သော ပစ္စည်းများပိုလျှံနေသည်မျိုး ကြုံတွေ့ခဲ့ရသည်ကို ဖြတ်သန်းခဲ့ဖူးသူတိုင်း သိရှိကြပါသည်။ သို့ရာတွင် စီးပွားရေးစီမံခန့်ခွဲသူတို့သည် အဆိုပါအခြေအနေမျိုးကို လျစ်လျူရှုခဲ့ကြပြီး လိုတိုးပိုလျှော့မလုပ်ခဲ့ကြသဖြင့် နိုင်ငံ၏စီးပွားရေးမှာ ကမောက်ကမအဖြစ်မျိုး ကြုံတွေ့ခဲ့ရခြင်းဖြစ်ပါသည်။

နိုင်ငံတိုင်း၌ နည်းလမ်းအမျိုးမျိုးဖြင့် အစိုးရအပြောင်းအလဲများဖြစ်ပေါ်ကြရာတွင် နောက်တက်လာသည့် အစိုးရသည် ယခင်အစိုးရ၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးတို့နှင့်စပ်လျဉ်းသည့် မူဝါဒများ၊ ရည်မှန်းချက်များ၊ စီမံကိန်းများနှင့် ဘဏ္ဍာရေး စသည်တို့ကို ပြန်လည်သုံးသပ်ကြစမြဲပင်ဖြစ်သည်။ ထို့နောက် ပြင်ဆင်သင့်သည်တို့ကို ပြန်လည်ပြင်ဆင်၊ ပိုတာတွေကိုပြန်လျှော့၊ လိုသည်တို့ကိုဖြည့်ဆည်းကြရစမြဲပင်ဖြစ်ပါသည်။

၂၀၁၅ ခုနှစ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသောပြည်သူတို့၏ အများစုဆန္ဒမဲဖြင့် တက်ရောက်လာသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဦးဆောင်သောအစိုးရက ပထမဦးစွာ ပြုပြင်ပြောင်းလဲခဲ့သည်မှာ အုပ်ချုပ်ရေးကဏ္ဍဖြစ်သည့် အစိုးရအဖွဲ့၏ ဖွဲ့စည်းပုံပင်ဖြစ်ပါသည်။ ယခင်က ဝန်ကြီးဌာန ၃၀ ကျော်ရှိခဲ့သော အစိုးရအဖွဲ့ကိုဝန်ကြီးဌာန ၂၀ ကျော်မျှဖြင့် ကျစ်လျစ်သိပ်သည်းစွာ ပြန်လည်ဖွဲ့စည်းခဲ့သည်။ သာမန်အားဖြင့်ကြည့်လျှင် ဝန်ကြီးဌာန အရေအတွက်လျော့သွားသလို ဝန်ကြီးအရေအတွက်မှာလည်းလျော့နည်းသွားသည်ဖြစ်၍ အသုံးစရိတ်များ လျော့ကျသွားသည်ဟု ထင်မြင်ယူဆဖွယ်ဖြစ်ပါသည်။

သို့ရာတွင် ဖျက်သိမ်းလိုက်သောဝန်ကြီးဌာန၏လက်အောက်ရှိ ဦးစီးဌာနအရေအတွက်မှာ လျော့ကျမသွားဘဲ လုပ်ငန်းသဘာဝချင်းနီးစပ်သည့် အခြားဝန်ကြီးဌာတစ်ခုခု၏အောက်တွင် သွားရောက်ပူးပေါင်းလိုက်ကြခြင်းသာဖြစ်ပါသည်။ ထိုအခါတွင် ပြည်ထောင်စုဝန်ကြီးတစ်ဦးအနေနှင့် ကြီးကြပ်ကွပ်ကဲရမည့် ဦးစီးဌာနများ များပြားလာပြီး လုပ်ငန်းများမနိုင်မနင်းဖြစ်ကြခြင်းကို အစိုးရ၏ပထမတစ်နှစ်တာ ကာလအတွင်း တွေ့မြင်သိရှိရပါသည်။ ထိုစဉ်က ပြည်ထောင်စုဝန်ကြီးတစ်ဦးအနေနှင့် ဝန်ကြီးဌာနလက်အောက်ရှိ မူလရှိရင်းစွဲဦးစီးဌာနများ၏ လုပ်ငန်းသဘာဝများကို လေ့လာနေရခြင်း၊ ယင်းဌာနများက ကိုင်တွယ်ကျင့်သုံးသော ဥပဒေ၊ နည်းဥပဒေများကို ရင်းနှီးကျွမ်းဝင်အောင်လေ့လာနေရခြင်းနှင့် ဝန်ထမ်းအကြီးအကဲများ၏ စိတ်ဓာတ်၊ ကိုယ်ရည်ကိုယ်သွေးနှင့် စွမ်းဆောင်နိုင်မှုကိုလည်း လေ့လာနေရသည်ဖြစ်ရာ အသစ်ပေါင်းစပ်ဝင်ရောက်လာသည့်ဦးစီးဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုအပိုင်းကို ထိရောက်စွာ ကြီးကြပ်ကွပ်ကဲရန် အားနည်းသည်မှာ အမှန်ပင်ဖြစ်ပါသည်။

ထိုစဉ်ကာလက နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် စီးပွားရေးတို့ကို လေ့လာသုံးသပ်ဝေဖန်သူများက အစိုးရကို အားမလိုအားမရဖြစ်ကြသည်မှာ ယင်းအချက်ကြောင့်ပင်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရက ချမှတ်သော မူဝါဒများကိုပြည်ထောင်စုဝန်ကြီးတစ်ဦးက မည်မျှပင်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်လိုသည်ဖြစ်စေ လက်အောက်ခံဝန်ထမ်းအဖွဲ့အစည်းများက တက်ကြွစွာ လိုက်ပါဆောင်ရွက်ခြင်းမပြုနိုင်ပါက စီမံကိန်းများမှာ မည်သို့မျှ အောင်မြင်စရာအကြောင်း မရှိနိုင်ပါ။ ဤသို့ဖြစ်ရသည့်အကြောင်းနှင့်ပတ်သက်၍ နိုင်ငံအကြီးအကဲများက အချို့သောဝန်ထမ်းများသည် ပညာပြနေကြသည် စသည်ဖြင့် ပြောဆိုသုံးသပ်မှုများရှိပါသည်။

ကျွန်တော့်အနေနှင့် အဆိုပါကိစ္စနှင့်ပတ်သက်၍ ပွင့်လင်းစွာဝေဖန်သုံးသပ်ရလျှင် ဤသို့ဖြစ်ရသည်မှာ နိုင်ငံတော်အကြီးအကဲများအပါအဝင် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များတွင်လည်း တာဝန်မကင်းဟူ၍ ဆိုချင်ပါသည်။ နိုင်ငံအကြီးအကဲများအနေနှင့်သော်လည်းကောင်း၊ ပြည်ထောင်စု ဝန်ကြီးများအနေဖြင့်သော်လည်းကောင်း ဝန်ကြီးဌာနများကို ပြင်ဆင် (လျှော့ချ)သတ်မှတ်ပြီးနောက် မိမိဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများမှ အကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၏ စိတ်ဓာတ်နှင့် စွမ်းဆောင်ရည်ကို လေ့လာအကဲခတ်ရမည်ဖြစ်သကဲ့သို့ ယင်းဦးစီးဌာနများ၏ ဖွဲ့စည်းပုံများကိုလည်း လေ့လာရမည်ဖြစ်ပါသည်။

**အမှန်တကယ်တော့**
**ပြည်သူတို့၏ အလုပ်အကိုင်အခွင့်အလမ်းများ**
**ရရှိရေးအတွက် အစိုးရတစ်ခုတည်းက**
**တာဝန်ယူရမည် မဟုတ်ပါ။ ပုဂ္ဂလိကအဖွဲ့အစည်း**
**များကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရမည်**
**ဖြစ်ပြီး အစိုးရကလည်း လိုအပ်သည်များကို**
**ပံ့ပိုးကူညီဆောင်ရွက်ပေးရပါမည်။**

အဘယ်ကြောင့်ဆိုသော် ဦးစီးဌာနများတွင် အရည်အချင်းရှိပြီး စွမ်းဆောင်ရည်ပြည့်ဝသူများရှိသကဲ့သို့ ဌာနနှင့်သက်ဆိုင်သည့် ကျွမ်းကျင်မှုမရှိဘဲ လူမှန်နေရာမှန် မဖြစ်သူများလည်းရှိကြရာ ယင်းတို့ကို လူမှန်နေရာမှန်ဖြစ်အောင် ဦးစွာပထမ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဤသို့ဖြစ်ရသည်မှာ တစ်ချိန်က လူမှန်နေရာမှန် မဟုတ်ဘဲ သူ့တပည့်၊ ငါ့တပည့် စသည်ဖြင့် နေရာပေးကာ ခေါ်ယူခန့်ထားခဲ့သည်များ ရှိခဲ့၍ဖြစ်သည်။

ဆက်လက်၍တင်ပြလိုသည်မှာ ဤဆောင်းပါး၏ခေါင်းစဉ်တွင် ဖော်ပြပါရှိသည့် လိုတိုးပိုလျှော့ပြဿနာပင် ဖြစ်ပါသည်။ ဦးစီးဌာနများ၏အကြီးအကဲများ၊ အရာရှိကြီးများ၏ လူမှန်နေရာမှန်ရှိမှုကို စိစစ်သုံးသပ်ပြီးနောက် ဆက်လက်ဆောင်ရွက်သင့်သည်မှာ ဦးစီးဌာနဖွဲ့စည်းပုံများကို လေ့လာသုံးသပ်ရန်ပင်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အချို့သောဌာနများတွင် အမှန်တကယ် လုပ်ငန်းတာဝန်ထမ်းဆောင်ရာ၌ ကျွမ်းကျင်သောဝန်ထမ်း မပြည့်စုံမှု၊ ဝန်ထမ်းအင်အားနည်းပါးမှုများကို တွေ့ရှိရသော်လည်း၊ အချို့သောဌာနများတွင်များတွင်မူ ဝန်ထမ်းအင်အားမှာ လုပ်ငန်းသဘာဝအရ အမှန်တကယ်လိုအပ်သည်ထက် ပိုမိုများပြားစွာခန့်ထားခဲ့ကြသည့်အတွက် ဖြစ်ပါသည်။

ဤသို့ဖြစ်ရသည်မှာ (ယခင်အစိုးရများအကြောင်း မပြောလိုသော်လည်း မပြောမဖြစ်၍ ပြောရပါမည်) မြန်မာနိုင်ငံတွင် အစိုးရအပြောင်းအလဲဖြစ်တိုင်း လက်ရှိတာဝန်ယူထားသည့်အစိုးရသည် နောင်တက်လာမည့်အစိုးရကို အရှိကိုအရှိအတိုင်း၊ အကောင်းကိုအကောင်းအတိုင်း လွှဲပြောင်းပေးလိုသည့်စိတ်ဆန္ဒ နည်းပါးသည်ကို တွေ့ရပါသည်။ မိမိတို့အာဏာ လက်ရှိဖြစ်နေသည့်ကာလ၊ လုပ်ပိုင်ခွင့်ရှိနေသည့်ကာလအတွင်း မိမိတို့၏လုပ်ပိုင်ခွင့်ဘောင်အတွင်းမှနေ၍ နိုင်ငံပိုင်မြေကွက်များ၊ အဆောက်အအုံများကို မိမိနှင့်နီးစပ်သူများအား အလွန်သက်သာသောဈေးနှုန်းများဖြင့် ငှားရမ်း/ရောင်းချပေးခြင်း၊ လေလံခေါ်သည်။ တင်ဒါခေါ်သည်ဆိုသော်လည်း နည်းလမ်းအမျိုးမျိုးဖြင့် မိမိပေးစေလိုသူကိုသာ ရစေခြင်း စသည်တို့အပြင် ဘဏ္ဍာငွေကြေးကိုပါ နောင်တက်လာသော အစိုးရအတွက် အကျပ်အတည်း/အခက်အခဲဖြစ်အောင် လုပ်ဆောင်ခဲ့လေ့ရှိကြသည်ကို တွေ့မြင်ကြားသိခဲ့ရပါသည်။

ထိုကဲ့သို့ လုပ်ပိုင်ခွင့်မရှိကြသော ပုဂ္ဂိုလ်များအနေနှင့်လည်း အခြားသောနည်းလမ်းများဖြင့် မိမိအကျိုးရှိပြီး နောက်လူအကျိုးမဲ့စေသည့် လုပ်ရပ်မျိုးကို လုပ်ဆောင်ခဲ့ကြသည်။ ဤသည်မှာအခြားမဟုတ်ပါ။ မိမိဌာနအနေနှင့် လုပ်ငန်းတာဝန်များကို နိုင်နင်းစွာထမ်းဆောင်နိုင်ပါလျက် လုပ်ငန်းအောင်မြင်အဆင်ပြေစေရန်အတွက်ဟုဆိုကာ ဌာန၏ဝန်ထမ်းဖွဲ့စည်းပုံကို အဆမတန် တိုးချဲ့ဖွဲ့စည်းခဲ့ကြခြင်းဖြစ်သည်။ ဌာနတစ်ခုကို ဖွဲ့စည်းပုံတိုးချဲ့ဖွဲ့စည်းသည်ဆိုရာတွင် အောက်ခြေဝန်ထမ်းအင်အားကို တိုးချဲ့ဖွဲ့စည်းရသည့်အလျောက် ၎င်းဝန်ထမ်းအင်အားနှင့် လိုက်လျောညီထွေဖြစ်စေမည့် အထက်အရာရှိအဆင့်ဆင့်၏ ရာထူးများကိုပါ တိုးမြှင့်ပြင်ဆင်ရသည့်ဖြစ်ရာ တစ်ချိန်က ဦးစီးအရာရှိအဆင့်မျှလောက်ဖြင့် အုပ်ချုပ်သည့်ရုံးကို လက်ထောက်ညွှန်ကြားရေးမှူးအဆင့်သို့လည်းကောင်း၊ ယခင်က လက်ထောက်ညွှန်ကြားရေးမှူးအဆင့်ဖြင့် အုပ်ချုပ်သည့်ရုံးကို ယခု ဒုတိယညွှန်ကြားရေးမှူးမှသည် ညွှန်ကြားရေးမှူးအဆင့်သို့လည်းကောင်း တိုးမြှင့်၍ ရာထူးများသတ်မှတ်ခဲ့သည့်ဌာနများလည်း ရှိကြသည်။

ထိုကဲ့သို့ ရာထူးအဆင့်များ တိုးမြှင့်သတ်မှတ်ခဲ့သော်လည်း အဆိုပါရာထူးအဆင့်များသို့ ရာထူးတိုးမြှင့် ခန့်ထားပေးရာတွင် လက်ရှိဌာနတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများထဲမှ လုပ်ရည်ကိုင်ရည်နှင့် ပညာအရည်အချင်းရှိသူ၊ လုပ်သက်နှင့်အတွေ့အကြုံရှိသူများကို ဦးစားပေးခန့်ထားခြင်းမပြုဘဲ အခြားဌာနအဖွဲ့အစည်းများမှ မိမိတပည့်သားမြေးဖြစ်ခဲ့ဖူးသူ၊ မိမိနှင့်အကြောင်းအပေါင်းသင့်သူများကိုသာ ဦးစားပေး၍ ခေါ်ယူခန့်ထားခြင်းများ ပြုခဲ့ကြပါသည်။

ထိုကဲ့သို့ ပြုမူဆောင်ရွက်ခဲ့ခြင်းများကြောင့် လက်ရှိအစိုးရအနေနှင့် အခက်အခဲနှင့်အကျပ်အတည်းများ ကြုံတွေ့ရသည်ကား အမှန်ပင်ဖြစ်ပါသည်။ ပထမဦးစွာ ကြုံတွေ့ရသည့်ပြဿနာမှာ မြောက်မြားလှစွာသော ဝန်ထမ်းအင်အားစုကြီးအတွက် လစာနှင့်စရိတ်များ လစဉ်ကျခံနေရသောကြောင့် ဖြစ်ပေါ်နေသည့် ဘဏ္ဍာငွေကြေး အကျပ်အတည်းပင်ဖြစ်ပါသည်။ ဒုတိယပြဿနာမှာ ထိုကဲ့သို့ ဝန်ထမ်းများဖောင်းကြွနေသည့်အတွက် အမှန်တကယ် ကျွမ်းကျင်ဝန်ထမ်းရှားပါးမှုနှင့် ကြုံတွေ့နေရသည့် ပြဿနာပင်ဖြစ်ပါသည်။

အစိုးရအနေနှင့် မြောက်မြားစွာသော ငွေကြေးများကျခံသုံးစွဲနေရသော်လည်း ယနေ့မြန်မာနိုင်ငံမှ ဝန်ထမ်းများရရှိနေသည့်လစာမှာ (ပညာရေးနှင့် ကျန်းမာရေးစရိတ်မပါ) မိသားစုတစ်စု ကောင်းစွာစားသောက်နိုင်သည့်အခြေအနေပင် မရှိပါ။ နိုင်ငံတကာအဆင့်မီ ကျွမ်းကျင်သောဝန်ထမ်းရရှိရန်နှင့် ဝန်ထမ်းဘဝသာယာလှပရေးအတွက်ဆိုပါလျှင် ဝန်ကြီးဌာန/ဦးစီးဌာနအလိုက် ကျစ်လျစ်သောဖွဲ့စည်းပုံတစ်ရပ်ကို ပြန်လည်ရေးဆွဲစေ၍ အရည်အချင်းပြည့်မီသောဝန်ထမ်းများနှင့် အစိုးရယန္တရားကို လည်ပတ်စေပြီး ဝန်ထမ်းများကိုလည်း ကျွမ်းကျင်မှုအလိုက်/ပညာအရည်အချင်းအလိုက် လစာ၊ စရိတ်နှင့်ချီးမြှင့်ငွေများ ပို၍တိုးမြှင့်ပေးနိုင်မည်ဆိုလျှင် နိုင်ငံ တော်အနေနှင့် ယခုထက်များစွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

ဝန်ထမ်းဖွဲ့စည်းပုံကို ကျစ်လျစ်စွာ ပြန်လည်ဖွဲ့စည်းရမည်ဆို၍ ဌာနအချို့တွင် လက်ရှိအရေအတွက် များပြားနေသောဝန်ထမ်းများကို အငြိမ်းစားပေးရန် ဆိုလိုခြင်းမဟုတ်ပါ။ အချို့သောဌာနများတွင် ဝန်ထမ်းအင်အား မလုံလောက်သောကြောင့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ခြင်းမရှိကြောင်း ပြောဆိုနေကြသည်ကို ကြားသိနေရပါသည်။ ထို့ကြောင့် ပိုလျှံနေသောဌာနများမှဝန်ထမ်းများကို လိုအပ်သောကျွမ်းကျင်မှုဆိုင်ရာသင်တန်းများပေး၍ လိုအပ်သောဌာနများကို ဖြည့်ဆည်းပေးခြင်းနှင့် လစ်လပ်သွားသောရာထူးနေရာများတွင် ဝန်ထမ်းအသစ်များ ထပ်မံမခန့်ထားခြင်းဖြင့် တစ်စတစ်စနှင့် ဝန်ထမ်းဖောင်းပွခြင်းမှ ကင်းဝေးသွားမည် ဖြစ်ပါသည်။

ဤသို့ဆိုသဖြင့် အချို့က နိုင်ငံသားတို့၏ အလုပ်အကိုင်အခွင့်အလမ်းများ လျော့နည်းသွားမည်ဟု ပြောကြပါလိမ့်မည်။ အမှန်တကယ်တော့ ပြည်သူတို့၏ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် အစိုးရတစ်ခုတည်းက တာဝန်ယူရမည် မဟုတ်ပါ။ ပုဂ္ဂလိကအဖွဲ့အစည်းများကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရမည်ဖြစ်ပြီး အစိုးရကလည်း လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးရပါမည်။ ပုဂ္ဂလိကလုပ်ငန်းများအနေနှင့် မိမိကုမ္ပဏီတွင် သတ်မှတ်ကာလတစ်ခု တာဝန်ထမ်းဆောင်နေသူများကို အိမ်လခပံ့ပိုးခြင်းအပါအဝင် နေထိုင်ရေးအဆင်ပြေစေရန် ဆောင်ရွက်ပေးသင့်သလို၊ နှစ်ရှည်လများ တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများအတွက်လည်း အလုပ်မှအနားယူသည့်အခါ အဆင်ပြေစေရေး ဆောင်ရွက်ပေးမည်ဆိုပါက ယခုလို အစိုးရအလုပ်ကို ဝင်ရောက်တိုးခွေ့နေသည့်အဖြစ်မှ ကင်းဝေးမည်ဖြစ်ပါသည်။ ကျွန်တော်တို့ခေတ်တွင်တော့ အစိုးရအလုပ်မှတစ်ပါး အခြားအလုပ်-လုပ်စရာမရှိသည့်အတွက် အစိုးရအလုပ်ကိုသာ အလုအယက် လျှောက်ထားခဲ့ကြခြင်း ဖြစ်ပါသည်။

အချုပ်ဆိုရသော် အစိုးရသက်တမ်းတစ်ဝက်ကျော်သည်အထိ ဝန်ကြီးဌာနအလိုက် ဝန်ထမ်းဖွဲ့စည်းပုံများကို ပြန်လည်စိစစ်၍ လိုတိုးပိုလျှော့မလုပ်ရသေးသည်ဖြစ်ရာ ယခုမှစတင်၍ လုပ်ဆောင်မည်ဆိုပါက အချိန်တွေ ကျော်လွန်လာခဲ့ပြီလား သို့မဟုတ် ကျန်ရှိသည့်အစိုးရသက်တမ်းကို မီနိုင်မည်လား မမီနိုင်မည်လား ဆိုသည်ကတော့ ကျွန်တော်လည်း မပြောတတ်ပါခင်ဗျား …။

■ **သိန်းထက်အောင်**

# မြန်မာ

ဒီမိုကရေစီတိုက်ပွဲမှာ တစိုက်မတ်မတ် လှုပ်ရှားပါဝင် တိုက်ပွဲဝင်ခဲ့တဲ့ ကျောင်းသားခေါင်းဆောင်တွေထဲက အဓိကခေါင်းဆောင်တစ်ဦးဖြစ်တဲ့ မမီးမီးဟာ ၁၃-၈-၂၀၁၈ ရက်နေ့မှာ ရေဝတီတိုင်း၊ ကျောင်းကုန်းမြို့အနီး ယာဉ်တိမ်းမှောက်မှုကြောင့် ဆုံးပါးခဲ့ရပါတယ်။ ဒီမိုကရေစီရဲဘော်ရဲဘက်တွေအတွက် ကြီးမားတဲ့ ဆုံးရှုံးမှုပါ။ ၈-၈-၈၈ ရက်နေ့မှာစတင်ခဲ့တဲ့ ရှစ်လေးလုံးအရေးတော်ပုံဟာ ယခု၈-၈-၂၀၁၈ ရက်နေ့မှာ အနှစ် ၃၀ ပြည့်မြောက်ခဲ့ပါပြီ။ တိုက်ပွဲတွေ မပြီးဆုံးခင်မှာ ကြွေလွင့်ခဲ့ရတဲ့ကြယ်တစ်ပွင့်အတွက် အားလုံးက ဝမ်းနည်းကြေကွဲခဲ့ရပါတယ်။

မပြီးဆုံးသေးတဲ့တိုက်ပွဲဆိုတာက

(၁) လက်ရှိ မြန်မာ့နိုင်ငံရေး အခြေအနေတွေအရ မတူကွဲပြားပြီး အရောင်အသွေးမျိုးစုံနဲ့ ဖြစ်ပေါ်ရပ်တည်နေတဲ့ ဒီမိုကရေစီအခွင့်အရေးဆိုင်ရာဆုံးရှုံးမှုတွေ၊

(၂) အသွင်သဏ္ဍာန်ကွဲပြားတဲ့ နယ်ပယ်ပေါင်းစုံက အခက်အခဲအမျိုးမျိုးတွေ၊ ဖိနှိပ်ချုပ်ချယ်မှုတွေ၊ အဓမ္မလုပ်ဆောင်မှုတွေ

(၃) အသီးကင်းစအရွယ် မြန်မာ့ဒီမိုကရေစီ အခွင့်အရေးတွေကို နည်းမျိုးစုံနဲ့ ဖျက်ဆီးနှောင့်ယှက်နေကြတဲ့သူတွေ (စနစ်ဟောင်းအာဏာရှင်မျိုးဆက်တွေနဲ့ ဒီမိုကရေစီအရေခြုံအခွင့်အရေးသမား အာဏာရှင်မျိုးဆက်တွေ) ရဲ့အန္တရာယ်တွေ အစရှိတာတွေကနေ လွတ်မြောက်အောင် တိုက်ရဦးမယ့်တိုက်ပွဲကို ဆိုလိုချင်တာပါ။

လက်ရှိအခြေအနေအရ မပြီးဆုံးသေးတဲ့တိုက်ပွဲကို ဝင်နေကြဆဲမှာ ၈၈၈၈ အရေးအခင်းကာလက သွေးစည်းညီညွတ်စွာ တိုက်ပွဲဝင်ခဲ့ကြသူတွေ ရဲဘော်ရဲဘက်တွေ ကြယ်ကြွေသလို တဖြုတ်ဖြုတ်ကြွေလွင့်နေကြသလို စည်းလုံးညီညွတ်မှုတွေလည်း တဖြည်းဖြည်းနဲ့ ပြိုကွဲနေတာကို စိတ်မကောင်းစွာတွေ့မြင်နေရပါတယ်။ ၈၈၈၈ အရေးအခင်းတိုက်ပွဲ ဝင်စဉ်က ဦးတည်ချက်တစ်ခုတည်းရှိတာမို့ အတူလက်တွဲနိုင်ခဲ့ပေမယ့် ယနေ့ကာလမှာတော့ မိမိရဲ့အတ္တ၊ မာနနဲ့ လူ့သဘာဝ လူ့လောဘတွေရဲ့သဘောသဘာဝအတိုင်း တစ်ယောက်နှင့်တစ်ယောက် တိုက်ခိုက်ကြ ပုတ်ခတ်ကြ၊ ဝေဖန်ကြနဲ့ မြင်ရကြားရတာ အင်မတန်မှ ဝမ်းနည်းစရာကောင်းလှပါတယ်။

၈၈၈၈ အရေးတော်ပုံဟာ အခုနှစ်ဆိုရင် နှစ် ၃၀ ပြည့်ပါပြီ။အခု လက်ရှိနိုင်ငံရေးအခန်းကဏ္ဍတွေမှာ တာဝန်ယူနေကြတဲ့ အသက် ၄၀ ဝန်းကျင်တွေဟာ အရေးအခင်းကာလမှာ အသက်၁၀နှစ်အရွယ်သာရှိပါတယ်။ အရေးအခင်းမှာ လှုပ်ရှားခဲ့ကြတဲ့ ၂၀ ဝန်းကျင်ကျောင်းသားတွေ၊ လူပုဂ္ဂိုလ်တွေက အခုဆို အသက် ၅၀ တန်းကိုရောက်ပါပြီ။ အသက် ၃၀ တန်းက အခု ၆၀ တန်းပါ။ အသက် ၄၀ တန်း နိုင်ငံရေးသမားတွေ ၈၈၈၈ အရေးတော်ပုံကာလမှာ အသက်အရွယ်ငယ်သေးတာမို့ တချို့ဆိုရင်ထဲထဲဝင်ဝင် သိချင်မှသိမှာပါ။ စိတ်ခံစားချက်ပိုင်းဆိုင်ရာတွေမှာလည်း လေးနက်မှုတွေလျော့နည်းနိုင်သလို ၈၈၈၈ အရေးအခင်းကို ပုံရိပ်ဆိုးအဖြစ်မြင်သူတွေလည်း ရှိနိုင်ပါတယ်။

၈၈၈၈ အရေးတော်ပုံရဲ့သမိုင်းကို မြန်မာ့နိုင်ငံရေးပုံရိပ်ဆိုးတစ်ခုအဖြစ်သတ်မှတ်ထားပြီး မြန်မာ့သမိုင်းကနေ ပျောက်ကွယ်သွားအောင် ဖန်တီးနေကြတဲ့ ပုဂ္ဂိုလ်တွေရှိနေဆဲ ဖြစ်ပါတယ်။ ၈၈၈၈ အမှတ်တရတွေကို မှေးမှိန်သွားအောင် ဆောင်ရွက်နေကြဆဲပါ။ အခက်အခဲမျိုးစုံတွေအကြားကနေ ဒီမိုကရေစီရဲဘော်ရဲဘက်တွေက ၈၈၈၈ ပုံရိပ်တွေကိုမပျောက်ပျက်အောင်ကြိုးစားခဲ့ကြတာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအသက်ဝင်ပြီး နောက်ပိုင်း သမ္မတဦးသိန်းစိန်အစိုးရ လက်ထက်ကစလို့ မြန်မာနိုင်ငံအနှံ့အပြားမှာ ရှစ်လေးလုံးအထိမ်းအမှတ်အခမ်းအနားတွေ သူ့ထက်ငါ ကျင်းပကြ၊ အမှတ်ရ အောက်မေ့ကြနဲ့ စည်ကားစွာ သိုက်မြိုက်ခဲ့ပါတယ်။ ဒါပေမဲ့ ဒီနှစ်မှာ အဲဒီလိုအခမ်းအနားမျိုးတွေ နည်းပါးသွားတာကို သတိပြုမိပါတယ်။ ကချင်ပြည်နယ်မြို့တော်ဖြစ်တဲ့ မြစ်ကြီးနားမြို့မှာတောင် အဆိုပါအခမ်းအနားကို ကျင်းပပြုလုပ်ခဲ့တာမျိုးမရှိတဲ့အပြင် ဝန်ကြီးအဖွဲ့ဝင်တချို့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်တချို့ဆို အဆိုပါနေ့မှာ နယ်မြို့တွေကိုဆင်းပြီး တွေ့ဆုံပွဲတွေ၊ အစည်းအဝေးတွေလာရောက်ဆောင်ရွက်ခဲ့တာကြောင့် အဆိုပါမြို့နယ်က NLD ခေါင်းဆောင်ပိုင်းတွေလည်း အထိမ်းအမှတ်အခမ်းအနားကို မတက်ရောက်နိုင်ဘဲ ဝန်ကြီးတွေကြိုရ၊ လွှတ်တော်ကိုယ်စားလှယ်ခေါင်းဆောင်ပိုင်းတွေကို ကြိုဆိုကြရနဲ့ ကိုယ့်မြို့ ကိုယ့်အခမ်းအနားတွေ စည်စည်ကားကား မပြုနိုင်ခဲ့တာကို တွေ့ရပါတယ်။

အထူးသဖြင့် ရန်ကုန်မြို့ ကန်သာယာပန်းခြံမှာပြုလုပ်ခဲ့တဲ့ ရှစ်လေးလုံးအခမ်းအနားကို နှစ်စဉ်သဝဏ်လွှာပေးပို့နေကျ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့သဝဏ်လွှာဟာ ဒီနှစ်မှာ မပေးပို့ခဲ့တာကြောင့် ဝေဖန်မှုတွေမြင့်တက်ခဲ့ပါတယ်။ အခုလို NLD အစိုးရတစ်ရပ်ဖြစ်ပေါ်နိုင်ခဲ့ခြင်းရဲ့အခြေခံအကျဆုံးအရာက ရှစ်လေးလုံးအရေးတော်ပုံဖြစ်တဲ့အကြောင်း၊ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းကြည်ဆိုပြီး တစ်နိုင်ငံလုံး လက်ခံသွားစေတာ ရှစ်လေးလုံးအရေးတော်ပုံသာဖြစ်ကြောင်းနဲ့ ရှစ်လေးလုံးအရေးတော်ပုံကို စတင်အသက်သွင်းခဲ့တဲ့ ကျောင်းသားခေါင်းဆောင်တွေဟာ ခေါင်းဆောင်ကောင်းတစ်ယောက်ကိုဖော်ထုတ်ဝိုင်းရံခဲ့ကြတာဖြစ်ကြောင်း တစ်ယောက်တစ်ပေါက် ဆိုခဲ့ ပြောခဲ့ ကြပါတယ်။

အရေးအခင်းကာလမှာ အလွန်စည်းလုံးညီညွတ်ခဲ့ကြတဲ့ ရဲဘော်




ရဲဘက်တွေ အချင်းချင်းအကြားမှာ ဆက်ဆံရေးတွေ တစ်နေ့တခြား အေးခဲလာပြီလားဆိုတဲ့မေးခွန်းကို ဖြေကြည့်ပေးပါဆိုရင် အင်းဟုတ်တာပေါ့ ဆိုတဲ့ အဖြေကို ကျွန်တော်တို့တစ်တွေ ဖြေရမှာ အင်မတန်ကြောက်ပါတယ်။

ရှစ်လေးလုံးအရေးတော်ပုံကြောင့် မြို့နယ်တိုင်းမှာရှိနေတဲ့ အမာခံခေါင်းဆောင်တွေ အချုပ်တွေ ထောင်တွေထဲကနေ ထွက်မလာခင်မှာဘဲ NLD ပါတီထူထောင်ခဲ့တဲ့သတင်းနဲ့ ဒေါ်အောင်ဆန်းစုကြည်နယ်ထွက်စည်းရုံးတဲ့သတင်းတွေကို သံတိုင်တွေအကြားကနေ နားစွင့်ရင်း ဝမ်းသာအားရဖြစ်ခဲ့မိကြတာ အမှန်ပါ။ ကျွန်တော်တို့တစ်တွေ အချုပ်ကနေလွတ်တော့ NLD မှာ တာဝန်ယူနေတဲ့ ဥက္ကဋ္ဌတွေ၊ အတွင်းရေးမှူးတွေဟာ အရေးအခင်းကာလမှာ တစ်ကြိမ်တစ်ခါမှ မမြင်ဖူးသူတွေဖြစ်ပေမယ့်လည်း လူမှန်နေရာမှန်တွေဖြစ်မှာပါ ဆိုပြီး ကျွန်တော်တို့ မုဒိတာပွားကြစို့ဆိုပြီး အချင်းချင်း အားပေးစကားပြောခဲ့ကြတာကို အမှတ်ရပါတယ်။ ၁၉၉၀ ရွေးကောက်ပွဲမှာ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်အရွေးခံသူတွေအတော်များများဟာလည်း အရေးအခင်းမှာပါဝင်ခဲ့သူတွေမဟုတ်တာလည်း တွေ့ရပါတယ်။ ဒါပေမဲ့ နိုင်ငံအတွက်၊ ပြည်သူလူထုအတွက် ပေးဆပ်လိုတဲ့စိတ်ရှိသူတိုင်း နိုင်ငံအတွက် အတူလုပ်ဆောင်ကြမယ်ဆိုတဲ့သူမှန်သမျှကို လက်ကမ်းကြိုဆိုကြရမှာ ကျွန်တော်တို့တစ်တွေရဲ့တာဝန်ပါ။ မုဒိတာတရားနဲ့ လက်ခံကြရမှာပါ။

မုဒိတာမပွားနိုင်တဲ့သူတွေလည်း ရှိကောင်းရှိမှာပါ။ ၈၈၈၈ အရေးအခင်းမှာ တက်ကြွစွာပါဝင်ခဲ့သူဖြစ်ပြီး NLD ပါတီကိုဆက်သွယ်ခဲ့ပေမယ့် နေရာမပေးဘဲ ချောင်ထိုးခံရလို့ ပါတီကနေ ပြန်ထွက်လာသူတွေလည်း အများအပြားပါ။ NLD ကနေထွက်ပြီး တစ်သီးပုဂ္ဂလကိုယ်စားလှယ်အဖြစ် ဝင်အရွေးခံကြသူတွေလည်း ရွေးကောက်ပွဲမှာ အောင်ခဲ့ကြပါတယ်။

၂၀၁၅ ရွေးကောက်ပွဲမှာ NLD ပါတီရဲ့လူကိုမကြည့်ဘဲ ပါတီကိုသာကြည့်ပြီး မဲပေးကြပါဆိုတဲ့ NLD ပါတီကို ပြည်သူလူထုနဲ့အတူ ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်တို့ဦးဆောင်ခဲ့တဲ့ ၈၈ မျိုးဆက်ကျောင်းသားတွေအပါအဝင် တစ်နိုင်ငံလုံးမှာရှိနေကြတဲ့ ၈၈မျိုးဆက်ကျောင်းသားတွေ ဝိုင်းရံခဲ့ကြပါတယ်။ ၈၈ မျိုးဆက်ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ဦးကိုကိုကြီးဟာ NLD မှာဝင်ရောက်ပြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံဖို့ကြိုးစားခဲ့တာ မအောင်မြင်ခဲ့ပေမယ့်လည်း ၈၈ကျောင်းသားတွေဟာ NLD ကိုဝိုင်းရံခဲ့ကြတဲ့အပြင် တစ်နိုင်ငံလုံးမှာရှိခဲ့ကြတဲ့ ဒီမိုကရေစီတိုက်ပွဲဝင်ရဲဘော်အားလုံး NLD ကို ဝိုင်းရံခဲ့ကြတာပါ။ ဦးကိုကိုကြီးကို ရွေးကောက်ခံကိုယ်စားလှယ်အဖြစ် NLD က မရွေးချယ်ခဲ့တဲ့ဖြစ်ရပ်ဟာ ကျောင်းသားခေါင်းဆောင်အုပ်စုနဲ့ NLD ပါတီခေါင်းဆောင်တွေအကြား အဖုအထစ်တစ်ခု စတင်ဝင်ရောက်စေတဲ့အဖြစ်အပျက်လို့ ပြောနိုင်ပါတယ်။

တပ်မတော်အပေါ်မှာ သဘောထားတင်းမာတဲ့ ကျောင်းသားအုပ်စုကို အမျိုးသားရင်ကြားစေ့ရေးလမ်းကြောင်းကို အဓိကထားလျှောက်လှမ်းနေတဲ့ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ အစိုးရအဖွဲ့အတွင်းကို ထည့်သွင်းဖွဲ့စည်းရမှာ အခက်အခဲရှိနေလို့များလား၊ ဒါမှမဟုတ် NLD မှာနေရာရပြီးသူတွေအနေနဲ့ မိမိနေရာကို ဖယ်ပေးရမှာစိုးရိမ်လို့များလား၊ ဒါမှမဟုတ် NLD ရဲ့မိတ်ဆွေအကြံပေး သူရဦးရွှေမန်းရဲ့အဖွဲ့က ကျောင်းသား ခေါင်းဆောင်တွေကိုချန်ရစ်ခဲ့ဖို့ အကြံများပေးလေရော့သလား ကျွန်တော်တို့အားလုံး အဖြေတိတိကျကျ မထုတ်နိုင်ဘဲ ဒွိဟဖြစ်ပြီး ဆွံ့အစေခဲ့တာအမှန်ပါ။ NLD နဲ့ ကျောင်းသားအုပ်စုအကြား၊ ကျောင်းသားအုပ်စုတွေအချင်းချင်းအကြား ငွေကုန်ကြေးကျခံပြီး သွေးခွဲသပ်လျှိုတဲ့စနစ်နဲ့ စနစ်တကျဖျက်ဆီးနေတဲ့ အဖွဲ့ရှိနေပြီလားဆိုတာကိုလည်း သံသယဖြစ်ခဲ့ကြပါတယ်။

ဒီနှစ်မှာ ဦးကိုကိုကြီးနဲ့ ကျောင်းသားခေါင်းဆောင်တချို့ ပါတီထောင်တဲ့ကိစ္စနဲ့ပတ်သက်ပြီး ဒီမိုကရေစီရဲဘော်ရဲဘက်တွေအကြား သဘောကွဲလွဲမှုတွေဖြစ်ပေါ်ခဲ့ကြတာ အင်မတန်မှ စိတ်မကောင်းစရာပါ။ စိတ်ချင်းတူရင်၊ နိုင်ငံအကျိုးကို လိုလားတာချင်းတူရင် သူ့ပါတီမှ၊ ငါ့ပါတီမှဆိုတဲ့ အစွဲကိုချွတ်ပြီး အတူယှဉ်တွဲလုပ်ကိုင်ဖို့ ကြိုးစားရမယ်ဆိုတဲ့အချက်ကိုလည်း ထည့်သွင်းစဉ်းစားသင့်တယ်လို့ မြင်ပါတယ်။

NLD ရွေးကောက်ပွဲနိုင်ပြီး အစိုးရဖွဲ့ချိန်မှာ NLD ကို အားလုံးက မျှော်လင့်တကြီးနဲ့ စောင့်ကြည့်ခဲ့ကြပါတယ်။ အားကိုးခဲ့ကြပါတယ်။ ယနေ့လက်နက်စွဲကိုင်ပြီး တော်လှန်ရေးလုပ်နေကြတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ နှစ်ပေါင်း ၆၀ ကျော်တိုက်ခိုက်နေကြပေမယ့်လည်း ယနေ့အထိ မြန်မာနိုင်ငံရဲ့ ခေါင်းဆောင်ပိုင်းနေရာတစ်နေရာကိုမျှ မရရှိသေးတဲ့အချိန်မှာ အပ်တိုတစ်ချောင်းကိုမျှ ကိုင်စွဲခြင်းမရှိဘဲ ယနေ့မြန်မာနိုင်ငံရေးကိုဦးဆောင်နိုင်တဲ့ ခေါင်းဆောင်ပိုင်းနေရာတစ်နေရာကို ရရှိအောင်စွမ်းဆောင်နိုင်ခဲ့တဲ့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ အရည်အချင်းက ပြောစရာမရှိအောင်ပြည့်စုံပါတယ်။ ဒါပေမဲ့ သူမနဲ့အတူသူမဖြစ်ချင်တဲ့ဆန္ဒတွေ၊ အိပ်မက်တွေဖြစ်လာအောင် ပူးပေါင်းဆောင်ရွက်နိုင်တဲ့ပုဂ္ဂိုလ်၊ ခေါင်းဆောင်တချို့သာရှိခဲ့ပြီး အများစုက အစေ့အဆန်မပါတဲ့ စပါးနှံ့တွေသာပေါက်ရောက်နေတဲ့ ထိုးထိုးထောင်နဲ့ အရုပ်ဆိုးလှတဲ့စပါးခင်းတွေကိုသာ စိုက်ပျိုးနိုင်ခဲ့တယ်လို့ ယူဆမိပါတယ်။

NLD အစိုးရဖြစ်ပြီး သုံးနှစ်အတွင်းကို ရောက်ရှိလာခဲ့တဲ့အချိန်မှာ အရေးကြီးပါတယ်ဆိုတဲ့ အောက်ပါကဏ္ဍတွေကို တစ်ချက်ချင်းကြည့်ရင်- (ပညာရှင်အမြင်နဲ့မဟုတ်ဘဲ အရပ်သားအမြင်၊ ပြည်သူလူထုအမြင်ဖြစ်တာမို့ မပြည့်စုံရင် နားလည်ခွင့်လွှတ်ပေးစေချင်ပါတယ်။ လွတ်လပ်စွာ ထင်မြင်ယူဆခွင့်ရှိတယ်ဆိုတဲ့အချက်ကို အားကိုးထားပါတယ်။)

**(၁) ငြိမ်းချမ်းရေး**

ကြီးကျယ်ခမ်းနားလှတဲ့စကားလုံးတွေ၊ အခမ်းအနားတွေကို အင်မတန်လှပစွာ မှတ်တမ်းတင်နိုင်ခဲ့ပေမယ့် လက်တွေ့မှာ ရေပေါ်မှာအရုပ်ရေးသလို အရာထင်တာ ဘာမှမရှိဘူးလို့ ဆိုရပါမယ်။ ပြည်သူလူထုအနေနဲ့ ပျင်းရိငြီးငွေ့ဖွယ်ရာ ဇာတ်လမ်းတွဲကြီးတစ်ခုကို ထိုင်ကြည့်နေရသလို ခံစားရပါတယ်။

**(၂) ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး**

NLD က ကြွေးကြော်ခဲ့တဲ့ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ဖို့ထက် အသစ်ရေးဆွဲခြင်းသည်သာ အကောင်းဆုံးဖြစ်တယ်ဆိုတဲ့ စကားသံတွေကို ပြည်သူလူထုအကြားမှာ ပိုပြီးရေပန်းစားလာပါတယ်။

**(၃) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု**

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ အလုံးအရင်းနဲ့ဝင်လာပြီး အလုပ်အကိုင်အခွင့်အလမ်းတွေ တိုးတက်များလာတော့မလိုနဲ့ လူပျိုလှည့်လာသူတွေ ချောင်းကြည့် ပြုံးပြန်အဆင့်နဲ့သာ ပြီးဆုံးသွားတာများတာမို့ နိုင်ငံတော်အပျိုကြီးဘဝက နိုင်ငံတော်အပျိုဟိုင်းကြီးဘဝကိုသာ တက်ရောက်နိုင်ခဲ့တယ်လို့ ဆိုရမှာပါ။

**(၄) နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး**

လမ်းတံတားတွေ ပန်းခင်းတစ်ခုလို ပွင့်နိုင်ခဲ့ပေမယ် တစ်မြို့လုံးရဲ့ ရေနုတ်မြောင်းကို အရင်ဆောင်ရွက်ဖို့ ဘတ်ဂျက်မချပေးတာတွေ၊ အဓိကကျတဲ့ ရေနုတ်မြောင်းဘတ်ဂျက်စနစ်မပါဝင်တဲ့ လမ်းစီမံကိန်းတွေ၊ ချဉ်းကပ်လမ်းဘတ်ဂျက်မပါဝင်တဲ့ တံတားသစ်တည်ဆောက်ရေးစီမံကိန်းတွေ၊

စာမျက်နှာ 24 သို့

**အထူးသဖြင့် ၈၈ တွေ လူမှုရေးလုပ်ငန်းသီးသန့်ဆိုတဲ့ မူဝါဒကနေ ထွက်ပြီး စီမံအုပ်ချုပ်တဲ့နိုင်ငံတော်အစိုးရအတွင်းကို ဝင်လာပေးပါ။ NLD အနေနဲ့လည်း ၈၈ တွေကို နိုင်ငံတော်စီမံအုပ်ချုပ်တဲ့နေရာတွေကို ရောက်ရှိလာအောင် စည်းရုံးဆောင်ရွက်ပေးပါလို့။**

# ရုရှားတို့၏ နိုင်ငံရေးအကောက်ကြံမှုများ ရပ်တန့်ရန် Microsoft လှုံ့ဆော်

**ဝါရှင်တန်၊ ဩဂုတ် ၂၃**

ရုရှားအစိုးရသည် အမေရိကန်လွှတ်တော် အပါအဝင်၊ နိုင်ငံရေးအဖွဲ့အစည်းများကို အင်တာနက် ကတစ်ဆင့် အကောက်ကြံပြီး ဟက်ကာများနှင့် ပူးပေါင်း တိုက်ခိုက်နေမှုများအား ရပ်တန့်ရန် ကမ္ဘာကျော်ဆော့ဖ်ဝဲ ကုမ္ပဏီကြီးတစ်ခုဖြစ် သည့် Microsoft က လှုံ့ဆော် စည်းရုံးလျက်ရှိကြောင်း AFP သတင်းတွင် ဖော်ပြထားသည်။


AFP

လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း အတုအယောင် အင်တာနက် လိုင်း ၆ ခုကိုပိတ်သိမ်းခဲ့ရကြောင်း၊ ထို Website များ၏ နောက်ကွယ်တွင် ရုရှားတပ်မတော် GRU ထောက်လှမ်းရေး အဖွဲ့များ ပါဝင်ပတ်သက်နေကြောင်း၊ အမေရိကန် နိုင်ငံရေးအဖွဲ့အစည်း နှစ်ခုနှင့် ဆီးနိတ်လွှတ်တော်လည်း တိုက်ခိုက်ခြင်းခံခဲ့ရကြောင်း ယင်းသတင်းကဆိုသည်။

အတုအယောင် Website များသည် လူငယ်များအကြိုက် ဖန်တီးထားပြီး ထိုအထဲသို့ ရောက်လာသည့် သူတိုင်း၏ အီးမေးလ်နှင့် password များကို အရယူထားကာ အကွက်ချောင်းလျက်ရှိကြသည်။

Fancy Bear ကဲ့သို့သော အမည်လှလှလေးများ ပေးထားသည့် Website များကတစ်ဆင့် ၂၀၁၆ ခုနှစ်က ကျင်းပခဲ့သော အမေရိကန် သမ္မတရွေးကောက်ပွဲကို ဝင်ရောက်နှောင့်ယှက်ကာ နိုင်ငံရေးပါတီများနှင့် နိုင်ငံရေး လှုပ်ရှားမှုများကို ဦးတည်တိုက်ခိုက်သွားခဲ့ကြောင်း Microsoft ကပြောကြားသည်။

လာမည့် နိုဝင်ဘာ ကွန်ဂရက်ရွေးကောက်ပွဲတွင်လည်း ရုရှားတို့က ဟက်ကာများနှင့် ပါဝင်ပတ်သက်နိုင်သဖြင့် သမ္မတ ဒေါ်နယ်ထရမ့်နှင့် ရီပတ်ဘလီကန်ပါတီအနေနှင့် စိုးရိမ်ရမည့် အနေအထားတွင် ရှိနိုင်သည်ဟုဆိုသည်။

ဆိုက်ဘာလုံခြုံရေးအဖွဲ့များနှင့် Microsoft ကုမ္ပဏီကလည်း အမေရိကန် ပါတီများသာမက ကိုယ်စားလှယ် လောင်းများအား အွန်လိုင်းကတစ်ဆင့် တစ်ဦးချင်းတိုက်ခိုက်မှုများကို ၂၀၁၈ ခုနှစ် ရွေးကောက်ပွဲတွင် ခံရဖွယ်ရှိကြောင်းသတိပေးချက်များ ထုတ်ပြန်ထားသည်။

ရုရှားတို့သည် ၂၀၁၆ ခုနှစ်က သမ္မတရွေးကောက်ပွဲတွင် ဆိုရှယ်မီဒီယာကို အသုံးချပြီး သတင်းတု သတင်းယောင်များကို ထုတ်ပြန်ခဲ့သည့်ကိစ္စများ ပေါ်ပေါက်ခဲ့သဖြင့် Facebook လည်း သိက္ခာကျဆင်းခဲ့ရ သည်။

၂၀၁၆ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ရုရှားထောက်လှမ်းရေးအဖွဲ့အစည်းပေါင်း ၁၂ ဖွဲ့သည် ပါဝင်ပတ်သက်ခဲ့မှု ရှိကြောင်း ရောဘတ် မူးလားကလည်း ထုတ်ဖော်သတိပေးခဲ့သည်။

လွန်ခဲ့သည့် သုံးနှစ်ကတည်းက ရုရှားတို့၏ အွန်လိုင်းကတစ်ဆင့် ခိုးဖောက်ပါဝင်ပတ်သက်မှုများကို ဆွီဒင်၊ ဂျာမနီ၊ ပြင်သစ်၊ နယ်သာလန်နိုင်ငံများပါ ခံခဲ့ရကြောင်း AFP တွင် ရေးသားထားသည်။ ■

# လူငယ်အိုင်တီလုပ်ငန်းရှင်များအတွက်ပွဲ ထိုင်းနိုင်ငံတွင်ကျင်းပ

**ဘန်ကောက်၊ ဩဂုတ် ၂၃**


Bangkok Post

ထိုင်းနိုင်ငံတက္ကသိုလ်များက တီထွင်ဖန်တီးသည့် ကျောင်းသား လူငယ်များနှင့် လုပ်ငန်းရှင်လောင်းများ ပေါ်ထွက်ရေးကို ရည်စူးပြီး “Startup Thailand League 2018” တီထွင်မှုဆိုင်ရာပြပွဲကိုကျင်းပ ခဲ့ကြောင်း Bangkok Post သတင်းတွင် ဖော်ပြထားသည်။

ထိုင်းနိုင်ငံ Mahidol တက္ကသိုလ်ဝင်းအတွင်း ကျင်းပခဲ့သည့် ထိုပွဲကို နိုင်ငံတစ်ဝန်းလုံးရှိ တက္ကသိုလ်ကျောင်းများမှ ကျောင်းသားပေါင်း ၂၀၀၀ သည် အဖွဲ့ပေါင်း ၅၀၀ ဖြင့် ပူးပေါင်း ပါဝင်ပြီး တီထွင်မှုပေါင်း ၁၉၀ ကျော်ကိုပြသခဲ့ကြောင်း ယင်းသတင်းကဆိုသည်။

ယင်းပွဲကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ကြီးမှူးကျင်းပပေးခဲ့ခြင်းဖြစ်ပြီး ဆုများကိုလည်း ဝန်ကြီးဌာနက ရွေးချယ်ကာ ချီးမြှောက်ခဲ့သည်။

Easy Gas ဆိုသည့် ဇီဝလောင်စာဖြင့် ချက်ပြုတ်နိုင်သည့် ဓာတ်ငွေ့တစ်မျိုးကို တီထွင်ပြနိုင်ခဲ့သော Silpakore တက္ကသိုလ်မှ အဖွဲ့က ပထမဆုကိုရရှိသွားခဲ့ပြီး၊ ထိုဇီဝဓာတ်ငွေ့သည် လက်ရှိ အသုံးပြုနေသည့် liquefied petroleum gas (LPG) ဓာတ်ငွေ့များ နေရာတွင် အစားထိုးသုံးစွဲရန်အထိ အဆင့်မီကြောင်း၊ ယခုအခါ ယင်းအဖွဲ့သည် ထိုင်းနိုင်ငံ Siam Gas Petrochemicals ကုမ္ပဏီနှင့် ပူးပေါင်းပြီး ဇီဝဓာတ်ငွေ့များကို ထုတ်လုပ် သွားရန် စီစဉ်နေကြောင်း Bangkok Post တွင် ရေးသားထားသည်။

Easy Gas ကို တီထွင်သည့်အဖွဲ့သည် ဓာတ်ငွေ့များကို အသုံးပြုနေစဉ် မှတ်တမ်းနှင့် ယိုစိမ့်မှုကိုပါ အာရုံခံနိုင်သည့် ဆင်ဆာစနစ်များကို ပူးတွဲတီထွင်ပေးနိုင်ခဲ့သည်။

Prince of Songkla တက္ကသိုလ်မှ အဖွဲ့သည် Fifth Gear ဆိုသည့် GPS နှင့် SOS စနစ်များကို စက်ဘီးများတွင် တပ်ဆင်ပြီး မှတ်တမ်းတင်ပေးသည့် ဆော့ဖ်ဝဲအား တီထွင်ခဲ့သဖြင့် စက်ဘီးစီးပြီး ခရီးသွားသူများအတွက် အဆင်ပြေနိုင်မည့် စနစ်တစ်ခုအဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရသည်။

သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများကို စောင့်ကြည့်ပေးမည့် The Guardian ဆိုသည့် ဆော့ဖ်ဝဲကို King Mongkut နည်းပညာတက္ကသိုလ်မှအဖွဲ့က တီထွင်ခဲ့ပြီး၊ အရေးပေါ် သတိပေးစနစ်များကိုလည်း လူနာများ အတွက် တီထွင်ပေးနိုင်ခဲ့သည်။

ထိုင်းနိုင်ငံ တက္ကသိုလ်များတွင် ပရောဂျက်များဖြင့် ကျောင်းပြီးသော်လည်း လုပ်ငန်းရှင်များ ဖြစ်လာစေရေးကို ဦးစားပေး သင်ကြားလျက်ရှိပြီး၊ ထိုကဲ့သို့သော ပညာရှင်များပေါ်ထွက်စေရန် သိပ္ပံနှင့် နည်းပညာဝန်ကြီးက အားပေးအားမြှောက်လုပ်ဆောင်နေကြောင်း Bangkok Post တွင် ရေးသားထားသည်။ ■

# NEWS IN BRIEF

## လပေါ်တွင် ရေခဲပြင်တည်ရှိကြောင်း NASA အတည်ပြု

အမေရိကန်အာကာသသိပ္ပံအဖွဲ့ NASA သည် လမျက်နှာပြင်ပေါ်၌ ရေခဲပြင်ရှိနေကြောင်း သက်သေပြခဲ့ပြီး အနာဂတ်တွင် အာကာသခရီးအတွက် ပိုပြီးအဆင်ပြေနိုင်တော့မည်ဖြစ်ကြောင်း ပြောကြားသည်ဟု AP သတင်းတွင် ဖော်ပြထားသည်။

ဟာဝိုင်ရီနှင့် ဘရောင်းတက္ကသိုလ်တို့မှ ရှုလီဦးဆောင်သည့် သိပ္ပံပညာရှင်အဖွဲ့သည် NASA ကထုတ်ပြန်ထား သော လပေါ်ရှိ မြေပုံများမှ ဒေတာများကို အခြေခံကာလ၏ မြောက်နှင့် တောင်ဝင်ရိုးစွန်း အမှောင်ဖုံးနေသည့် နေရာများတွင် ရေခဲပြင်များ ဖြစ်တည်နေခြင်းကို ဖော်ထုတ်နိုင်ခဲ့ကြောင်း ယင်းသတင်းကဆိုသည်။

ရေခဲပြင်ဖုံးလွှမ်းနေလျှင် ရေရှိနိုင်ရန် သေချာသလောက်ဖြစ်နေကြောင်း၊ ရေခဲပြင်ကြီးကလည်း ရေများကို ရယူသုံးစွဲနိုင်လောက်သည့် အကျယ်အဝန်းတွင် ရှိနေကြောင်း NASA အဖွဲ့ကလည်း အတည်ပြုခဲ့သည်။ ■

## ကမ္ဘာ့လေကြောင်းမြေပုံကို ရေးဆွဲမည့် ပထမဆုံး ဂြိုဟ်တုစေလွှတ်

ကမ္ဘာ့လေကြောင်းပြ မြေပုံများကို ရေးဆွဲရန်အတွက် ဥရောပအနေနှင့် ပထမဆုံး လေကြောင်းမြေပုံရေးဆွဲမည့် ဂြိုဟ်တုတစ်လုံးကို ပြင်သစ်နိုင်ငံ ဂူယာနာစခန်းကတစ်ဆင့် စေလွှတ်ခဲ့ကြောင်း The Guardian သတင်းတွင် ဖော်ပြထားသည်။

Aeolus ဟုအမည်ပေးထားသည့် ဂြိုဟ်တုသည် ကမ္ဘာ့မြေပြင်အထက် မိုင် ၂၀၀ အကွာအဝေးမှနေပြီး ကမ္ဘာပေါ်တွင် တိုက်ခတ်နေသည့် လေကြောင်းများကို စောင့်ကြည့်ပြီး မှတ်တမ်းများပြုစုသွားမည်ဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

ဥရောပ အာကာသအေဂျင်စီ (ESA) အနေဖြင့် ဥရောပသမဂ္ဂ (EU) နှင့် ပူးပေါင်းကာ ကော့ပါးနီးကပ် ပရောဂျက်အနေနှင့် ဆောင်ရွက်နေခြင်းဖြစ်ကာ၊ ကမ္ဘာ့ကပ်ဘေးများကို ရှောင်လွှဲနိုင်ရေးအတွက် အစီအစဉ်တစ်ခုဖြစ်ကြောင်း The Guardian တွင် ရေးသားထားသည်။ ■

## အုန်းဆီသည် အဆိပ်ဖြစ်သည်ဟု ထုတ်ပြန်

Freiburg တက္ကသိုလ်မှ ပါမောက္ခ ကာရင် မစ်ရှဲလ်က အုန်းဆီသည် အဆိုးရွားဆုံးသော အဆိပ်တစ်မျိုးဖြစ်ပြီး ထင်ထားသကဲ့သို့ ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသည်ဆိုခြင်းမှာ မဟုတ်ကြောင်း ပြောကြားချက်ကို CNN သတင်းတွင် ဖော်ပြထားသည်။

အုန်းဆီသည် အဆီဓာတ်အများဆုံး ကြွယ်ဝသည့်အမျိုးအစားဖြစ်ပြီး ယနေ့ နှလုံးရောဂါဖြစ်ပွားမှုအများဆုံးမှာ အုန်းဆီစားသုံးခြင်းနှင့် ဆက်စပ်နေကြောင်း ယင်းကဆိုသည်။

ယခုလိုပြောသဖြင့် အုန်းဆီကို လုံးဝမစားသုံးရန် ပြောခြင်းမဟုတ်ကြောင်း၊ ထိုင်းနိုင်ငံ အစားအစာအများစုသည် အုန်းဆီနှင့် အုန်းနို့များ လွန်ကဲစွာပါနေခြင်းကြောင့် သတိထားစားသုံးရန် လိုအပ်ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ဖော်ပြောသလို အုန်းဆီက ကျန်းမာရေးကို အထောက်အကူပြုနိုင်သည်ဆိုခြင်းမှာ မဟုတ်ကြောင်း မစ်ရှဲလ်ကပြောကြားသည်။ ■

## ဟက်ကာများသည် အွန်လိုင်းငွေကြေးစနစ်အတွက် စမတ်ဖုန်းများကို ခိုးဖောက်ရန် ပစ်မှတ်ထား

မိမိတို့ကိုင်ဆောင်နေသည့် စမတ်ဖုန်းများ ရုတ်တရက် နှေးသွားခြင်း၊ ပူလောင်လာခြင်း၊ ဘက်ထရီ အနေ အထား သိသိသာသာ ကျဆင်းသွားခြင်းများ ဖြစ်လာပါက ဟက်ကာများသည် တစ်ခုခုခိုးဖောက်နေပြီဖြစ်ကြောင်း သတိပြုရန် AFP သတင်းတွင် ဖော်ပြထားသည်။

Wavestone ကုမ္ပဏီမှ အိုင်တီပညာရှင်တစ်ဦးဖြစ်သူ ဘေးလ်လ့ိုက်စ်က နောက်ဆုံးပေါ် ဖုန်းများကို တိုက်ခိုက်သည့် ယင်းစနစ်ကို Cryptojacking ဟု အမည်ပေးထားပြီး ငွေကြေးများကို ဖုန်းများဖြင့် လွှဲပြောင်းနေမှုများအား စောင့်ကြည့်ပြီး ခိုးဖောက်ရန် ကြိုးစားနေခြင်းဖြစ်ကြောင်း ပြောကြားသည်။

မိုဘိုင်းလ်ဖုန်းများတွင် ထရိုဂျင်ဆိုသည့် ဗိုင်းရပ်စ်တစ်မျိုးကို ထည့်ပေးထားပြီး ငွေကြေးလွှဲပြောင်းမှုများကို ဟက်ကာအုပ်စုတစ်စုသည် လွန်ခဲ့သည့် တစ်နှစ်ခန့်ကတည်းက စောင့်ကြည့်နေကြကြောင်း ဘေးလ်လ့ိုက်စ်က သတိပေးထားသည်။ ■

## ဟက်ကာများသည် စက္ကန့် ၆၀ တိုင်းကို ကမ္ဘာ့စီးပွားရေးမှ ဒေါ်လာတစ်သန်း ခိုးယူနေဟုဆို

ဟက်ကာများသည် ကမ္ဘာ့စီးပွားရေးလုပ်ငန်းများမှာ စက္ကန့် ၆၀ တိုင်းကို ဒေါ်လာ တစ်သန်းနှုန်းခန့် ခိုးယူနေသဖြင့် စိုးရိမ်စရာကောင်းလာကြောင်း ဆန်ဖရန်စစ္စကိုအခြေစိုက်၊ ဆိုက်ဘာလုံခြုံရေး ကုမ္ပဏီတစ်ခုဖြစ်သည့် RiskIQ အဖွဲ့၏ ထုတ်ဖော်ပြောကြားချက်ကို Business Insider သတင်းတွင် ဖော်ပြထားသည်။

အွန်လိုင်းကတစ်ဆင့် အတိုက်အခိုက်ခံနေရမှုများသည် မိနစ်တိုင်းတွင် ၁၈၆၁ ဦးခန့်ရှိနေပြီး၊ ယမန်နှစ် တစ်နှစ် တည်းမှာပင် ကမ္ဘာ့စီးပွားရေးစနစ်ကြီးသည် ဆိုက်ဘာတိုက်ခိုက်မှုကြောင့် ဒေါ်လာ ဘီလီယံ ၆၀၀ ခန့်ဆုံးရှုံးခဲ့ရကြောင်း ယင်း သတင်းကဆိုသည်။

RiskIQ အဖွဲ့က ထုတ်ဖော်ပြရာတွင် မိနစ်တိုင်းတွင် ဟက်ကာများ ခိုးဖောက်နေမှုကြောင့် ဒေါ်လာ ၁၁၃၈၈၈ ခန့် ဆုံးရှုံးနေကြရပြီး၊ အင်တာနက်ဖွံ့ဖြိုးလာလေ၊ စိုးရိမ်စရာကလည်းပိုမြင့်လာလေဖြစ်ကြောင်း၊ စီးပွားရေး လုပ်ငန်းများကို အင်တာနက်နှင့် ချိတ်ဆက်လုပ်ဆောင်နေသူများ သတိထားသင့်ကြောင်းပြောကြားသည်။ ■

# 'နာနာဘာဝ ချစ်သူ' ရုပ်ရှင်ဇာတ်ကား

သန့်ဇင်ဦး

ဒါရိုက်တာ ဩရသ ရိုက်ကူးပြီး သရုပ်ဆောင် ဗေလုဝ၊ ညီထွဋ်ခေါင်၊ ကျော်ကျော်၊ ထိုင်းမင်းသမီး ပတ်ချရာ၊ အရိုင်း၊ ဆင်မ တို့ ပါဝင်တဲ့ 'နာနာဘာဝ ချစ်သူ' ရုပ်ရှင်ဇာတ်ကားကို ဩဂုတ်လ ၂၄ ရက်နေ့ကနေစပြီး ရုံတင်ပြသသွားတော့မှာပါ။ ဒီဇာတ်ကားမှာ ပါဝင်ထားတဲ့ အနုပညာရှင်တွေရဲ့ ရင်တွင်းစကားသံတွေကို The Voice က မေးမြန်းဖော်ပြထားပါတယ်။

## ဗေလုဝ

ဒီဇာတ်ကားလေးကတော့ သရဲကားတွေထဲမှာ နည်းနည်းထူးခြားတဲ့ ပုံစံမျိုးလေး ရိုက်ထားတာပါ။ သရဲကားဆိုပေမယ့် Romance လေးတွေလည်း ပါတယ်။ ဒီကားမှာ ကျွန်တော်က နိုင်ငံခြားက ပြန်လာတဲ့ သင်္ဘောသားပေါ့နော်။ မြန်မာပြည် ပြန်ရောက်တဲ့အချိန်မှာ အိမ်တစ်အိမ်ကို ဝယ်လိုက်တယ်။ အဲ့ဒီအိမ်မှာပဲ ထိုင်းသရဲမလေးနဲ့ တွေ့တာပေါ့။ ဒီကားလေးက ရသစုံတဲ့ ဇာတ်ကားလေးပါ။ အချစ်၊ အလွမ်း၊ အပျော်မျိုးစုံ ပါပါတယ်။ ထိုင်းမင်းသမီးလေးက အက်တင်တောင်းတဲ့ အထဲမှာပါတယ်။ ဒါပေမဲ့ သရုပ်ဆောင်မှု နည်းစနစ်ကတော့ နည်းနည်း ကွာတာပေါ့နော်။ သူတို့ လုပ်တဲ့ အက်တင်ကတော့ နည်းနည်းပါးတယ်။ သူနဲ့ Love Scene တွေ ရိုက်တဲ့အခါမှာတော့ တစ်ပြည်သူလေးကို ဖက်ရမှာ နည်းနည်း အားနာတော့ မဖက်ချင်ဘူး။ ထိုင်းမင်းသမီးကတောင် ကိုယ့်ထက် ရဲနေသေးတယ်။ ကိုယ်ကတော့ နည်းနည်းရှက်သလိုတောင် ဖြစ်နေတယ်။ မြန်မာရှက်လေးပေါ့နော်။ ဒီကားလေးကို ပရိသတ်တွေ လာရောက်အားပေးကြည့်ရှုကြဖို့လည်း ဖိတ်ခေါ်ချင်ပါတယ်။


ဓာတ်ပုံ- သန့်ဇင်ဦး

## အရိုင်း

ဒီဇာတ်ကားမှာတော့ ကျွန်တော်က ယိုးဒယားစကားပြန်တစ်ယောက်အဖြစ် သရုပ်ဆောင်ထားပါတယ်။ ကျွန်တော့်ကို သင်ပေးတဲ့ ကလေးမလေးကလည်း မြန်မာပြည်ကိုလာတဲ့ ယိုးဒယားတွေကို Guide လုပ်ပေးနေတဲ့သူပါပဲ။ သူက သေသေချာချာ သင်ပေးပါတယ်။ စကားအတိုလေးတွေကတော့ အခက်အခဲ မရှိဘူးပေါ့နော်။ စကားအရှည်ကြီးတွေကျတော့ ဖြတ်ဖြတ်ပြီး ပြောရတာပေါ့။ တည်းဖြတ်သမားက ဆက်တာ တော်တဲ့အတွက် ပြန်ကြည့်ရတာတော့ အဆင်ပြေပါတယ်။ လေယူလေသိမ်း၊ အဖြတ်အတောက်ကတော့ ပြောရမယ့်စကားအပေါ် မူတည်ပြီး သတိထားရတာပေါ့။ ဒီကားလေးက နည်းနည်းလေးလည်း ထူးခြားပါတယ်။ ပုံမှန်ဆို လူက သရဲကို ကြောက်ရတာလေ။ ဒီကားလေးကကျတော့ သရဲကနေ လူကို ပြန်ကြောက်ရတဲ့အတွက် တစ်မျိုးလေး ဆန်းနေမှာပါ။

ကိုဗေလုဝနဲ့ ထိုင်းမင်းသမီးလေးရဲ့ Love Scene တွေကလည်း အင်မတန်ကို ပရိသတ်တွေ ရယ်မော၊ ပျော်ရွှင်ရမှာပါ။ ကျွန်တော်တို့ကတော့ ဇာတ်ကို တစ်ထောင့်တစ်နေရာကနေ ပံ့ပိုးတဲ့အနေနဲ့ပဲ ပါဝင်ထားပါတယ်။


ဓာတ်ပုံ- သန့်ဇင်ဦး


ဓာတ်ပုံ- သန့်ဇင်ဦး

## ဆင်မ

ဒီကားမှာ ကျွန်တော်က ဝိညာဉ်ဖြစ်နေတဲ့ သူပေါ့နော်။ စုံထောက်ပေါ့။ ဒီဇာတ်ကားလေးရဲ့ မူရင်းဇာတ်လမ်းကလည်း ကောင်းတယ်။ ကျွန်တော်တို့လည်း ကြည့်ဖူးတယ်။ နာနာဘာဝ ချစ်သူ ဇာတ်ကားကတော့ ဒါလေးကိုပဲ မှီငြမ်းပြီးတော့ ရိုက်ထားတာပေါ့နော်။ ဒီကားထဲမှာ မှတ်မှတ်ရရကတော့ စုံထောက်ဖြစ်တဲ့အတွက် ခပေါင်းဆေးလိပ်ကို ရေခဲတောင် စီးကရက်လုပ်ပြီး သောက်တဲ့အခန်းလေးပေါ့။ ကျွန်တော်ပါဝင်ရတဲ့ အခန်းလေးတွေမှာတော့ ကြိုးစားပြီး သရုပ်ဆောင်ထားပါတယ်။

ကိုဗေလုဝနဲ့ ထိုင်းမင်းသမီးနဲ့ကို တွဲပေးထားတာဆိုတော့ ဇာတ်လမ်းလေးလည်း ဆန်းတာပေါ့နော်။ ဒီကားက ထုတ်လုပ်သူတွေအတွက်လည်း စွန့်စားမှုတစ်ခုပါပဲ။ နာမည်ကြီး မင်းသား၊ မင်းသမီးတွေ မပါဘဲနဲ့ ဇာတ်ပို့တွေနဲ့ပဲ ရိုက်ထားတာဆိုတော့လေ။ မင်းသားတွေဖြစ်တဲ့ ကျော်ကျော်တို့၊ ညီထွဋ်ခေါင် တို့ကလည်း သူတို့ကျရာနေရာကနေ ပါဝင်အားဖြည့်ပေးထားပါတယ်။ ဒီကားလေးက လာကြည့်မယ့် ပရိသတ်တွေအတွက် ခံစားမှုအပြောင်းအလဲတစ်ခုတော့ ရသွားမှာပါ။


ဓာတ်ပုံ- သန့်ဇင်ဦး

## ညီထွဋ်ခေါင်

ဒီဇာတ်ကားလေးမှာတော့ ကျွန်တော် ပါဝင်ရတဲ့ အခန်းက နည်းပါတယ်။ ဒီဇာတ်ကားလေးက ကြောက်စရာကောင်းတဲ့ သရဲကား မဟုတ်ဘူး။ ရယ်စရာကောင်းတဲ့ သရဲကားလေးပါ။ မြန်မာကားထဲမှာ ဆိုရင် နည်းနည်းရှားတယ်လို့ ပြောရမှာပေါ့နော်။ ဒီကားထဲမှာ ဦးဗေလုဝက မင်းသားပါ။ ထိုင်းမင်းသမီးလေးလည်း အသစ်ဆိုပေမယ့် အရမ်းတော်ပါတယ်။ သူတို့ဆီမှာကျတော့ အနုပညာကျောင်းတွေမှာ စနစ်တကျ သင်ခဲ့ရတာဆိုတော့ အလုပ်လုပ်တာ Professional အရမ်း ဆန်ပါတယ်။ ဒီကားမှာဆို ဦးဗေနဲ့ ထိုင်းမင်းသမီးလေးရဲ့ Romance ခန်းလေးတွေက ပရိသတ်တွေ သဘောကျမှာပါ။ ကျွန်တော်တို့ဆို ရှူတင်မှာ ရိုက်နေတုန်းကတည်းက ရယ်နေရတယ်။ ဦးဗေကလည်း ဟာသမှာ အရမ်းတော်တယ်။ ထိုင်းမင်းသမီးလေးကလည်း အသစ်ဆိုပေမယ့်ကြိုးစားတဲ့အတွက် သူတို့ သရုပ်ဆောင်တာ အတွဲညီပါတယ်။ သရဲကားဆိုရင် ကြောက်လို့ မကြည့်တဲ့ ပရိသတ်တွေဆိုရင်တော့ ပျော်စရာကောင်းတဲ့ နာနာဘာဝ ချစ်သူ ဇာတ်ကားလေးကို လာကြည့်ရင် သဘောကျသွားမှာပါလို့ အာမခံပါတယ်။

## ဂျပန်ဘာသာနဲ့ သီဆိုထားတဲ့ Single သီချင်းသစ်ထွက်ရှိတဲ့ FT ISLAND

ဆိုးလ်၊ ဩဂုတ် ၂၃

တောင်ကိုရီးယားနိုင်ငံရဲ့ နာမည်ကျော် အမျိုးသားဂီတအဖွဲ့ တစ်ဖွဲ့ ဖြစ်တဲ့ FT ISLAND က ဂျပန်ဘာသာနဲ့ သီဆိုထားတဲ့ သီချင်းသစ်တစ်ပုဒ်ကို ဂျပန်နိုင်ငံမှာ ဖြန့်ချိပေးခဲ့ကြောင်း kpop herald .com မှာ ဖော်ပြထားပါတယ်။

ဒီသီချင်းကိုတော့ 'Pretty Girl' လို့ အမည်ပေးထားပြီး အချစ်သီချင်းတစ်ပုဒ်လည်း ဖြစ်ပါတယ်။ Single Album မှာတော့ 'Pretty Girl' သီချင်းအပြင် 'Remember' လို့ အမည်ရတဲ့ ရော့ခ်သီချင်းတစ်ပုဒ်နဲ့ 'Break It Down' လို့ အမည်ရတဲ့ ပေါ့ပ်သီချင်းတစ်ပုဒ်လည်း ပါဝင်ပါတယ်။

FT ISLAND အဖွဲ့ရဲ့ ရှစ်ချပ်မြောက် Single Album ကိုတော့ ပုံမှန် Version တစ်မျိုး၊ Limited Edition သုံးမျိုးနဲ့ ဖြန့်ချိပေးခဲ့တာဖြစ်ပြီး Limited Edition မှာတော့ DVD အချပ် တစ်ချပ်လည်း အမှတ်တရလက်ဆောင်အနေနဲ့ ထည့်သွင်းပေးထားပါတယ်။

FT ISLANDအဖွဲ့က Single Album ထွက်ရှိခြင်းအထိမ်းအမှတ်အနေနဲ့ ဂျပန်နိုင်ငံရှိ မြို့ကြီးခုနစ်မြို့မှာ ဂီတဖျော်ဖြေပွဲ ၁၁ ပွဲ ပြုလုပ်သွားဖို့လည်းရှိပါတယ်။ သူတို့အဖွဲ့ရဲ့ EP Album ဖြစ်တဲ့ 'What If' ကိုတော့ ဇူလိုင်လအတွင်းက ဖြန့်ချိပေးခဲ့ပါတယ်။



# "အပျိုမိန်းကလေးတစ်ယောက်ကို အိမ်ထောင်ကျဖူးတယ်၊ Living Together နေတယ်ဆိုတဲ့ စကားတွေပြောတာ မကောင်းပါဘူး"

## နေခြည်ဦးနဲ့ တွေ့ဆုံခြင်း

သန့်ဇင်ဦး

**လူမှုကွန်ရက်ဖေ့စ်ဘွတ်ခ်မှာအချစ်ရေးကိစ္စနဲ့ ပတ်သက်ပြီးဝေဖန်မှုတွေ ခံနေရတဲ့ နာမည်ကျော် Beauty Bloggerနေခြည်ဦးနဲ့ တွေ့ဆုံပြီး အချစ်ရေးကိစ္စကြောင့် ဝေဖန်ခံနေရတဲ့အပေါ် သူ့ခံစားမှုနဲ့ ဖြေရှင်းချက်တွေကို The Voice က မေးမြန်းဖော်ပြထားပါတယ်။**

**Voice: နေခြည်ဦးရဲ့ အချစ်ရေးကိစ္စနဲ့ ပတ်သက်ပြီး ဖေ့စ်ဘွတ်ခ်မှာ ဂယက်တွေ ထွက်ပေါ်လာတာ ဘာကြောင့်လို့ ထင်လဲ။**

**NCO:** ဂယက်တွေထွက်ပေါ်လာတာကတော့ နေခြည်တို့ နှစ်ယောက်ရဲ့စတင်တွေ့ဆုံမှုကြောင့်လို့ ထင်ပါတယ်။ သူနဲ့ ကိုယ်နဲ့ စတွေ့တဲ့အချိန်တုန်းက သူက ဘော့စ်ပေါ့နော်။ သူ့ရဲ့ ဆိုင်ဖွင့်ပွဲကိုသွားရင်းနဲ့ နေခြည်တို့ တွေ့ကြတယ်။ အဲ့ဒီတုန်းကတော့ နေခြည့်မှာလည်း ရည်းစားရှိတာပေါ့နော်။ နောက်ပိုင်းမှာ နေခြည်တို့ ကြိုက်သွားတော့ ဂယက်ကစပြီပေါ့။ နေခြည်တို့ရဲ့ တွေ့ဆုံမှုမှာ တခြားလူတွေလည်း ပါဝင်ပတ်သက်နေတာပေါ့။ နေခြည့်အနေနဲ့ ပြောရရင်တော့ ဘယ်သူမှားတယ်၊ ဘယ်သူမှန်တယ်ဆိုတာကို ကာယကံရှင်တွေက အသိဆုံးပါ။ အခုချိန်အထိလည်း သူ့ကို နေခြည် လိပ်ပြာသန့်သန့်နဲ့ ချစ်တယ်။

**Voice: ကိုယ်ရွေးချယ်လိုက်တဲ့ ချစ်သူကရော ကိုယ့်အပေါ် ဘယ်လောက်အထိ ဖေးမကူညီပေးလဲ။**

**NCO:** သူက နေခြည့်ကို အရမ်းချစ်ပါတယ်။ အရမ်းလည်း သည်းခံတယ်။ အရမ်းလည်း အလိုလိုက်တယ်။ ကိုယ်က လိုက်ပြီးတော့ တစ်ဖက်သတ် လိုက်ချစ်နေရတာမဟုတ်ဘူး။ သူအရမ်းချစ်လို့ ကိုယ်ကသူ့အပေါ် နားလည်ပေးပြီး ချစ်ခဲ့တယ်။ အဲ့ဒါကြောင့်လည်း နေခြည်တို့အချစ်ရေးက အခုချိန်အထိ အေးအေးဆေးဆေး သာသာယာယာ ဖြစ်နေတာပေါ့နော်။ နေခြည်တို့ စကြိုက်ကတည်းကလည်း အများကြီးပြောခံခဲ့ရတာပါ။ အခု ကြိုက်ပြီးရှစ်လ၊ ကိုးလလောက်ရှိတာတောင် ဒီစကားတွေ ပြောခံနေရတုန်းဆိုတော့ အပုတွေများလိုက်တာ၊ အမုန်းတွေ များလိုက်တာလို့ ပဲတွေးပါတယ်။ ဒီဂယက်ကြောင့် နေခြည်တို့ရဲ့ Relationship ကိုလုံးဝအထိခိုက် မခံပါဘူး။ နှစ်ယောက်လုံးကအေးအေးဆေးဆေးပါပဲ။ ဒါပေမဲ့ ကိုယ့်ပရိသတ်တွေကတော့ စိတ်ပူတာပေါ့နော်။ ကိုယ့်ကို မုန်းတီးတဲ့သူတွေ၊ မနာလိုတဲ့သူတွေအတွက်ကျတော့ တိုက်ခိုက်ဖို့အတွက် ခွင့်ဖြစ်သွားတာပေါ့။


ဓာတ်ပုံ- နေခြည်ဦး Facebook

**Voice: တချို့တွေကဆို အိမ်ထောင်ကျဖူးတယ်ဆိုပြီး ပြောကြတာတွေတောင် ရှိတယ်နော်။ ဒီလိုဝေဖန်တိုက်ခိုက်မှုတွေကြောင့် ဘယ်လောက်အထိ ခံစားခဲ့ရလဲ။**

**NCO:** နေခြည့်ကို ပြည်ပမှာ ကျောင်းတက်တုန်းက ပါမောက္ခတွေနဲ့တောင် ပေးစားတယ်။ အိမ်ထောင်ကျဖူးတယ်ဆိုပြီး ပြောကြတယ်။ တချို့ကျတော့ ကောင်လေးတစ်ယောက်နဲ့ Living Together နေဖူးတယ်လို့ ပြောကြတယ်။ အရင်တုန်းက နေခြည့်မှာ ရည်းစားဟောင်းတစ်ယောက်ရှိခဲ့ပါတယ်။ သူနဲ့ နေခြည်က ရန်ကုန်၊ မန္တလေးလောက်နေတာပါ။ ကျောင်းလည်းမတူပါဘူး။ သေချာလည်း စုံစမ်းကြည့်ကြပါဦးလို့။ သူများ သားသမီးကို အသရေဖျက်တယ်ဆိုတာ နေခြည်က နားလည်ပေးနိုင်လို့၊ သည်းခံပေးနိုင်လို့ပါ။ တခြားနေရာမှာဆို ဒီလိုမျိုး သည်းခံပေးနိုင်မှာ မဟုတ်ပါဘူး။ အပျိုမိန်းကလေးတစ်ယောက်ကို အိမ်ထောင်ကျဖူးတယ်၊ Living Together နေတယ် ဆိုတဲ့ စကားတွေ ပြောတာ မကောင်းပါဘူး။

**Voice: သူများရည်းစားကိုလုသွားတဲ့၊ စနိုက်ကြော်မဆိုပြီး ကိုယ့်ကိုနာမည်တပ်ကြတဲ့အပေါ်မှာရော ဘယ်လိုပြန်ဖြေရှင်းချင်လဲ။**

**NCO:** အဲ့ဒီလိုပြောကြတဲ့ အတွက် အရမ်းစိတ်မကောင်းဖြစ်မိတယ်။ ငယ်ငယ်တုန်းကဆို သူငယ်ချင်းတွေထဲမှာ စနိုက်ကြော်မဆိုပြီး နာမည်တပ်ခံရတဲ့ မိန်းကလေးတွေ တွေ့တုန်းက ဒီလောက် မခံစားမိဘူး။ ကိုယ်တိုင် အပြောခံရတဲ့အချိန်မှာ ကိုယ့်ဂုဏ်သိက္ခာအရရော၊ ကိုယ့်အသိုင်းအဝိုင်းအရရော စိတ်မကောင်း တော်တော် ဖြစ်မိတယ်။ ဘာဖြစ်လို့များ ကိုယ့်ကိုမှ အဲ့ဒီလောက်အထိ ပြောကြလဲပေါ့နော်။ နေခြည်တို့ ကြိုက်ကြတာ ကြာပြီလေ။ အခုထိ ဒီသတင်းတွေကို ဘာလို့များ ဖြန့်ချင်နေကြတာလဲလို့ နေခြည်လည်း စဉ်းစားပါတယ်။ နေခြည့်ပုံစံ၊ နေခြည့်အသိုင်းအဝိုင်းအရ ယောကျ်ားတစ်ယောက်ကို ဒီလိုမျိုးလုပ်စရာမလိုပါဘူး။ နေခြည်က သူ့ချစ်ကို ရွေးထားတာပါ။ နေခြည့်ကို အရမ်းချစ်တဲ့ ယောကျ်ားတစ်ယောက်ကို ပိုင်ဆိုင်ထားတာပါ။

**Voice: ဒီလိုမျိုး ဝေဖန်တိုက်ခိုက်မှုတွေရှိလာတဲ့အခါမှာ နေခြည့် ချစ်သူကရော ဘာပြောသေးလဲ။**

**NCO:** သူကတော့ ဖြေရှင်းမယ်ပြောပါတယ်။ သူဖြေရှင်းလိုက်မယ်ပေါ့နော်။ နေခြည်ကတော့ မဖြေရှင်းနဲ့တော့လို့ ပြောလိုက်တယ်။ ဒီလိုမျိုးကိစ္စဆိုတာက သူ ဝင်ရောက်ဖြေရှင်းလိုက်ရင် ပိုပိုကြီးလာဖို့ ပဲရှိတယ်။ နင်ရော အဆင်ပြေတယ်၊ ငါရော အဆင်ပြေတယ်။ နှစ်ယောက်စလုံးအဆင်ပြေတဲ့ အချိန်မှာ နေခြည်တို့ အေးအေးဆေးဆေးပဲ ဖြတ်သန်းချင်တယ်။ ကိုယ့်မိဘ၊ သူ့ မိဘကိုတော့ နားလည်အောင် နည်းနည်းရှင်းပြရတာပေါ့နော်။ နေခြည့်အဖေကတော့ အခု နေခြည့်ကို သိပ်စကားမပြောဘူး။ မိဘတစ်ယောက်အနေနဲ့ ကိုယ့် သားသမီးကို အဲ့ဒီလိုပြောကြတာ ဘယ်မိဘက သည်းခံနိုင်မှာလဲ။ နေခြည့် ချစ်သူကိုတော့ ပြောထားတယ်။ ဘာမှ ဝင်ဖြေရှင်းပေးစရာမလိုဘူး။ နေခြည်တို့ နှစ်ယောက်ချစ်တာ နေခြည်တို့ အသိဆုံးပဲ။ မနက်ဖြန်တောင် ဘာဖြစ်မှန်းမသိတာကို နေခြည်တို့ ကိစ္စကိုလူတွေက ဘာလို့ အဲ့ဒီလောက်ကြီး စိတ်ဝင်စားနေတာလဲမသိဘူး။

# ခ သုံးလုံး ရုပ်ရှင်ထုတ်လုပ်ရေးအတွက် သရုပ်ဆောင်သစ်ရွေးချယ်ပွဲ ပြုလုပ်ရတဲ့ အကြောင်းရင်းကို ပြောပြတဲ့ ခန့်စည်သူ

**ရန်ကုန်၊ ဩဂုတ် ၂၃**

သရုပ်ဆောင် ထွန်းအိန္ဒြာဗို၊ ခိုင်သင်းကြည်တို့နဲ့ ပူးပေါင်းတည်ထောင်ထားတဲ့ ခသုံးလုံး ရုပ်ရှင်ထုတ်လုပ်ရေးအတွက် သရုပ်ဆောင်သစ်ရွေးချယ်ပွဲကို ဩဂုတ်လ ၂၂ ရက်နေ့နဲ့ ၂၄ ရက်နေ့တွေမှာ ဝက်ဘာလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သရုပ်ဆောင် ခန့်စည်သူက ပြောကြားပါတယ်။


ဓာတ်ပုံ- ခန့်စည်သူ Facebook

"သရုပ်ဆောင်သစ်ရွေးချယ်ပွဲလုပ်တာက ကျွန်တော်တို့ ထုတ်လုပ်ရေးအတွက် သီးသန့် မဟုတ်ပါဘူး။ ရုပ်ရှင်လောကအတွက် နောက်ထပ်မျိုးဆက်သစ်တွေ ပေါ်ထွက်လာဖို့ ကျွန်တော်တို့က တစ်ထောင့်တစ်နေရာကနေ အားဖြည့်ပေးတာပါ။ ရွေးချယ်ခံရတဲ့သူတွေကတော့ အောက်တိုဘာလအတွင်း ကျွန်တော်တို့ ရိုက်မယ့် ရုပ်ရှင်ဇာတ်ကားမှာ ပါဝင်ရမှာပါ" လို့ ၎င်းက ထပ်လောင်းပြောဆိုပါတယ်။

ခသုံးလုံးရုပ်ရှင်ထုတ်လုပ်ရေးက ပြုလုပ်တဲ့ သရုပ်ဆောင်သစ်ရွေးချယ်ပွဲအတွက် လျှောက်လွှာတင်သူအယောက် ၃၀၀ ကျော်အထိ ရှိခဲ့ပြီး၊ ယင်းအထဲကမှ အယောက် ၃၀ ကို ဆန်ခါတင် ရွေးချယ်ခဲ့ပေမယ့် ယှဉ်ပြိုင်ရမယ့်နေ့မှာ နှစ်ယောက် ပျက်ကွက်ခဲ့တဲ့အတွက် ၂၈ ယောက်သာ ယှဉ်ပြိုင်ခဲ့ကြောင်း သရုပ်ဆောင် ခန့်စည်သူက ပြောကြားပါတယ်။

"သရုပ်ဆောင်သစ်ရွေးပွဲအတွက် အမှတ်ပေးစည်းမျဉ်းသတ်မှတ်ချက်တွေလည်း ရှိပါတယ်။ ကျွန်တော်တို့ ရွေးတဲ့ နေရာမှာရုပ်ရည်က အဓိကမကျပါဘူး။ စတားတစ်ယောက် ဖြစ်နိုင်တဲ့ အရည်အချင်း သူ့ မှာဘယ်လောက် ရှိလဲပေါ့နော်။ သူ့ရဲ့ စကားပြောပုံ၊ သွားပုံလာပုံတွေက ပရိသတ်အပေါ် ဘယ်လောက်ထိဆွဲဆောင်မှုရှိလဲ။ အလုပ်အပေါ် ဘယ်လောက် လေးစားမှုရှိလဲ၊ အချိန်တိကျရဲ့လားဆိုတာတွေကိုပါ ကြည့်ပါတယ်" လို့ ၎င်းက ဆိုပါတယ်။

သရုပ်ဆောင် သစ်ရွေးပွဲအတွက် အမှတ်ပေးစည်းမျဉ်းသတ်မှတ်ချက်တွေကတော့ ရုပ်ရည်အတွက် ၅ မှတ်၊ စကားပီသမှု၊ အဖြတ်အတောက်နဲ့ လေယူလေသိမ်းမှန်ကန်မှုအတွက် ၅ မှတ်၊ Talent အတွက် ၅ မှတ်၊ အချိန်တိကျမှု စည်းကမ်းလိုက်နာမှုအတွက် ၅ မှတ်နဲ့ အထွေထွေ ဗဟုသုတအတွက် ၅မှတ် စုစုပေါင်း ၂၅ မှတ် သတ်မှတ်ထားပြီး၊ ယောကျ်ားလေးတစ်ယောက်၊ မိန်းကလေးနှစ်ယောက် ရွေးချယ်မယ်လို့ သိရပါတယ်။

# သရုပ်ဆောင်ပညာနဲ့ ပတ်သက်ပြီး ဦးကျော်ဟိန်းစကားကို အမြဲအမှတ်ရနေတယ်ဆိုတဲ့ ထွန်းအိန္ဒြာဗို

**ရန်ကုန်၊ ဩဂုတ် ၂၃**

အနုပညာလောကကို ဝင်ရောက်လာစအချိန်တုန်းက ဝါရင့်သရုပ်ဆောင်ကြီး ဦးကျော်ဟိန်းဆီကနေ လေ့လာသင်ယူခဲ့ရတာတွေ အများကြီးရှိခဲ့ပြီး သရုပ်ဆောင်ပညာနဲ့ ပတ်သက်လို့ ဦးကျော် ပြောခဲ့တဲ့စကား တစ်ခွန်းကို အမြဲတမ်း အမှတ်ရနေပါတယ်လို့ ထွန်းအိန္ဒြာဗိုက The Voice ကို ပြောကြားပါတယ်။


ဓာတ်ပုံ- ထွန်းအိန္ဒြာဗို Facebook

"ဖန်ခွက်တစ်ခွက်ထဲမှာ ရေပဲရှိရှိ၊ ဆီပဲရှိရှိ၊ နို့ပဲရှိရှိရှိနေရင် နောက်တစ်ခုထည့်ချင်လို့ မရဘူး။ ဖန်ခွက်ကသာ ရှင်းနေရင် ကြိုက်တာထည့်လို့ ရတယ်လို့ ဦးကျော်က ပြောခဲ့ဖူးတယ်။ ကိုယ့်စိတ်လည်း အဲ့ဒီလိုပဲ။ ကြောက်နေရင်၊ ဖိစီးမှုရှိနေရင်၊ ဒါရိုက်တာခိုင်းတာကို ထပ်ထည့်ဖို့ နေရာမရှိတော့ဘူးလို့ ဆုံးမခဲ့ဖူးတယ်လို့ ၎င်းက ထပ်လောင်းပြောကြားပါတယ်။

အနုပညာသက်တမ်းတစ်လျှောက်မှာလည်း ကိုယ်တိုင်၊ လေ့လာသင်ယူမှုတွေ ပြုလုပ်ခဲ့ပြီး မျိုးဆက်သစ် သရုပ်ဆောင် အသစ်တွေကိုလည်း အနုပညာနဲ့ ပတ်သက်ပြီး ကိုယ်သိသလောက် အမြဲတမ်း ပြန်လည်ဝေမျှပေးသလို လက်တွေ့ခေါ်ယူခြင်းတွေကို ပြုလုပ်ခဲ့ကြောင်း ထွန်းအိန္ဒြာဗိုက ပြောကြားပါတယ်။

"ကျွန်မကို ဒါရိုက်တာက အက်တင်တစ်ခု လုပ်ခိုင်းလို့ရှိရင် ဘာဖြစ်လို့ ခိုင်းတာလဲ သိချင်တယ်။ ကိုယ်နားမလည်ရင်လည်း ပြန်မေးတယ်။ အပြန်အလှန် ဆွေးနွေးပြီးတော့မှ အဖြစ်သင့်ဆုံး အက်တင်တစ်ခုကို ကျွန်မ ရွေးချယ်ပြီး လုပ်ပါတယ်။ တစ်ခါတလေကျတော့လည်း ကိုယ်မလုပ်ချင်ပေမယ့် ဒါရိုက်တာက ဆန္ဒ သိပ်ပြင်းပြနေရင်လည်း လုပ်ပေးလိုက်ရတဲ့ အက်တင်တွေ ရှိပါတယ်" လို့ ၎င်းက ဆိုပါတယ်။

MANDALAY VOICE



ဓာတ်ပုံ-ကျော်စိုးမိုး

မိတ္ထီလာမြို့ရှိ ဖောင်တော်ဦးဘုရား

# မိတ္ထီလာ ဖောင်တော်ဦးဘုရားပွဲ ယခုနှစ်တွင် ပြန်လည်ကျင်းပမည်

**မိတ္ထီလာ၊ ဩဂုတ် ၂၃**

ကြက်ငှက်တုပ်ကွေးရောဂါ H1N1 ကူးစက်ပြန့်ပွားမည်ကို စိုးရိမ်သောကြောင့် ၂၀၁၇ ခုနှစ်က မကျင်းပနိုင်ခဲ့သော မိတ္ထီလာမြို့ရှိ ဖောင်တော်ဦးဘုရားပွဲကို ယခုနှစ်တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း အဆိုပါဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးခင်ညိုက ပြောကြားသည်။

ဖောင်တော်ဦးစေတီတော်၏ ၁၃၅ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို စက်တင်ဘာလ ၁၇ ရက်မှ ၂၆ ရက်နေ့အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲနှင့် ဆွမ်းသပိတ် ဆက်ကပ်လှူဒါန်းပွဲများဖြင့် ကျင်းပမည်ဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

"လှေပြိုင်ပွဲကတော့ ဖောင်တော်ဦးဘုရားပွဲရဲ့အဓိက ပြယုဂ်တစ်ခုဆိုတော့ မဖြစ်မနေထည့်ရမယ်။ တော်သလင်းလပြည့်နေ့မနက်ပိုင်းမှာ မြို့နယ်အတွင်းမှာရှိတဲ့ ကျောင်းတိုက်တွေက ပင့်သံဃာ ၁၀၈ ပါးကိုလည်း ဖောင်တော်ဦးဘုရားတန်ဆောင်းမှာ ဆွမ်းသပိတ်ကပ်မယ်" ဟု ဦးခင်ညိုက ရှင်းပြသည်။

ဘုရားပွဲတော်မှရရှိမည့် လှူဒါန်းငွေများဖြင့်လည်း ပျက်စီးယိုယွင်းနေသော ဘုရားတန်ဆောင်းကြီးကို ပြန်လည်ပြုပြင်မည်ဖြစ်ကြောင်းလည်း ၎င်းကဆက်လက်ပြောဆိုသည်။

ယခုနှစ်ကျင်းပမည့်ဘုရားပွဲတွင် ဆိုင်ခန်း ၆၀၀ ကျော် နေရာချထားပေးမည်ဖြစ်ရာ ဆိုင်ခန်းဖွင့်လိုသူများအနေနှင့် ဩဂုတ် ၂၆ ရက်မှစ၍ ဆိုင်ခန်းနေရာချထားရေးကော်မတီထံ စာရင်းပေးသွင်းနိုင်မည်ဖြစ်သည်။

မန္တလေးတိုင်းအတွင်း၌ H1N1 ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမည်ကိုစိုးရိမ်သောကြောင့် ၂၀၁၇ ခုနှစ်က ပွဲလမ်းသဘင်များ ကျင်းပနိုင်ခဲ့ခြင်းမရှိခဲ့ရာ ဖောင်တော်ဦးဘုရားပွဲတော်မှာလည်း ကျင်းပနိုင်ခြင်းမရှိခဲ့ပေ။ ■ **R-01**

# ရတနာပုံတံတားအောက်တွင် အများပြည်သူအပန်းဖြေနေရာ ဖော်ဆောင်မည်

**မန္တလေး၊ ဩဂုတ် ၂၃**

စစ်ကိုင်းမြို့ဘက်ခြမ်းရှိ ရတနာပုံတံတားအောက်တွင် အများပြည်သူအနားယူအပန်းဖြေနိုင်မည့်နေရာတစ်ခု ဖော်ဆောင်မည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌဦးဝင်းနိုင်က ပြောကြားသည်။

ကျန်းမာရေးအတွက် အားကစားပြုလုပ်လိုသူများအသုံးပြုနိုင်ရန်နှင့် မြို့သာယာလှပရေးအတွက် ဆောင်ရွက်ရခြင်းဖြစ်ပြီး အပန်းဖြေနေရာ ပြုလုပ်မည့်နေရာသည် လမ်းဦးစီးပိုင်နေရာဖြစ်သည်ဟု ၎င်းက ပြောဆိုသည်။

ယင်းနေရာ၌ တိရစ္ဆာန်မွေးမြူခြင်း၊ ဝါးထရံရက်လုပ်ခြင်းနှင့် ကျူးကျော်နေထိုင်မှုများလည်း ရှိနေရာ ဩဂုတ်လ ၂၀ ရက်နေ့က ကွင်းဆင်းစစ်ဆေးခဲ့ပြီး ဖယ်ရှားပေးရန်သတိပေးထားပြီးဖြစ်ကြောင်း၊ အပန်းဖြေနေရာ ပြုလုပ်နိုင်ရန် လမ်းဦးစီးဌာနနှင့်လည်း ညှိနှိုင်းနေပြီးဖြစ်ကြောင်း ဦးဝင်းနိုင်က ရှင်းပြသည်။

အပန်းဖြေနိုင်မည့်နေရာသည် ပေတစ်ထောင်ခန့် ကျယ်ဝန်းမည်ဖြစ်၍ ယင်းနေရာတွင် ကျန်းမာရေးအတွက် အားကစားလေ့ကျင့်ခန်း ပြုလုပ်နိုင်သည့်ပစ္စည်းများထားရှိပေးမည်ဖြစ်ကာ ခြင်းဝိုင်းနှင့် ဖူဆယ်ဘောလုံးကွင်းတို့ ဖော်ဆောင်ပေးထားမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေး ကော်မတီထံမှ သိရသည်။

"ဒီနေရာမှာရှိတာက တံတားချဉ်းကပ်လမ်းဆိုတော့ တံတားအဖွဲ့တွေနဲ့လည်း ဆက်စပ်နေတယ်ပေါ့။ အောက်မှာ ဝါးသည်တွေရှိတယ်။ အိမ်ခြေမဲ့တွေရှိတယ်။ ပြီးခဲ့တဲ့နှစ်ကလည်း သူတို့ကိုဖယ်ပေးဖို့စာထုတ်ဖူးပါတယ်။ အနားယူနေရာလုပ်ဖို့ တံတားအဖွဲ့ကိုတော့ တောင်းဆိုထားပါတယ်။ သူတို့ကူညီရင်လည်း သူတို့အကူအညီနဲ့ လုပ်မယ်။ မရရင်လည်း အခြားနည်းနဲ့လုပ်ရမှာပေါ့" ဟု စစ်ကိုင်းခရိုင်လမ်းဦးစီးမှူး ဒေါ်နုယဉ်မင်းက ပြောကြားသည်။

အများပြည်သူအနားယူနိုင်သည့်နေရာများအဖြစ် စစ်ကိုင်းမြို့တွင် ရွှေမင်းဝန်ပန်းခြံ၊ ဗိုလ်ချုပ်ပန်းခြံ၊ ကမ်းနားလမ်း စသည့်နေရာများရှိကြောင်း၊ ယခုပြုလုပ်မည့်နေရာသည် ကမ်းနားလမ်းနှင့်တစ်ဆက်တည်းဖြစ်၍ အများပြည်သူအနားယူနိုင်မည့် နေရာတစ်ခု ဖြစ်ပေါ်လာနိုင်ကြောင်း စစ်ကိုင်းမြို့ခံ ဦးပြည့်ဖြိုးအောင်က ပြောဆိုသည်။ ■

**M-05**

# ညောင်ဦးတွင် ကျောင်းကားမှောက်၍ ကျောင်းသူတစ်ဦးသေဆုံး

**မန္တလေး၊ ဩဂုတ် ၂၃**

မန္တလေးတိုင်း ညောင်ဦးမြို့နယ်အတွင်း ဩဂုတ်လ ၂၃ ရက်နေ့ နံနက်ပိုင်းက ကျောင်းကြိုပို့ယာဉ်တစ်စီး တိမ်းမှောက်ခဲ့ပြီး ကျောင်းသူတစ်ဦး သေဆုံးခဲ့ကြောင်း ညောင်ဦးခရိုင် မီးသတ်တပ်ဖွဲ့နှင့် ဒေသခံများထံမှ သိရသည်။

ညောင်ဦးမြို့နယ် ကြအိုးကျေးရွာတွင်ရှိသည့် အိုအေစစ်ဘော်ဒါဆောင်မှ ကျောင်းကြိုပို့ယာဉ်သည် ဥယျာဉ်ကျေးရွာမှ ကျောင်းသား ၃၃ ဦးကို တင်ဆောင်မောင်းနှင်လာစဉ် တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း ဒေသခံများ၏ အဆိုအရလည်း သိရသည်။

"ကျောင်းသူတစ်ယောက်တော့ ဆုံးသွားပါတယ်။ ကျန်တဲ့သူတွေလည်း ဒဏ်ရာတွေရကြတယ်။ အဲဒီမှာ ကျောင်းသားနှစ်ယောက်က စိုးရိမ်ရလို့ မန္တလေးဆေးရုံကြီးကို ပို့ထားတယ်" ဟု ကူညီကယ်ဆယ်ရာတွင် ပါဝင်ခဲ့သည့် ညောင်ဦးခရိုင် မီးသတ်တပ်ဖွဲ့မှ အရာရှိတစ်ဦးက ပြောကြားသည်။

ဆယ်တန်းကျောင်းသားခြောက်ဦးနှင့်ကျောင်းသူ ၂၁ ဦး၊ ကိုးတန်းကျောင်းသူခြောက်ဦး၊ ယာဉ်မောင်းနှင့် ကြီးကြပ်ဝန်ထမ်းတစ်ဦး လိုက်ပါလာခဲ့သည့် လိုက်ထရပ်ယာဉ်သည် ဘော်ဒါဆောင်မှ ညောင်ဦးမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းရှိရာသို့မောင်းနှင်လာစဉ် မန္တလေး-ညောင်ဦးကားလမ်းပေါ်တွင် တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် သေဆုံးခဲ့သူမှာ ဆယ်တန်းကျောင်းသူ မနန်းရွှေစင်မြတ်ဖြစ်ပြီး ဒဏ်ရာပြင်းထန်သည့် မောင်မြင့်သူနှင့် မောင်ခန့်စည်သူကျော်တို့ကို မန္တလေးဆေးရုံကြီးသို့ ပို့ဆောင်ထားကြောင်း၊ အသက် ၄၄ နှစ်အရွယ် ယာဉ်မောင်းဦးသန်းလှိုင်ကို လူသေဆုံးစေမှုဖြစ်သည့် ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၄ (က)၊ အပြင်းအထန်နာကျင်စေမှု ၃၃၇/၃၃၈ တို့ဖြင့် အမှုဖွင့်ထားကြောင်း မန္တလေးတိုင်းရဲတပ်ဖွဲ့မှူးရုံးထံတင်ပြသည့် ညောင်ဦးမြို့နယ် ရဲတပ်ဖွဲ့ကြေးနန်းအရ သိရသည်။ ■

**M-04**



ဓာတ်ပုံ-ဘုန်းနေ

# တရားစွဲခံရသော ယာဉ်မောင်းမိသားစုများကို ထောက်ပံ့ကြေးပေးရန်စီစဉ်

**မန္တလေး၊ ဩဂုတ် ၂၃**

ယာဉ်မတော်တဆမှုကြောင့် ဥပဒေကြောင်းအရ တရားစွဲဆိုခံရသည့် အဝေးပြေးယာဉ်မောင်း၏ မိသားစုဝင်များကို ထောက်ပံ့ကြေးငွေပေးရန် စီစဉ်နေပြီဖြစ်ကြောင်း အဝေးပြေးယာဉ်ကြီးကြပ်ရေးကော်မတီ (မန္တလေးတိုင်း) ထံမှ သိရသည်။

ယင်းထောက်ပံ့ကြေးအစီအစဉ်သည် စက်တင်ဘာလ ၁ ရက်မှစ၍ အကျုံးဝင်မည်ဟု မန္တလေးတိုင်း ယာဉ်လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်လင်းက ပြောကြားသည်။

"ယာဉ်လုပ်ငန်းကြီးကြပ်မှု ကော်မတီ (အဝေးပြေး) လက်အောက်မှာရှိတဲ့ ယာဉ်မောင်းမိသားစုတွေ ကြုံနေရတဲ့ အခက်အခဲကို ပြေလည်စေဖို့ရည်ရွယ်တာ" ဟု ၎င်းကပြောဆိုသည်။

ယာဉ်မောင်းများသည် ပုဒ်မ ၃၀၄ (က) (ပေါ့ဆခြင်းဖြင့် လူသေစေမှု) ဖြင့် အမှုရင်ဆိုင်ရလျှင် ငါးသိန်း ကျပ်၊ ပုဒ်မ ၃၃၇/၃၃၈ (ထိခိုက်ဒဏ်ရာရရှိမှု၊ အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိမှု) တို့ဖြင့် တရားစွဲဆိုခံရလျှင် ကျပ်သုံးသိန်း ထောက်ပံ့ပေးမည်ဟု ဦးအောင်ကျော်လင်းက ရှင်းပြသည်။

အဆိုပါအစီအစဉ်သည် ယာဉ်မတော်တဆမှုတွင်ပါဝင်သော အဝေးပြေးယာဉ်မောင်း၏ မိသားစုဝင်များ ကြုံရသောအခက်အခဲကို အထိုက်အလျောက် ပြေလည်စေနိုင်ကြောင်း ရန်ကုန်-မန္တလေး အဝေးပြေး ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းတစ်ခုမှ တာဝန်ခံတစ်ဦးက ပြောကြားသည်။

ယင်းထောက်ပံ့ကြေးအစီအစဉ်၏ ပထမအဆင့်အဖြစ် ယာဉ်မတော်တဆမှုကြောင့် ယာဉ်ပေါ်ရှိ ခရီးသည်များသေဆုံးပါက ကျပ်တစ်သိန်း၊ ထိခိုက်ဒဏ်ရာရပါက ကျပ်ငါးသောင်းပေးအပ်မည်ဖြစ်ပြီး ယာဉ်မောင်းသေဆုံးခဲ့လျှင်မူ ကျပ်ခြောက်သိန်း ပေးအပ်မည်ဖြစ်ကြောင်း အဝေးပြေးယာဉ်ကြီးကြပ်ရေး ကော်မတီ (မန္တလေးတိုင်း) ထံမှ ထပ်မံသိရသည်။

ယာဉ်မောင်းများ ဥပဒေအရ တရားရင်ဆိုင်ရလျှင် ထောက်ပံ့ကြေးပေးအပ်မည့်အစီအစဉ်သည် ယခုနှစ်မှသာ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ■

**M-08**

# အင်းဝတစ်ဖက်ကမ်းမှ အပေါ်ပိုင်းဗလာကျင်းအမျိုးသမီးများ၏ လုပ်ငန်းခွင်

## ဘုန်းနေ


ဓာတ်ပုံ-ဘုန်းနေ

မြန်မာနိုင်ငံ အထက်ပိုင်း ရှေးမြန်မာမင်းဆက်များ၏မင်းနေပြည်တော် အင်းဝမြို့ဟောင်း တစ်ဖက်ကမ်း ဧရာဝတီမြစ်ကမ်းဘေးတွင် အမျိုးသမီးများ အထက်ပိုင်းဗလာကျင်းဖြင့် လုပ်ကိုင်ကြသည့် လုပ်ငန်းခွင်တစ်ခု ရှိနေသည်။

ထိုရွာမှ ဧရာဝတီမြစ်ကိုဖြတ်ကျော်၍ လှမ်းကြည့်လိုက်သော် နိုင်ငံခြားသားများ လာရောက်လေ့လာရာ အင်းဝဘကျက်ကမ်းမှ ဘကြီးတော်မင်း၏မိဖုရား ခေါင်ကြီး မယ်နုအုတ်ကျောင်းကို ခပ်ပျပျမြင်ရသည်။

အိမ်ခြေ ၄၀၀ ခန့်ရှိသော ဒေါင်းမကျေးရွာသည် နှစ်ပေါင်းများစွာ မြန်မာထုံးစံဖြင့် ရွှေပွားစက္ကူခတ်လုပ်ငန်းလုပ်ကိုင်နေသော ရွာဖြစ်ပြီး ထိုရွာအနီးသို့ ရောက်သွားပါက အက်ကွဲနေသည့် လင်ကွင်းချမ်းကို စည်းချက်ညီညီ ခပ်သွက်သွက်ရိုက်ခတ်လိုက်သော အခါ ထွက်ပေါ်လာသော အသံကဲ့သို့ 'တုတ် . . . ချန့်၊ တုတ် . . . ချန့်၊ တုတ် . . . ချန့်' ဟု အသံကို ကြားရမည်ဖြစ်သည်။

ယင်းအသံများသည် အချို့သောနေအိမ်ခြံဝင်းများအတွင်း မြေကျင်းတူး၍ ဆောက်လုပ်ထားသော မြေတိုက်ခန်းအတွင်းမှ အဆက်မပြတ်ထွက်ပေါ်လာနေခြင်းဖြစ်သည်။

ဝါးစက္ကူရိုက်သည့် မြေတိုက်ခန်းများကို အပြင်မှလှမ်းကြည့်လိုက်ပါက သုံးပေခန့်အကျယ်ရှိသော အဝင် တံခါးပေါက်၌ မြေတိုက်ခန်းအတွင်းသို့ မမြင်နိုင်စေရန် အဝတ်စ သို့မဟုတ် ဝါညစ်ညစ်အရောင်ရှိသာ ပလတ်စတစ်အထူစများဖြင့် ကာရံထားသည်ကို တွေ့ရသည်။

မြေတိုက်ခန်းသည် အနက်ခုနစ်ပေဝန်းကျင်ခန့်ရှိပြီး အလျား ၁၀ ပေခန့်၊ အနံ ၆ ပေခန့် ရှိမည်ထင်ရသော ထောင့်မှန်စတုဂံပုံသဏ္ဍာန်ဖွဲ့စည်းထားသည်။

ထိုမြေတိုက်ခန်းအတွင်းသို့ အုတ်လှေကားသို့မဟုတ် မြေသားဖြင့်ပင် လှေကားပုံစံဖော်ထားသည့်နေရာမှဆင်း၍သွားရသည်။

ထိုမြေတိုက်ခန်းအတွင်းသို့အခွင့်မရှိပါက အမျိုးသားများ ဝင်ရောက်ခွင့်မရှိပေ။

မြေတိုက်ခန်းများအတွင်း၌ ဒေသခံအမျိုးသမီးငယ်များသည် မြန်မာ့ရိုးရာ ရွှေပွားစက္ကူတစ်ရွက်ရရန် နောက်ဆုံးအဆင့်ဖြစ်သော ဝါးစက္ကူအစို ဒါမှမဟုတ် အခြောက်ကို ကြေးဝါတုံးပေါ်တင်၍ နေသောကြောင့် 'တုတ် . . . ချန့်၊ တုတ် . . . ချန့်၊ တုတ် . . . ချန့်ဟူသော' အသံများ ထွက်ပေါ်လာရခြင်းဖြစ်ကြောင်း ဒေါင်းမကျေးရွာရှိ ဝင်းဝင်းနု ရွှေပွား (ဝါးစက္ကူ)လုပ်ငန်းပိုင်ရှင် ဒေါ်ဝင်းဝင်းနုက ပြောပြသည်။

ဝါးစက္ကူရိုက်နေသော အမျိုးသမီးငယ် (အလုပ်သမ)များသည် မြေတိုက်ခန်း၏အပူရှိန်နှင့် ခန္ဓာကိုယ်မှထွက်သော အပူငွေ့တို့ပေါင်းစပ်၍ ဖြစ်ပေါ်လာသည့် ပူအိုက်မှုဒဏ်ကိုသက်သာစေရန် ကိုယ်ခန္ဓာအပေါ်ပိုင်းရှိ အဝတ်အစားများကိုချွတ်၍ လုပ်ကိုင်နေကြသောကြောင့် အမျိုးသားများဝင်ရောက်ခွင့် မရှိခြင်းဖြစ်ကြောင်းလည်း ရှင်းပြသည်။

"လုံးဝဝင်လို့မရတာတော့ မဟုတ်ပါဘူး။ ဧည့်သည်က လာလေ့လာချင်လို့ ဟော့ . . . လို့ အပြင်ကနေ အော်လိုက်ရင် အထဲမှာအလုပ်လုပ်နေတဲ့မိန်းကလေးတွေက အဝတ်အစား ပြန်ပြင်ဆင်ဝတ်ရတာပေါ့" ဟု ဒေါ်ဝင်းဝင်းနုက ရယ်သံသဲ့သဲ့ဖြင့် ဆိုသည်။

အိမ်ခြေ ၃၀၀ ရှိသော ဒေါင်းမကျေးရွာတွင် ရွှေပွားစက္ကူလုပ်ငန်းကို အစအဆုံးလုပ်ကိုင်ကြသည့် လုပ်ငန်းရှင် ခြောက်ဦးရှိပြီး မြေတိုက်ခန်းအရေအတွက် ၂၀ ခန့်တွင် ဒေသခံအမျိုးသမီးငယ်တစ်ရာခန့် လုပ်ကိုင်နေကြောင်း ပြောပြသည်။

ဒေါ်ဝင်းဝင်းနု၏ ခွင့်ပြုချက်ဖြင့် သူပိုင်ဆိုင်သည့်ဝင်းသီဂံမြေတိုက်ခန်းအဆင်း အုတ်လှေကားများကို ကျော်ဖြတ်ကာ အဝင်တံခါးဝတွင် ကာရံထားသည့် ပလတ်စတစ်အစများကိုဖယ်ရှား၍ အတွင်းပိုင်းသို့ကြည့်လိုက်သောအခါ အလျား ၁၀ ပေခန့်၊ အနံ ၆ ပေခန့်နှင့် အမြင့် ၆ ပေကျော်ရှိမည် ထင်ရသော ထောင့်မှန်စတုဂံပုံသဏ္ဍာန် အခန်းဖွဲ့စည်းမှုနှင့် စက္ကူရိုက်နေသည့် အမျိုးသမီးငယ်အချို့ကို မြင်တွေ့လိုက်ရသည်။

စက္ကူရိုက်လုပ်ငန်းခွင်ကို ဝင်ရောက်လေ့လာလိုသောကြောင့် ခြေလှမ်းများကို ရှေ့သို့တိုး၍ မြေတိုက်ခန်းအတွင်းသို့ လှမ်းဝင်လိုက်ပါက အပြင်မှာရှိသည့် အပူချိန်ထက်သာလွန်သော အခန်းအပူရှိန်ခပ်ငွေ့ငွေ့၏ ဆီးကြိုခြင်းကို ခံလိုက်ရသည်။

ဧရာဝတီမြစ်နှင့်နီးသော်လည်း အညာဒေသဖြစ်သောကြောင့် အပူရှိန်မြင့်မားသောနေရာဒေသ ဖြစ်သည်။ နွေကာလများတွင် မြေတိုက်ခန်း အပူချိန်မှ ၄၀ ဒီဂရီစင်တီဂရိတ်အထက်တွင် ရှိနေနိုင်သည်။

ထိုအပူချိန်အောက်တွင် အမျိုးသမီးငယ်များသည် ဘယ်ညာလက်အစုံတွင် အဝနှစ်လက်မခန့်နှင့် အရှည်တစ်ထောင်ကျော်ရှိ ဒန်း (ရေငတ်သား) တို့ဖြင့် ကြေးဝါတုံးမျက်နှာပြင်ပေါ်တွင်တင်ထားသော ဝါညိုရောင်အဆင်းရှိလေးလက်မပတ်လည် ဝါးစက္ကူကို အချိန်အဆမှန်စွာဖြင့်ကြက်ခြေခတ်ပုံစံ ခပ်သွက်သွက်ထုရိုက်လျက်ရှိသည်။

"မိန်းမပျိုလေးတွေ ကိုယ့်ရပ်ကိုယ့်ရွာမှာ အိုးမကွာအိမ်မကွာ လုပ်လို့ရတဲ့ ရိုးရာလက်မှုလုပ်ငန်းတစ်ခုပေါ့" ဟု ကျေးရွာဥက္ကဋ္ဌဦးညွန့်ဝေက သူ၏အမြင်ကို ဖွင့်ဆိုသည်။

အမျိုးသမီးငယ် ၁၀ ဦးအထိ လုပ်ငန်းခွင် ဝင်ကာလုပ်ကိုင်နိုင်သည့် အကျယ်အဝန်းရှိသော မြေတိုက်ခန်းအတွင်း လှောင်ပိတ်လျက်ရှိသော အပူငွေ့ကြောင့်စက္ကူရိုက်နေသည့် အမျိုးသမီးငယ်လေးများ၏ မျက်နှာပြင်ပေါ်တွင် ချွေးစက်ချွေးပေါက်များ တစ်လိမ့်ချင်းစီးကျနေသည်ကိုတွေ့ရသည်။

ဧည့်သည်အချို့ဝင်ရောက်လေ့လာမည်ကို ကြိုသိထားသောကြောင့် မကြာခင်ကပင် ပြန်လည်ဝတ်ထားသော အင်္ကျီများမှာလည်း ချွေးစက်များကြောင့် မိုးရေထိထားသည့်နှယ် နေရာအချို့တွင် စိုစွတ်လျက်ပင်ရှိနေသည်။

အမျိုးသမီးအများစုရှိနေသော မြေတိုက်ခန်းအတွင်းသို့ ဒေသခံအမျိုးသားများ ဝင်ရောက်ခြင်းမရှိသလို ဧည့်သည်များအနေနှင့် ဝင်ရောက်လေ့လာလိုပါက ပိုင်ရှင်ထံတွင်ခွင့်တောင်းရကြောင်း ယင်းနေရာသို့ လိုက်လံပြသပေးသည့် ဒေသခံမိန်းမပျိုတစ်ဦးက ပြောပြသည်။

စက္ကူရိုက်အမျိုးသမီးငယ်လေးများ လုပ်ငန်းခွင်အတွင်း အပူဒဏ်ကို အန်တုလုပ်ကိုင်နေကြရသည့် ပကတိအနေအထားကို ကျေးတောသူပီပီ စကားကိုသွယ်ဝိုက်မနေဘဲ ရိုးရှင်းစွာဆက်ပြောလိုက်သည်က . . .

"နေကလည်းပူ၊ လူကလည်းများရင် အထဲမှာ တအားပူတယ်။ မိန်းမချင်းဆိုတော့လည်း မရှက်တော့ဘူး။ အပေါ်က အဝတ်အစားတွေ ချွတ်ရိုက်ရတာ" ဟူ၍ပင်။

အဆင့်ဆင့်လုပ်ဆောင်ခဲ့သော ဝါးစက္ကူများအား မြေတိုက်ခန်းကထွက်သော အပူဓာတ်နှင့် ခန္ဓာကိုယ်မှထွက်သော ကိုယ်အပူချိန်တို့ဖြင့် ပေါင်းခံ၍ ဒန်သားဖြင့် စနစ်တကျထုရိုက်မှသာ ရွှေဆိုင်းခတ်သည့်အခါ အသုံးပြုနိုင်သည့် ရွှေပွားစက္ကူများရသည်ဟု ရွှေပွားစက္ကူပညာရပ်ကို လေ့လာနေသည့် မန္တလေးဒေသခံတစ်ဦးက ဆိုသည်။

ဘုရား၊ စေတီပုထိုးများတွင်ကပ်လှူသော ရွှေဆိုင်းများရရှိလာစေရန် ရွှေခတ် (ထုရိုက်) သောအခါ ရွှေပွားစက္ကူကို မဖြစ်မနေထည့်သွင်း အသုံးပြုရသည်။

ရွှေခတ်ရာတွင် ကိုးပေါင်တူဖြင့် ထုနှက်မှုဒဏ်ကိုခံနိုင်သော မြန်မာ့ရိုးရာရွှေပွားစက္ကူများသည် မြန်မာနိုင်ငံတွင် ဒေါင်းမကျေးရွာတစ်ရွာတည်းကသာ ထွက်ရှိကြောင်း မန္တလေးမြို့မျက်ပါးရပ်ရှိ ရွှေခတ်ဆရာများထံမှ သိရသည်။

ရွှေခတ်ရာတွင်အသုံးပြုသော အကြမ်းခံကောင်းမွန်သော ရွှေပွားစက္ကူ (ခေါ်) ဝါးစက္ကူတစ်ရွက်ရရှိရန် အဆင့်ဆင့်လုပ်ဆောင်ရသည့် အချိန်ကာလသည် သုံးနှစ်ကျော် ကြာမြင့်သည်ဟု ဆိုသည်။

ရွှေပွားစက္ကူရရှိလာစေရန် ပထမအဆင့်အနေနှင့် ထွန်ဆံဝါးကို စဉ့်အိုးများတွင် ပေါင်းထားရပြီး ပေါင်းခံထားသောဝါးကိုကြိတ်ခါ ရရှိလာသော ကြိတ်ဖတ်များအားနယ်ခြင်း၊ အခြောက်လှန်းခြင်း၊ မြေတိုက်ခန်းတွင် စက္ကူအစိုရိုက်ခြင်းနှင့် စက္ကူအခြောက်ရိုက်ခြင်း အစရှိသောလုပ်ငန်းများကို အဆင့်ဆင့် လုပ်ဆောင်ရခြင်းဖြစ်သည်။

ရွှေပွားစက္ကူများသည် အသန့်အရှင်းအလွန်ကြိုက်သော စက္ကူလေးများလည်းဖြစ်သည်။

မြေတိုက်ခန်းအတွင်းသို့ဝင်၍ စက္ကူရိုက်မည့် အမျိုးသမီးငယ်များသည် ကိုယ်လက်သန့်စင်ပြီးမှသာ မြေတိုက်ခန်းသို့ဝင်ရောက်လုပ်ကိုင်ရသည်ဟု ဒေါ်ဝင်းဝင်းနုက ပြောပြသည်။

ခန္ဓာကိုယ်၌ကပ်ငြိပါလာနိုင်သော ဖုန်၊ သဲများနှင့် အလုပ်လုပ်နေရင်းကျွတ်ကျဆံပင်ခြည်တစ်မျှင်မျှပင်ဖြစ်စေ ရွှေပွားစက္ကူ၌ ကပ်ငြိပါသွားလျှင် ရွှေခတ်ရာတွင် အဆင်မပြေဖြစ်ကာ ရွှေလွှာများပျက်စီးတတ်သောကြောင့် ဂရုတစိုက်ရွေးချယ်၍ ရွှေဆိုင်းပိုင်ရှင်များထံ ရောင်းချပေးရကြောင်းလည်း သူက ပြောဆိုသည်။

ဝါးစက္ကူများကို မြေတိုက်ခန်းမှနေ၍အပြင်သို့ သယ်ယူသည့်အခါ ပိတ်သား အဝတ်စဖြင့် စနစ်တကျထုပ်ပိုးခြင်းမရှိဘဲ စက္ကူချည်း အလွတ်သာ ယူဆောင်ခဲ့လျှင် ပြင်ပနေဒဏ်၊ လေဒဏ်တို့ကြောင့် ဝါးစက္ကူရွက်များမှာကျုံ၍ သေးငယ်သွားတတ်ကြောင်းလည်း ဒေါ်ဝင်းဝင်းနုက ထပ်မံရှင်းပြသည်။

ရွှေပွားစက္ကူလုပ်ငန်းကို ဒေါင်းမကျေးရွာတွင် လုပ်ကိုင်လာသည်မှာ နှစ်ပေါင်း ၅၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း ဒေသခံများအဆိုအရ သိရသည်။

စက္ကူရိုက်လုပ်ငန်းတွင် ပါဝင်လုပ်ကိုင်သူအများစုမှာ ကျေးရွာအတွင်းရှိ မိန်းမပျိုများသာဖြစ်ပြီးအိမ်ထောင်ရှင်များ ဝင်ရောက်လုပ်ကိုင်သူနည်းကြောင်း ဒေါင်းမကျေးရွာဒေသခံတစ်ဦးဖြစ်သူ မဝင်းဝင်းမြင့်က ၂ နှစ်သားအရွယ် သမီးငယ်ပွေ့ချီရင်း အခုလိုရှင်းပြခဲ့သေးသည်။

"ဒီလုပ်ငန်းက တစ်နေကုန်အချိန်ပေး လုပ်ရတာ။ အိမ်ကိစ္စတစ်ဖက်၊ ကလေးတစ်ဖက်နဲ့ဆို အဆင်မပြေဘူး။ ကလေးကို အထဲခေါ်သွားဖို့ကလည်း အဆင်မပြေဘူးလေ။ ကလေးကတစ်ဖက်နဲ့ဆိုတော့ မဝင်ဖြစ်တော့ဘူး" ဟူ၍ပင်။

ရွှေပွားစက္ကူအစို၊ အခြောက်တစ်ရွက်ရိုက်ခမှာ ၁၂၀ ကျပ်ရရှိပြီး တစ်နေကုန်အလုပ်ဝင်လျှင် ရွက်ရေ ၇၀ ခန့်ပြီးစီးသောကြောင့် တစ်ရက်လျှင် ကျပ် ၈၀၀၀ ခန့်ဝင်ငွေရရှိကြောင်း စက္ကူရိုက်လုပ်ငန်းတွင် ပါဝင်လုပ်ကိုင်နေသူ မချစ်စုဝင်းက ပြောပြသည်။

"တစ်နေကုန်ထိုင်ပြီး ရိုက်နေရတော့ လက်တွေလည်းတအားနာတယ်။ တော်တော်ကို ပင်ပန်းတယ်" ဟု စက္ကူရိုက်ရသည့် အတွေ့အကြုံကို သူက မျှဝေသည်။

အမျိုးသားတစ်ဦးတစ်ယောက်သည် မသိ၍ဘဲဖြစ်ဖြစ် သိရက်နဲ့ဖြစ်ဖြစ် မြေတိုက်ခန်းထဲသို့ ရုတ်တရက် ဝင်လာခဲ့လျှင်ဆိုသည့်မေးခွန်းကို မေးမြန်းခဲ့သောအခါ။

"တစ်ခါမှလည်း ရွာမှာ အဲလိုဖြစ်တာမကြားမိဘူး။ အဲဒီတော့ ဒီထဲဝင်လာခဲ့ရင် ဘာတွေဖြစ်သွားမလဲဆိုတာ မပြောတတ်ဘူး" ဟု ပြောသည်။ ■

ဘုန်းနေ



ဓာတ်ပုံ - ဦးညီညီဝင်း

# အင်းတော်တွင် ကျေးရွာတံတား ကမ်းကပ်ခုံ ရေတိုက်စားပျက်စီး၍ လမ်းပန်းဆက်သွယ်ရေးပြတ်

**ကလေး၊ ဩဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ နဘားကြီးကျေးရွာအဝင်ရှိ ချောင်းကူးတံတား၏ ကမ်းကပ်ခုံသည် ချောင်းရေတိုက်စားပြီး ပျက်စီးခဲ့သဖြင့် နဘားကြီးကျေးရွာနှင့် အခြားကျေးရွာများသို့ ဆက်သွယ်သွားလာရေးမှာ ပြတ်တောက်သွားခဲ့ရကြောင်း နဘားကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းက ပြောကြားသည်။

ယခုရက်ပိုင်း အဆိုပါဒေသတွင် မိုးဆက်တိုက်ရွာသွန်းနေသဖြင့် နဘားကြီး ချောင်းကူးတံတားကမ်းကပ်ခုံ အရှည်ပေ ၂၀ ခန့်သည် ချောင်းရေတိုက်စားမှုကြောင့် ဩဂုတ်လ ၂၃ ရက်နေ့ နံနက် ၇ နာရီခန့်က မျောပါပျက်စီးခဲ့ကြောင်း ယင်းဒေသခံများထံမှ သိရသည်။

ယင်းတံတားသည် နဘားကြီးကျေးရွာတွင်နေထိုင်သူများ အခြားကျေးရွာများသို့ဆက်သွယ်သွားလာရန် တစ်ခုတည်းသာရှိသည့် တံတားတစ်ခုဖြစ်ပြီး တံတားကမ်းကပ်ခုံ ပျက်စီးခဲ့သဖြင့် နဘားကြီးကျေးရွာနှင့် အခြားကျေးရွာမြို့နယ်များသို့ ဆက်သွယ်သွားလာရေးပြတ်တောက်ခဲ့ခြင်းဖြစ်ကြောင်း ဒေသခံရွာသူရွာသားများက ပြောကြားသည်။

"နဘားကြီးရွာကနေ နဘားရွာကို နေ့စဉ်ကျောင်းလာတက်တဲ့ ကျောင်းသား၊ ကျောင်းသူတွေ ဒီနေ့ကျောင်းလာမတက်နိုင်ကြဘူး။ ဒီဘက်ကနေလည်း သူတို့ဆီသွားလာလို့ မရတော့ဘူး"ဟု အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းက ပြောဆိုသည်။

အရှည်ပေ ၁၀၀၊ အကျယ်ပေ ၁၃ ပေရှိသော နဘားကြီးချောင်းကူးတံတားကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ရန်ပုံငွေနှင့် နဘားကြီးကျေးရွာဒေသခံများ၏ ထည့်ဝင်ငွေများဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။

ယင်းတံတားအချိန်မီပြုပြင်နိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများထံ အကြောင်းကြားထားသော်လည်း နဘားရွာမှ တစ်ဆင့် နဘားကြီးကျေးရွာသို့သွားသည့် လမ်းတစ်လျှောက် ရေလွှမ်းနေခြင်းကြောင့် စက်ယန္တရားကြီးများဝင်၍ မရသေးကြောင်း နဘားကျေးရွာ အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

■ R-20

# မုံရွာတွင် ပဲကြီး ဈေးကောင်းရ

**မုံရွာ၊ ဩဂုတ် ၂၃**

တရုတ်ပြည်ဝယ်လက်ရှိသဖြင့် မုံရွာ ပဲကြီးတစ်တင်းလျှင် သီတင်းတစ်ပတ်အတွင်းကျပ် ၅၀၀၀ ခန့်ဈေးတက်လာကြောင်း မုံရွာပဲဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်းက ပဲကြီးတစ်တင်းလျှင် ၄၅၀၀၀ ကျပ်ရှိရာမှ ယနေ့ပေါက်ဈေးအရ ငါးသောင်းကျပ်သို့ ရောက်ရှိနေကြောင်း၊ တရုတ်ပြည်ဝယ်လက်ရှိ၍ ဈေးတက်နေခြင်းဖြစ်ကာ ပဲကြီးအဖြူအပြားကြီးမှာ ဈေးကောင်းရနေကြောင်း မုံရွာကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးအေးကြိုင်က ပြောကြားသည်။

"ပဲကြီးအပြားအဖြူ ဒီနှစ်အတွင်းမှာ အမြင့်ဆုံးရောက်လာတာပဲ။ ကနီနယ်ဘက်ကျွန်းထဲက မြေကောင်းရာက ထွက်တဲ့ပဲတွေ ဈေးကောင်းရတာပါ။ အလုံးသေးရင် ဈေးနည်းတယ်။ မန္တလေးပဲကျော်ဖိုတွေပြည်တွင်းအသုံးပြုများတယ်။ တရုတ်ဝယ်လက်သန်တော့ ဈေးတက်တာပါ" ဟု ၎င်းက ဆိုသည်။

မုံရွာကောက်ပဲသီးနှံဈေးကွက်တွင် ကုလားပဲ ၉၂၉၊ ဗီဆဲဗင်းများဈေးကောင်းရပြီး ဆီထွက်သီးနှံတွင် ကနီနယ်မြေပဲ အသစ်များပေါ်ချိန် မြေပဲနှင့် နှမ်းဈေးကောင်းကာ မုံရွာနယ်ထွက်ပဲစင်းငုံမှာ အလုနည်းသဖြင့်ဈေးကောင်းမရကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

■ R-08

# ဂျုံဈေးကွက်ကျ၍ ပီလောပီနံအချောမှုန့် မျှော်မှန်းဈေးမရ

**ဟသ္သာတ၊ ဩဂုတ် ၂၃**

စားသောက်ကုန်အချို့တွင် ဂျုံနှင့် ပီလောပီနံ ရောနှောထုတ်လုပ်လေ့ရှိရာ ဂျုံဈေးကွက်ကျဆင်းချိန်၌ ပီလောပီနံအချောမှုန့်မှာလည်း မျှော်မှန်းဈေးမရနိုင်တော့ကြောင်း ကုန်သည်လှောင်လက်အများစုက ပြောကြားသည်။

ပြည်တွင်း၌ ဂျုံဖြင့်ထုတ်လုပ်သည့် မုန့်လုပ်ငန်းအချို့က ဂျုံဈေးကွက်မြင့်တက်လာချိန်တွင် ပီလောပီနံအချောမှုန့်ကို အပွားခပ် အသုံးပြုလေ့ရှိရာ ပီလောပီနံအချောမှုန့်အသန့်များ အဝယ်မြင့်လာခြင်းကြောင့်ကုန်သည်လှောင်လက်များက ပိဿာ ၃၀ ဆံ့ တစ်အိတ်လျှင် ကျပ်သုံးသောင်းဈေးအထိ မျှော်မှန်းခဲ့သော်လည်း ဂျုံမှုန့်ဈေးကွက်ကျဆင်းပြီး ဂျုံမှုန့်အသုံးပြုသူများလာသဖြင့် ပီလောပီနံအချောမှုန့်မှာ ဝယ်လိုအားကျဆင်းပြီး မျှော်မှန်းဈေးမရခြင်းဖြစ်ကြောင်း ကုန်သည်များက ပြောဆိုသည်။

ယခုဩဂုတ်လအတွင်း ပိဿာ ၃၀ ဆံ့တစ်အိတ်လျှင် ၂၄၀၀၀ ကျပ်ပေါက်ဈေးရှိကြောင်း၊ ယခင်နှစ်ဈေးနှင့် နှိုင်းယှဉ်ပါက ဈေးကွက်မြင့်နေသည်ဟုယူဆရသော်လည်း အထွက်နှုန်းကျဆင်းခြင်းနှင့် လုပ်သားကြေးမြင့်မားခြင်းတို့ဖြစ်ပေါ်ခဲ့ပြီး မျှော်မှန်းဈေးအထိ မရရှိတော့ခြင်းဖြစ်ကြောင်း ပုသိမ်ခရိုင်၊ ကျုံပျော်မြို့နယ်၊ အထောင်ဒေသခံ ဦးလှစိုးက ပြောကြားသည်။

ပီလောပီနံအချောမှုန့် ပိဿာ ၃၀ ဆံ့တစ်အိတ်လျှင် ကျပ် ၂၄၀၀၀ ဈေးဖွင့်ထားသော်လည်း အဝယ်ရပ်ဆိုင်းထားကြောင်း၊ ကုန်သည်လှောင်လက်တစ်ဦးချင်းစီထံတွင် ပီလောပီနံအချောမှုန့်လက်ကျန်အိတ်ရေသောင်းချီရှိနိုင်ပြီး ငွေကြေးကျပ်တည်းမှုကြောင့် အရောင်းအဝယ်ရပ်ဆိုင်းထားခြင်းဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

တရုတ်နိုင်ငံ၏ ဝယ်လိုအားနှင့် ပြည်တွင်းအသုံးပြုရန်ဝယ်လိုအား နှစ်ခုပေါင်းစပ်မှသာလျှင် တောင်သူနှင့် ကုန်သည်လှောင်လက်များ မျှော်မှန်းထားသည့် ဈေးကွက်များရရှိမည်ဖြစ်ကြောင်း မအူပင်ခရိုင် ဓနုဖြူမြို့နယ်တောင်သူ ဦးမြင့်ကြိုင်က သုံးသပ်ပြောဆိုသည်။

■ R-13

# တောင်ငူမြို့မဈေးကို အသစ်မဆောက်သေး၍ ပြည်သူ့သဘောထားလက်မှတ်ကောက်ခံ

**တောင်ငူ၊ ဩဂုတ် ၂၃**

ပဲခူးတိုင်း တောင်ငူမြို့ရှိ လွန်ခဲ့သည့် လေးနှစ်ကျော်က မီးလောင်ပျက်စီးခဲ့သည့် မြို့မဈေးကိုယခုအချိန်ထိပြန်လည်မဆောက်လုပ်ပေးသေးခြင်းနှင့် ပတ်သက်၍ ပြည်သူ့သဘောထားလက်မှတ်ကောက်ခံပြီး သမ္မတထံတင်ပြမည်ဖြစ်ကြောင်း ဦးဆောင်သူ ဦးကျော်စွာလင်းက ပြောကြားသည်။

အဆိုပါ လက်မှတ်ကောက်ခံခြင်းကို ယင်းမြို့မဈေးရှေ့ရှိ အမှတ် ၆ လမ်းတွင် ဩဂုတ်လ ၂၃ ရက်မှ ၂၅ ရက်နေ့အထိ ပြုလုပ်မည်ဖြစ်ပြီး ဩဂုတ်လ ၂၃ ရက်နေ့က လက်မှတ် ၅၀၀ ကျော်ရရှိခဲ့ကြောင်း ဦးဆောင်သူများထံမှ သိရသည်။

"အဓိကပြောရင် ဈေးသစ်အမြန်ဆုံးတည်ဆောက်ပေးဖို့ပါ" ဟု လက်မှတ်ကောက်ခံရခြင်း၏ ရည်ရွယ်ချက်ကို ဦးကျော်စွာလင်းက ပြောဆိုသည်။

အဆိုပါ ဈေးမီးလောင်ပြီးနောက် ဈေးသစ်တည်ဆောက်ရေးကော်မတီများ အမည်အမျိုးမျိုးပြောင်းလဲ ဖွဲ့စည်းခဲ့သော်လည်း ယနေ့အထိ အသစ်ပြန်လည်တည်ဆောက်နိုင်ခြင်း မရှိသေးသည့်အပြင် ဦးသိန်းစိန် အစိုးရလက်ထက်နှင့် NLD အစိုးရလက်ထက်အတွင်း ဈေးသစ်တည်ဆောက်ရန် တင်ဒါခြောက်ကြိမ်အထိ ခေါ်ယူခဲ့သော်လည်း ဈေးသစ်တည်ဆောက်ရေးစီမံကိန်းမှာ ပေါ်ပေါက်လာခြင်းမရှိသေးပေ။

"ကျွန်မတို့ကတော့ ဈေးသစ်ကို အမြန်ဆုံးတည်ဆောက်ပေးစေချင်တာပါ။ ဈေးသူဈေးသားတွေက အရမ်းဒုက္ခရောက်နေကြပြီ"ဟု မီးဘေးသင့်ဈေးဆိုင်ခန်းပိုင်ရှင် အမျိုးသမီးတစ်ဦးက ပြောကြားသည်။

တောင်ငူမြို့မဈေးသည် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့က မီးလောင်ကျွမ်းခဲ့ခြင်းကြောင့် ဆိုင်ခန်း ၁၂၀၀ ကျော် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရပြီး ကျပ်သိန်း ၆၆၀၀၀ နီးပါးနစ်နာဆုံးရှုံးခဲ့ရသည်။■ R-15

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃ (ရန်ကုန်)
ဖုန်း - ၀၉ ၂၅၉၂၃၅၁၈၆ (မန္တလေး)


ဓာတ်ပုံ - ဦးကိုကိုနိုင်

# ဆားလင်းကြီး ကျားတက်ရွာ အ.ထ.က တွင် ခူကောင်များကျ ကျောင်းယာယီပိတ်

**ကလေး၊ ဩဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီး မြို့နယ်၊ ကျားတက်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း လူကို အန္တရာယ်ဖြစ်စေနိုင်သည့် ဆိတ်တုပ်ပိုး ကောင် (ခေါ်) အစိမ်းရောင်ရှိသည့်ခူကောင် များ အများအပြားကျရောက်နေပြီး ကျောင်း သားအချို့တွင် ယားယံနာကျင်မှုများဖြစ် နေသဖြင့် စာသင်ကျောင်းကို ယာယီပိတ် ထားရကြောင်း ကျားတက်ကျေးရွာ အုပ်ချုပ် ရေးမှူး ဦးကိုကိုနိုင်က ပြောကြားသည်။

ဩဂုတ်လ ၂၃ ရက်နေ့ နံနက်မှ စတင် ကာ ကျားတက်ရွာ စာသင်ကျောင်းဝင်း အတွင်းရှိ ထနောင်းပင်ကြီးနှစ်ပင်ပေါ်တွင် ဆိတ်တုပ်ပိုးကောင်ငယ်များ အများအပြား ကျရောက်နေခြင်းဖြစ်ပြီး အဆိုပါပိုးကောင် ငယ်များသည် ဆိတ်ကိုတုပ်မိပါက ဆိတ် သေနိုင်ပြီး လူကိုတုပ်မိပါက ကိုယ်ခံအား မကောင်းသူများဆိုပါက ဆိုးဆိုးဝါးဝါး အဆိပ်ဒဏ်ကို ခံစားရနိုင်သည့် အကောင် ငယ်များဖြစ်ကြောင်း ယင်းဒေသခံများက ပြောဆိုသည်။

ယင်းအကောင်ငယ်များ ကျရောက် မှုကြောင့် လူကိုအန္တရာယ်မဖြစ်နိုင်စေရန် အတွက် ဩဂုတ်လ ၂၃ ရက်နေ့မှစ၍ ဩဂုတ် လ ၂၄ ရက်နေ့အထိ နှစ်ရက်တာ ကျောင်း ပိတ်ပြီး ပိုးကောင်ငယ်များရှိသည့် သစ်ပင် များကို ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်း လုပ်ဆောင်နေကြောင်း ဦးကိုကိုနိုင်က ပြော ကြားသည်။

"ပိုးသတ်ဆေးဖျန်းတဲ့အခါမှာ အဆိပ် ငွေ့တွေရောသုံးပြီး ထနောင်းပင်ကြီးပေါ် မှာရော ပက်ဖျန်းရမှာဆိုတဲ့အခါကျတော့ ကျောင်းသူ၊ ကျောင်းသားတွေ ဒီဆေးနံ့နဲ့ ကတော့ မဖြစ်ဘူးဆိုပြီး တာဝန်ခံကျောင်း အုပ်နဲ့တိုင်ပင်ပြီး ပိတ်ထားလိုက်တာ" ဟု ၎င်းက ရှင်းပြသည်။

အဆိုပါကျောင်းတွင် ဆရာ၊ ဆရာမ ၅၀ ကျော်နှင့် ကျောင်းသား၊ ကျောင်း သူပေါင်း ၁၀၀၀ ကျော် ပညာသင်ကြား နေပြီး ယခင်က ယခုကဲ့သို့သော ဖြစ်စဉ်မျိုး မဖြစ်ဖူးကြောင်း ကျားတက်ကျေးရွာ ဒေသခံ များက ပြောဆိုသည်။

ယင်းအကောင်များသည် ဆိတ်သေ နိုင်သည်အထိ အဆိပ်မရှိသော်လည်း လူကိုတုပ်ပါက ယားယံသည့် ဝေဒနာ ခံစား တတ်ရကြောင်း၊ ယင်းအကောင်ငယ်များ သည် ယခုကာလ အပင်ရွက်နုထွက်သည့် အချိန်များတွင် ပေါက်ဖွားတတ်သည့် အကောင်များဖြစ်ပြီး ယင်းအကောင်များ ကို ပိုးသတ်ဆေးဖျန်းပြီး နှိမ်နင်းနိုင် ကြောင်း ဆားလင်းကြီးမြို့နယ်၊ စိုက်ပျိုးရေး ဦးစီးဌာနမှ မန်နေဂျာ ဒေါ်သဇင်အောင်က ပြောကြားသည်။

■ R-20

# အင်းတော်တွင် တရားမဝင်သစ်စက်ကို ဓာတ်ပုံရိုက်သူတစ်ဦး ခေါင်းဖြတ်အသတ်ခံရ

**ကလေး၊ ဩဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော် မြို့နယ်၊ ရွာသာယာကျေးရွာတွင် တရား မဝင်သစ်စက်ကို ဓာတ်ပုံရိုက်သည်ကို မကျေနပ်သဖြင့် ခေါင်းဖြတ်သတ်ကာ အလောင်းဖျောက်ဖျက်သည့် ဖြစ်စဉ် တစ်ခုဖြစ်ပွားခဲ့ကြောင်း အင်းတော်မြို့မ ရဲစခန်းထံမှ သိရသည်။

အင်းတော်မြို့နယ်အတွင်းနေထိုင် သည့် စက်ရုံနှင့် စိုးနိုင်တို့နှစ်ဦးသည် တောထဲတွင် တရားမဝင်လုပ်ကိုင်နေသည့် သစ်စက်ကို ဩဂုတ်လ ၂၀ ရက်နေ့က သွားရောက်ဓာတ်ပုံရိုက်ခဲ့ကြောင်း၊ ၎င်းတို့ နှစ်ဦး ဓာတ်ပုံရိုက်ပြီးအပြန် တရားမဝင် သစ်စက်လုပ်ကိုင်နေသူ ဦးဝင်းအောင်အပါ အဝင် လူလေးဦးက တုတ်၊ ဓားများဖြင့် ဝိုင်းဝန်းထိုးခုတ်သဖြင့် စက်ရုံးမှာ ဒဏ်ရာ များဖြင့် ထွက်ပြေးလွတ်မြောက်ခဲ့ပြီး စိုးနိုင်မှာ ကျန်ရစ်ခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

ယင်းနောက်ရဲစခန်းသို့ အသိပေး တိုင်ကြားလာခဲ့သဖြင့် သောင်ကြီးကျေးရွာ မြောက်ဘက်ရှိ တောအတွင်း စိုးနိုင် ၃၇ နှစ်ကို လိုက်လံရှာဖွေရာ သောင်ကြီးကျေးရွာ မြောက်ဘက် နှစ်မိုင်ခန့် အကွာတွင် စိုးနိုင်၏ အလောင်းကို ခေါင်းဖြတ်ခံရပြီး မြေမြှုပ်ထားသည်ကို တူးဖော်တွေ့ရှိခဲ့ရ ကြောင်း အင်းတော်မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး သက်တင်ဦးက ပြောကြားသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ကျူးလွန်သူများအနက်မှ ဝင်းကို ၁၈ နှစ် ကို ဩဂုတ်လ ၂၂ ရက်နေ့ ည ၇ နာရီခွဲခန့် က ဖမ်းဆီးရမိခဲ့ပြီး ထွက်ပြေးနေသည့် ဦးဝင်းအောင်အပါအဝင် ကျူးလွန်သူသုံးဦး ကို ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက် လျက်ရှိကြောင်း ၎င်းက ပြောဆိုသည်။

ယင်းအမှုနှင့် ပတ်သက်၍ ကျူးလွန် သူများကို အင်းတော်မြို့မရဲစခန်းက (ပ) ၁၁၉/၂၀၁၈ ရာဇသတ်ကြီးပုဒ်မ ၃၀၂/ ၃၂၅/၃၂၆/၂၀၁/၁၁၄ ဖြင့် အမှုဖွင့်အရေး ယူနိုင်ရေးဆက်လက်ဆောင်ရွက်လျက်ရှိ ကြောင်း ယင်းရဲစခန်းထံမှ သိရသည်။

■ R-20

# ကလေးတွင် ရဲအယောင်ဆောင် ငွေတောင်းသူကို ဖမ်းမိ

**ကလေး၊ ဩဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ တွင် ရဲအယောင်ဆောင်ကာ ကျေးရွာများ တွင် လှည့်လည်ခြိမ်းခြောက်ငွေတောင်းခံ ခဲ့သည့် အမျိုးသားကို ဖမ်းဆီးရမိခဲ့ကြောင်း ကလေးမြို့မရဲစခန်းထံမှ သိရသည်။

ရဲထွန်းဆိုသူအမျိုးသားသည် ပြီးခဲ့ သည့်ဇူလိုင်လနှင့် ယခုဩဂုတ်လအတွင်း ဒိုးဝိုင်းချောင်းကျေးရွာ၊ နတ်ကျီးကုန်း ကျေးရွာနှင့် အိတ်စွပ်ကျေးရွာ ဒေသခံများ ထံမှ ခြိမ်းခြောက်ငွေတောင်းခံခဲ့ခြင်းဖြစ် ပြီး ယင်းသို့တောင်းယူခံရမှုနှင့် ပတ်သက် ၍ ဩဂုတ်လ ၂၂ ရက်နေ့တွင် ကလေးမြို့မ ရဲစခန်းသို့ ဒေသခံများက လာရောက် တိုင်တန်းခဲ့ခြင်းဖြစ်ကြောင်း ကလေးမြို့မ ရဲစခန်းမှ သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ ရဲအယောင်ဆောင် ခြိမ်းခြောက်ငွေတောင်း ခံခဲ့သူ ရဲထွန်း ၂၇ နှစ်ကို ဖမ်းဆီးကာ ကလေး မြို့မရဲစခန်းက ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၄၅၂/၃၈၄ ဖြင့် အမှုဖွင့် အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ယင်းရဲစခန်းထံမှ သိရသည်။ ■ R-20

# အဖျောက်တွင် သဘာဝဘေးသင့် အိမ်ထောင်စု ၂၆စုကို ထောက်ပံ့

**တိုက်ကြီး ၊ ဩဂုတ် ၂၃**

တိုက်ကြီးမြို့နယ် အဖျောက်မြို့ အုန်းပင်ကွင်းကျေးရွာအုပ်စု၊ ရေပေါ်သောင် ကျေးရွာအုပ်စုနှင့် ပန်းတုန်းပိတ်ကျေးရွာရှိ သဘာဝဘေးဒဏ်ခံခဲ့ရသော အိမ်ထောင်စု ၂၆စု၊ လူဦးရေ ၁၁၀ဦးတို့ကို ရန်ကုန်တိုင်း ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန က ဩဂုတ်လ ၂၂ ရက်တွင် ထောက်ပံ့ခဲ့ သည်။

အုန်းပင်ကွင်းနှင့် ရေပေါ်သောင် ကျေးရွာအုပ်စုတွင် ဧရာဝတီမြစ်ကမ်းပြို သဖြင့် စိုးရိမ်ရသော အိမ်ခြေ ၂၂လုံးမှ အိမ်ထောင်စု ၂၂စု၊ လူဦးရေ၉၆ဦးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ကျပ် ၂၅သိန်း၊ ဆန် ရိက္ခာဖိုး ကျပ်နှစ်သိန်းခန့်၊ ကယ်ဆယ်ရေး ပစ္စည်း ၁၆မျိုးကိုလည်းကောင်း၊ ပန်းတုန်း ပိတ်ကျေးရွာတွင် လေပြင်းတိုက်မှုကြောင့် အိမ်ပြိုခဲ့ရသော အိမ်ထောင်စု ၄စု၊ လူဦးရေ ၁၄ဦးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ကျပ်သုံးသိန်း၊ ဆန်ရိက္ခာဖိုး ကျပ်သုံးသောင်း ခန့်၊ ကယ်ဆယ်ရေးပစ္စည်း ၁၁ မျိုးကို လည်းကောင်း အဖျောက်မြို့ အထွေထွေ အုပ်ချုပ်ရေး မှူးရုံးတွင် ထောက်ပံ့ခဲ့ကြောင်း အဖျောက် မြို့ အထွေထွေအုပ်ချုပ်ရေးမှူး ဦးချမ်းမင်းစိုး ကပြောသည်။

"ကမ်းပြိုလို့ ပြောင်းရတာ ၂ခါရှိပြီ၊ လွတ်တဲ့နေရာတွေမှာ ရွာလူကြီးတွေက နေရာချထားပေးတယ်၊ တချို့ကမ်းပြို ဒုက္ခ သည်တွေက အမျိုးတွေရှိတဲ့ ခြံဝင်းနေရာ တွေမှာတဲထိုးပြီးနေကြတယ်၊ကျွန်တော် တို့အေးရွာ ရွာကတော့ မြစ်ကမ်းပြိုလို့ ပျောက်တော့မယ်ထင်တယ်၊ ခုလည်းကျွန်တော် တို့ အိမ်ကို ချက်ချင်းပြောင်းရတယ်" ဟု အိမ်ပြောင်းရွှေ့ရသူ ဦးသန်းကပြောသည်။

ဩဂုတ်လရက်က အဖျောက်မြို့ တွင် ဧရာဝတီမြစ်ကမ်းပြိုမှုကြောင့် အိမ် ၇ လုံးတွင် နေသော လူ ၃၀ ပြောင်းရွှေ့ရပြီး ထပ်မံပြောင်းရွှေ့ရမည့်အိမ် ၂၀ခန့်ရှိကြောင်း၊ မြစ်ကမ်းမှာ တစ်ရှိန်ထိုးပြိုကျခြင်း မဟုတ် ဘဲ တဖြည်းဖြည်းချင်း ပြိုကျကြောင်း ဒေသခံများထံမှ သိရသည်။ ■ R-19

# ရေနံချောင်း၌ ကိုယ်ဝန် ၇ လရှိမှသိ၍ မုဒိမ်းမှုဖြင့် အမှုဖွင့်

**ချောက်၊ ဩဂုတ် ၂၃**

မကွေးတိုင်း ရေနံချောင်းမြို့နယ် လေးတိုင်စင်ကျေးရွာအုပ်စုတွင် အသက် ၁၄ နှစ်အရွယ်သတ္တမတန်း ကျောင်းသူတစ်ဦး တွင် ကိုယ်ဝန် ၇ လရှိမှ မိခင်ဖြစ်သူက သိရှိသည့်အတွက် ဩဂုတ်လ ၂၂ ရက်နေ့က မုဒိမ်းမှုဖြင့် အမှုဖွင့်လှစ်ခဲ့ကြောင်း ယင်း နယ်မြေရဲစခန်းထံမှ သိရသည်။

ဩဂုတ်လ ၂၁ ရက်နေ့က သမီးဖြစ် သူ ကျန်းမာရေးမကောင်းဟု ထင်သည့် အတွက် မကွေးမြို့တွင် ဆေးသွားကုပြီး နောက် သမီးဖြစ်သူ ကိုယ်ဝန်ရှိနေသည်ကို သိရှိခဲ့ပြီး ၎င်းကိုမေးမြန်းခဲ့ရာ အိမ်နီးချင်း ဖြစ်သူ ဦးတင်စိုး(၆၇ နှစ်)က အဓမ္မပြုကျင့် ခဲ့ခြင်းဖြစ်ကြောင်း ပြောပြသဖြင့် အမှုဖွင့် ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါရဲစခန်းထံမှ သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ အသက်မပြည့်သေးသူကို အဓမ္မပြုကျင့် သည်ဟုဆိုသူ ဦးတင်စိုးကို ညောင်လှ နယ်မြေရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၃၇၆ ဖြင့် အမှုဖွင့်စစ်ဆေးနေကြောင်း အဆိုပါ ရဲစခန်းထံမှ သိရသည်။

■

R-24

# မြစ်ကြီးနားတွင် စီးပွားရေးဇုန်တည်မှု KNC ပါတီ ကြေညာချက်ထုတ်

**မြစ်ကြီးနား၊ ဩဂုတ် ၂၃**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ အနောက်ဘက်လီဒိုလမ်းမကြီးဘေး နမ်ကျင်ဒေသတွင် ပြည်နယ်အစိုးရက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် စီးပွားရေးဇုန်တစ်ခု တည်ထောင်ရာတွင် ကချင်ပြည်သူလူထုကို ကိုယ်စားပြုသည့် ကချင်နိုင်ငံရေး အစုအဖွဲ့များနှင့်ပူးပေါင်းဆွေးနွေးပြီးမှအကောင်အထည်ဖော်ဆောင်ရွက်သင့်ကြောင်း ကချင်အမျိုးသားကွန်ဂရက်ပါတီ (KNC)က ဩဂုတ်လ ၂၃ ရက်နေ့က သဘောထားကြေညာ ချက်ထုတ်ပြန်သည်။

နိုင်ငံရေးပဋိပက္ခများ ဖြေရှင်းနေဆဲ ပြည်နယ်တွင် စီးပွားရေးဘက်က တစ်ခုတည်းမကြည့်ဘဲ နိုင်ငံရေးအရ ဖြေရှင်းဆောင်ရွက်နိုင်သော စီမံကိန်းဖြစ်ရေးအတွက် လူထုကိုယ်စားပြုသည့် ကချင်နိုင်ငံရေးအစုအဖွဲ့များနှင့် ပူးပေါင်းဆွေးနွေးဆောင်ရွက်ရေးသည် အခြေခံကျရာ MOA အတွက် ဆွေးနွေးချက်အဆင့်တိုင်းတွင် ကချင်နိုင်ငံရေးအဖွဲ့များ ထည့်သွင်းဆွေးနွေးချက်ကို တောင်းဆိုကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

"အခုMoU (နားလည်မှုစာချွန်လွှာ) ကနေ MOA(သဘောတူညီချက်စာချွန်လွှာ) သွားဖို့လုပ်နေတယ်။ MOA သွားဖို့ အကြိုဆွေးနွေးမှုတွေမှာ ဒေသခံကချင်လူထုအသံစစ်စစ်ပါနိုင်အောင် ကချင်ပါတီတွေ ထည့်သွင်းဆွေးနွေးဖို့လိုတယ်" ဟု ကချင်အမျိုးသား ကွန်ဂရက်ပါတီ (KNC) ဥက္ကဋ္ဌ ဒေါက်တာ M ကောန်လက ပြောဆိုသည်။

ကချင်ပြည်နယ်အစိုးရက မြစ်ကြီးနားမြို့ နမ်ကျင်ဒေသရှိ မြေဧက ၄၇၀၀ကို ၁၅ နှစ်စီမံကိန်းဖြင့် စီးပွားရေးဇုန်တည်ရန် တရုတ်နိုင်ငံ၊ ယူနန်- ထိန်ချုံး ဟုန်ရင်ကုမ္ပဏီနှင့် နားလည်မှု စာချွန်လွှာ MoU ကို ယခုနှစ် မေလ ၁ ရက်နေ့က သဘောတူလက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ စီးပွားရေးဇုန်တည်ရန် MoU ရေးထိုးပြီးနောက်လုပ်ငန်းအကောင်အထည်ဖော်သဘောတူညီမှု MOA အတွက် ကချင်ပြည်နယ် အစိုးရနှင့် ယင်း ယူနန်-ထိန်ချုံး ဟုန်ရင် ကုမ္ပဏီတို့က အဆင့်ဆင့် ဆက်လက်ဆွေးနွေးနေကြောင်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံမှ စုံစမ်းသိရှိရသည်။

■ R-06



Photo - Yan Kaung

# နမ္မတီးမြို့ရှိ စစ်ဘေးရှောင်အချို့ မြစ်ကြီးနားသို့ ပြောင်းရွှေ့

**မြစ်ကြီးနား၊ ဩဂုတ် ၂၃**

ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ နမ္မတီးမြို့ AG ဘုရားကျောင်း၌ ခိုလှုံနေကြသော စစ်ဘေးရှောင် အိမ်ထောင်စု ၂၈ စုသည် စားဝတ်နေရေးခက်ခဲမှုကြောင့် မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက်၊ နယ်မြေ ၇ ရှိ ခရစ်တော်၏ အသင်းတော်ဘုရားကျောင်းသို့ ဩဂုတ်လ ၂၂ ရက်နေ့က ပြောင်းရွှေ့ခဲ့ကြောင်း ယင်းစစ်ဘေးရှောင်သူများထံမှ သိရသည်။

အဆိုပါ စစ်ရှောင်များသည် မိုးကောင်းမြို့နယ်၊ ကဆုန့်ဒေသ ခါနန်ကျေးရွာမှ နမ္မတီးမြို့သို့ ယခုနှစ်ဧပြီလ ၂၂ ရက်နေ့က တိမ်းရှောင်ခဲ့ခြင်းဖြစ်ပြီး လတ်တလောတွင် နေရာထိုင်ခင်းခက်ခဲမှုနှင့် အစားအသောက်အဆင်မပြေမှုတို့ကြောင့် ပြောင်းရွှေ့ခဲ့ရခြင်းဖြစ်ကြောင်း စစ်ရှောင်ဒေသခံ ဦးလဒန်နော် (ခ) ဆန်ဒေါင်ဒီးက ပြောကြားသည်။

"နေတဲ့နေရာမှာလည်း ရေတွေရှိတယ်။ ပြီးတော့ စားဖို့အတွက် ဆန်တွေ၊ ဟင်းဖိုးတွေ အဆင်မပြေဘူး။ ဒါကြောင့် ပြည်နယ်အစိုးရဝန်ကြီးတွေကိုပြောပြီးသူတို့ကပြောင်းပါလို့ပြောလို့ ပြောင်းခဲ့တယ်" ဟု ၎င်းက ဆိုသည်။

ယခင် နမ္မတီးAG အသင်းတော်ဘုရားကျောင်းတွင် အိမ်ထောင်စု ၃၃ စု နေထိုင်ခဲ့ပြီး စားဝတ်နေရေးအခက်အခဲကြောင့် အိမ်ထောင်စု ၂၈ စု၊ လူဦးရေ ၈၀ ဦးကျော် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

မိုးကောင်းမြို့နယ်နှင့် မြစ်ကြီးနားမြို့သည် မိုင် ၄၀ ခန့်ကွာဝေးသည်။

"အခုဒီကို စပြောင်းလာတာဆိုတော့ နေဖို့အတွက် အခင်းတွေလိုတယ်။ မြေကြီးပေါ်မိုးကာခင်းပြီးအိပ်ရတာအဆင်မပြေဘူး။ ပြီးတော့ စားသောက်ရေးလည်း လိုတယ်"ဟု စစ်ရှောင်ဒေသခံ ဦးအားတီက ပြောဆိုသည်။

ကချင်ပြည်နယ်အတွင်း တပ်မတော်နှင့် ကချင်လက်နက်ကိုင်တပ်ဖွဲ့တို့အကြား ၂၀၁၁ ခုနှစ်မှစတင်၍ တိုက်ပွဲများဖြစ်ပွားခဲ့ခြင်းကြောင့် ယနေ့ချိန်အထိ စစ်ဘေးရှောင်တစ်သိန်းကျော်သည် မိမိနေရပ်သို့ နေထိုင်နိုင်ခြင်းမရှိသေးကြောင်း စစ်ဘေးရှောင်များအရေး လှုပ်ရှားသူများထံမှ သိရသည်။

■ R-06

# ရေဦးတွင် မီးရထားဘူတာရုံပိုင်တစ်ဦး ရထားကြိတ်ခံရ၍ သေဆုံး

**ရေဦး၊ ဩဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်ရှိ တင်းတိမ်ရုံဘူတာရုံပိုင်ကြီး ဦးကျော်ကျော် ၄၇ နှစ်သည် ဩဂုတ်လ ၂၂ ရက်နေ့ညနေက မုံရွာ-ခင်ဦး အဆန် ရထားကြိတ်ခံရ၍ သေဆုံးခဲ့ကြောင်း တင်းတိမ်ရုံနယ်မြေရဲစခန်းထံမှ စုံစမ်းသိရှိရသည်။

ယင်းနေ့ ညနေ ၆ နာရီ ၂၀ မိနစ်ခန့်က ဘူတာသို့ဝင်လာသည့် ခင်ဦးရထားမှာ ၅ မိနစ်ရပ်နားနေကျဖြစ်ကာ ရုံပိုင်ကြီးသည် ဂါတ်ဗိုလ်တွဲမှ ငွေအိတ်ယူခြင်းကို တာဝန်ထမ်းနေကျအတိုင်းပြုလုပ်ပြီး ရထားထွက်ခွာသွားပြီးမှ ၎င်းအလောင်းကို မှောက်လျက်အနေအထားဖြင့် ရထားသံလမ်းတွင် ခရီးသည်အမျိုးသမီးတစ်ဦးက စတင်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း အဆိုပါဘူတာရုံမှ လမ်းခွဲကိုင် ဦးကျော်သူအောင်က ပြောကြားသည်။

"သူတာဝန်ထမ်းဆောင်နေကျအတိုင်း ဘူတာဘက်မှာ လုပ်ဆောင်ပြီးရထားလမ်းဟိုဘက်ခြမ်းမှာ ဘယ်လိုကြိတ်ခံရသလဲဆိုတာ မြင်သူမရှိပါဘူး။ ခရီးသည်က လူတစ်ယောက် ကုန်းကုန်းကြီးပြောလို့ဘူတာရုံက လမ်းဗိုလ်လေးက သွားကြည့်မှ ရုံပိုင်ကြီးဖြစ်နေတာ သိရတယ်" ဟု ၎င်းက ရှင်းပြသည်။

ရုံပိုင်ကြီး ဦးကျော်ကျော်သည် တစ်စုံတစ်ဦး၏ပယောဂကြောင့်မဟုတ်ဘဲ ရထားကြိတ်ခံရ၍ သေဆုံးခြင်းသာဖြစ်ပြီး ဦးကျော်ကျော်မှာ လွန်ခဲ့သည့် သုံးရက်ခန့်ကလည်း ကျန်းမာရေးမကောင်းဘဲ အားနည်းနေကာ မည်သူ့ကိုမှလည်း စကားပြောဆိုခြင်းမရှိသည်ဟု သိရကြောင်း တင်းတိမ်ရုံစခန်းမှူး ရဲအုပ်စိုးလွင်က ပြောကြားသည်။

၎င်းသေဆုံးမှုနှင့် ပတ်သက်၍ အနီးဝန်းကျင်ဒေသခံအချို့ကလည်း ကိုယ့်ကိုယ်ကိုယ်သတ်သေသည်ဟု ယူဆမှုများရှိနေသည်။

အဆိုပါရုံပိုင်ကြီးသည် တင်းတိမ်ရုံဘူတာရုံတွင် တာဝန်ကျသည်မှာ လပိုင်းသာရှိသေးကြောင်း၊ ရန်ကုန်ဘက်သို့ပြောင်းရွှေ့ရန် အမိန့်ကျထားသော်လည်း လူစားမလာ၍ အပြောင်းစောင့်နေချိန်တွင် ယခုကဲ့သို့ဖြစ်ပွားခြင်းဖြစ်ကာ ၎င်းသေဆုံးမှုအား မြင်တွေ့သူတစ်ဦးတစ်ယောက်မှ မရှိကြောင်း ၎င်းနှင့်နီးစပ်သူများထံမှ စုံစမ်းသိရှိရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်ပြီး သေမှုသေခင်းအမှတ် ၄/၂၀၁၈ ဖြင့် တင်းတိမ်ရုံနယ်မြေရဲစခန်းတွင် အမှုဖွင့်ထားသည်။

■ R-08

## NEWS IN BRIEF

### ချောက်မြို့မှဈေးတွင် ရက်လွန်စားသောက်ကုန်များတွေ့

မကွေးတိုင်း ချောက်မြို့ မြို့မဈေးအတွင်းရှိစားသောက်ကုန်အရောင်းဆိုင်များမှ စားသုံးရန်မသင့်သည့် ရက်လွန်အချိုရည်ဘူးများ ရောင်းချနေသည့်အတွက် ဩဂုတ်လ ၂၃ ရက်နေ့က သိမ်းဆည်းခဲ့ကြောင်း ယင်းမြို့စားသုံးသူရေးရာဦးစီးဌာနထံမှ သိရသည်။

ချောက်မြို့မဈေး မြောက်ဘက်ရှိ စားသောက်ကုန်အရောင်းဆိုင်တစ်ဆိုင်ထံမှ Queen စတော်ဘယ်ရီအချိုရည် ဘူး ၃၁ ဘူး၊ V-Code အချိုရည် ၂၈ လုံးနှင့် ကွဲရိုင်းအချိုရည် ၄ လုံးတို့ကို သိမ်းဆည်းခဲ့ကြောင်း ၎င်းကဆိုသည်။

■ R-24

### ကျောက်ကြီးတွင် ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာပွဲကျင်းပ

ပဲခူးတိုင်း ကျောက်ကြီးမြို့နတ်သံကွင်းဒေသရှိ အေးမြသုခရေတွင်းကုန်းကျောင်းတိုက် ဓမ္မာရုံတွင် ဩဂုတ်လ ၂၃ ရက်နေ့က ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကျင်းပခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

အဆိုပါအခမ်းအနားကို ဆွေမျိုးများ ပြန်လည်ဆုံတွေ့စေရန်နှင့် ကရင်အမျိုးသားများအချင်းအချင်း ချစ်ကြည်ရင်းနှီးမှု ခိုင်မြဲစေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး ကျောက်ကြီးမြို့၌ ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း ကရင်တိုင်းရင်းသားရေးရာ ဝန်ကြီး နော်ပွယ်ဆေးက ပြောကြားသည်။

ကရင်ရိုးရာ ချည်ဖြူဖွဲ့ (လက်ချည်ဖွဲ့ ) မင်္ဂလာအခမ်းအနားကို ဝါခေါင်လတွင် ကျင်းပလေ့ရှိပြီး အနာရောဂါ ဖြစ်ပွားတတ်သည့် ရာသီအချိန်အခါဖြစ်၍ မဖြစ်ပွားစေရန်၊ အလုပ်အကိုင်နေထိုင်မှုအတွက် အနှောင့်အယှက်အဖျက်အဆီးမဖြစ်စေရန် ကျင်းပပြုလုပ်သည့်ဓလေ့ပွဲတစ်ခုဖြစ်သည်။

■ R-15

သတင်းကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၁

## အမျိုးသမီးအခွင့်အရေး လှုပ်ရှားသူများကို သေဒဏ်ပေးရန် ဆော်ဒီကြံစည်

ရီယာဒ်၊ ဩဂုတ် ၂၃

ဆော်ဒီအာရေဗျအစိုးရရှေ့နေများက အမျိုးသမီးအရေးလှုပ်ရှားသူ အစ်စရာ အယ်လ်ဂိုဂမ် အပါအဝင် တက်ကြွလှုပ်ရှားသူငါးဦးကို သေဒဏ်ချမှတ်နိုင်ရန် ကြံစည် ကြိုးစားလျက်ရှိသည်ဟု BBC သတင်းတွင် ဖော်ပြထားသည်။

၎င်းတို့ငါးဦးသည် ရှီးယားမွတ်ဆလင်တို့၏ အုံကြွမှု ဖြစ်ပေါ်နေသော ကာတစ်ဖ်ဒေသတွင် ဆန္ဒပြပွဲများ၌ ပါဝင်မှု အပါအဝင် စွဲချက်များစွာဖြင့် အကြမ်းဖက်မှုဆိုင်ရာခုံရုံးတွင် စွဲဆိုခြင်းခံခဲ့ရသည်ဟု HRW ကပြောကြားသည်။

မစ္စဂိုဂမ်သည် လူ့အခွင့်အရေးလှုပ်ရှားမှုကြောင့် သေဒဏ်နှင့် ရင်ဆိုင်ရဖွယ်ရှိသည့် ပထမဆုံးဆော်ဒီအမျိုးသမီး ဖြစ်လာနိုင်သည်ဟု ယူဆရသည်။

ထို့အပြင် အချုပ်ခန်းသံတိုင်ကြားသို့ ရောက်နေသော အခြားအမျိုးသမီးလှုပ်ရှားသူများအတွက်လည်း အန္တရာယ်ကြီးမားသောအနေအထားကို ဖြစ်ပေါ်စေသည်ဟု HRW က သတိပေးပြောကြားသည်။

မေလနောက်ပိုင်းတွင် လူ့အခွင့်အရေးနှင့် အမျိုးသမီးအရေးလှုပ်ရှားသူ အနည်းဆုံး ၁၃ ဦးကို နိုင်ငံတော်လုံခြုံရေး ထိပါးမှုဖြင့် စွပ်စွဲဖမ်းဆီးခဲ့ပြီးအချို့ကို ပြန်လွှတ်ပေးခဲ့သော်လည်း ကျန်ရှိနေသူများကို တရားမစွဲဘဲ ထိန်းသိမ်းထားသည်။

မစ္စဂိုဂမ်သည် ၂၀၁၁ နောက်ပိုင်း ကာတစ်ဖ်ဒေသ၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြပွဲများတွင် ပါဝင်မှုနှင့် မှတ်တမ်းတင်မှုများကြောင့် လူသိများသောလှုပ်ရှားသူတစ်ဦး ဖြစ်သည်။

ရှီးယားမွတ်ဆလင် အသိုင်းအဝိုင်း

စာ-24



ဂျာမနီနိုင်ငံ ဟန်းဘတ်ဂ်မြို့တွင် ကျင်းပပြုလုပ်သော ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲ၌ ထရမ့်နှင့်ပူတင်တို့ တွေ့ဆုံခဲ့စဉ်

## ဒဏ်ခတ်အရေးယူမှုဟူသည် ဖြစ်စေချင်တိုင်း ဖြစ်သည့်အရာမျိုးမဟုတ်ဟု အမေရိကန်ပြည်ထောင်စုကို သမ္မတပူတင် သတိပေး

မော်စကို၊ ဩဂုတ် ၂၃

ရုရှားနိုင်ငံအပေါ် အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးပိတ်ဆို့အရေးယူမှုများသည် ဖြစ်စေချင်တာနှင့် တခြားစီဖြစ်စေပြီး အဓိပ္ပာယ်လည်း မဲ့လွန်းသည်ဟု ရုရှားသမ္မတ ဗလာဒီမာပူတင်က ဗုဒ္ဓဟူးနေ့တွင် ထုတ်ဖော်ပြောကြားလိုက်ကြောင်း AP သတင်းဌာနက ရေးသားဖော်ပြသည်။

ရုရှားနိုင်ငံအပေါ် ပိုမိုအထိနာစေမည့် ဒဏ်ခတ်အရေးယူမှုများ သတ်မှတ်ပြဋ္ဌာန်းရန်ရှိသည်ဟု သတိပေးချက်ထွက်ပေါ်လာပြီးနောက် သမ္မတပူတင်က ယင်းသို့တုံ့ပြန်ဝေဖန်လိုက်ခြင်းဖြစ်သည်။

“ဒဏ်ခတ်အရေးယူမှုဆိုတာ ဖြစ်စေချင်တာတွေကို ဘယ်တော့မှမဖြစ်စေပါဘူး၊ အဓိပ္ပာယ်လည်းမရှိတဲ့ကိစ္စပါ။ အထူးသဖြင့် ရုရှားလိုနိုင်ငံမျိုးကို ဒဏ်ခတ်အရေးယူမယ်ဆိုရင်ပေါ့” ဟု ဖင်လန်နိုင်ငံသမ္မတ ဆော့လ်နီဆီတိုနှင့် ကျင်းပပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် သမ္မတပူတင်က ပြောကြားသည်။

“အဲဒီမူဝါဒတွေဟာ အနာဂတ်မှာ ဘာအကျိုးမှ မဖြစ်ထွန်းစေဘူးဆိုတာရယ်၊ ကျွန်တော်တို့တစ်တွေ ပုံမှန်ပူးပေါင်းဆောင်ရွက်မှုတွေ စတင်သွားမယ်ဆိုတာရယ်ကို ကျွန်တော်တို့ရဲ့အမေရိကန်ရောင်းရင်းတွေ နားလည်သဘောပေါက်လိမ့်မယ်လို့ မျှော်လင့်ပါတယ်” ဟု ပူတင်က ပြောကြားသည်။

ထို့ပြင် သမ္မတပူတင်က နှစ်နိုင်ငံကြားက ပြဿနာဟူသည်မှာ သမ္မတဒေါ်နယ်ထရမ့်တစ်ဦးတည်းထံမှ ထွက်လာခြင်းမဟုတ်ဘဲ မူလအစအခြေတည်မှုမှလည်း ထွက်လာခြင်းဖြစ်သည်ဟု ပြောဆိုသည်။

အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးတစ်ဦးဖြစ်သူ ဆီဂဲလ်မန်ဒဲလ်ကာက မော်စကိုအစိုးရဘက်က ထိခိုက်နစ်နာစေသော လုပ်ဆောင်ချက်များကို မရပ်ဘဲဆက်လုပ်နေမည်ဆိုပါက ပိုမိုအထိနာမည့် စီးပွားရေးပိတ်ဆို့မှုများကို ပြဋ္ဌာန်းသွားမည်ဖြစ်သည်ဟု ဆိုသည်။

ရုရှားသည် ယူကရိန်းနိုင်ငံ ကရိုင်းမီးယားဒေသကို သိမ်းပိုက်ရယူထားခြင်း၊ အမေရိကန်ရွေးကောက်ပွဲကို ဝင်ရောက်စွက်ဖက်ခြင်းတို့ ပြုလုပ်ခဲ့သည်ဟူသော စွပ်စွဲချက်များဖြင့် ဝါရှင်တန်က မော်စကိုကို ဒဏ်ခတ်အရေးယူမှုများ ပြဋ္ဌာန်းထားပြီးဖြစ်သည်။

မကြာသေးခင်က ဗြိတိန်နိုင်ငံတွင် နေထိုင်သော ရုရှားသူလျှိုတစ်ဦးနှင့် ၎င်း၏သမီးဖြစ်သူတို့ ဓာတုလက်နက်ဖြင့် တိုက်ခိုက်ခံရမှုတွင်လည်း ရုရှားနိုင်ငံပါဝင်ပတ်သက်နေသည်ဟု ဆိုကာ အမေရိကန်တို့က ဒဏ်ခတ်အရေးယူမှုများ ထပ်မံပြုလုပ်ခဲ့သည်။

သို့သော် ရုရှားအစိုးရအရာရှိများက အမေရိကန်ပိတ်ဆို့အရေးယူမှုကြောင့် ရုရှားဘက်တွင် သိသာထင်ရှားသည့် ဂယက်ရိုက်ခတ်မှုမျိုးမရှိခဲ့ဟု တုံ့ပြန်ပြောဆိုကြသည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလာရော့ဗ်ကလည်း “အမေရိကန်ဒဏ်ခတ်အရေးယူမှုတွေဟာ ကျွန်တော်တို့ရဲ့မူဝါဒအပေါ် လွှမ်းမိုးချုပ်ကိုင်နိုင်ခြင်းမရှိပါဘူး” ဟု ပြောကြားသည်။

သမ္မတထရမ့်နှင့် သမ္မတပူတင်တို့သည် ပြီးခဲ့သည့် ဇူလိုင်လအတွင်း ဖင်လန်နိုင်ငံ ဟယ်လ်ဆင်ကီးမြို့၌တွေ့ဆုံခဲ့ကြသည်။ ထရမ့်သည် ရုရှားသမ္မတနှင့် ချစ်ကြည်ရင်းနှီးမှုရရှိရန် လွန်စွာကြိုးပမ်းလျက်ရှိသည်ဟု အမေရိကန်ပြည်တွင်း၌ ဝေဖန်ထိုးနှက်ခံရပြီးနောက် ယင်းသို့တွေ့ဆုံခဲ့ခြင်းလည်း ဖြစ်သည်။ ■ F-01

## ခိုလှုံခွင့်တောင်းသူများအပေါ် အစာရေစာဖြတ်သည့်နည်းလမ်းကို ဟန်ဂေရီအသုံးပြုဟု သတင်းထွက်

ဘူဒါပက်စ်၊ ဩဂုတ် ၂၃

ဟန်ဂေရီနိုင်ငံသည် လမ်းခရီးတစ်ထောက်နားရာ ဇုန်အတွင်းရှိ ရွှေ့ပြောင်းဒုက္ခသည်စခန်းများတွင် ခိုလှုံခွင့်ငြင်းပယ်ခံရသူများအား လက်လျှော့သွားစေရန်အတွက် အစာရေစာ ဖြတ်တောက်သည့်နည်းကို အသုံးပြုနေသည်ဟု လူ့အခွင့်အရေးအုပ်စုများက ပြောကြားလိုက်ကြောင်း DW သတင်းတွင် ဖော်ပြထားသည်။

ယခုလအတွင်း အကောင်အထည်ဖော်ခဲ့သည့် အဆိုပါမူဝါဒ ပိုမိုကျယ်ပြန့်လာမည်ကိုစိုးရိမ်သည်ဟု Human Rights Watch က ပြောကြားသည်။

ဟန်ဂေရီအာဏာပိုင်များသည် ဒုက္ခသည်ချုပ်နှောင်ရာ စခန်းရှိလူများကို အစားအသောက် ဖြတ်တောက်ခြင်းအားဖြင့် အီးယူအဖွဲ့ဝင်အဖြစ် လိုက်နာရမည့် ဝတ္တရားများ၊ နိုင်ငံတကာခိုလှုံခွင့် တောင်းခံခြင်း



ဆိုင်ရာ စံနှုန်းများကို ချိုးဖောက်နေသည်ဟု Human Rights Watch မှ အရှေ့ဥရောပဆိုင်ရာ လေ့လာသူ လိုင်ဒီယာဂေါလ်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

“လူတွေရဲ့စားဝတ်နေရေးကို မထိမဲ့မြင်ပြုတာဟာ ခိုလှုံခွင့်တောင်းခံမှုကို စွန့်လွှတ်ပြီး ဟန်ဂေရီက ထွက်သွားအောင် ဖိအားပေးတဲ့ ဆိုးဆိုးဝါးဝါးအပြုအမူ ဖြစ်ပါတယ်” ဟု သူမကဆိုသည်။

ဟန်ဂေရီအစိုးရသည် ခရီးထောက်စခန်းများတွင် နေထိုင်နေသောခိုလှုံခွင့်ငြင်းပယ်ခံဒုက္ခသည်များအား ပြန်မပို့မီအတောအတွင်း စိမ်းစိမ်းကားကား ပြုမူဆက်ဆံရေးကိုခွင့်ပြုရန် ဥပဒေကို ပြင်ဆင်ခဲ့ပြီးနောက် ဩဂုတ်လလယ်ခန့်တွင် ဒုက္ခသည်များကို အစားအစာမပေးသည့်နည်းလမ်းကို စတင်ကျင့်သုံးလာခဲ့သည်။

ဟန်ဂေရီသည် ဒုက္ခသည်များကို ရှားရှားပါးပါးသာ လက်ခံလေ့ရှိသည်။ အစာရေစာ ဖြတ်တောက်ခြင်းသည် ခိုလှုံခွင့်ငြင်းပယ်ခံရသူများကို အခြားနိုင်ငံသို့ ဆန္ဒအလျောက် ထွက်ခွာသွားစေရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု ဟန်ဂေရီလူ့အခွင့်အရေးအုပ်စု ဟယ်ဆင်ကီကော်မတီက ပြောကြားသည်။

ဟန်ဂေရီဥပဒေအရ ခရီးထောက်စခန်းဇုန်များရှိ ခိုလှုံခွင့်ငြင်းပယ်ခံရသူများအား အစာရေစာပေးကျွေးရန် တာဝန်မရှိဟု လူဝင်မှုကြီးကြပ်ရေးနှင့် ခိုလှုံခွင့်ဆိုင်ရာရုံးက ထုတ်ဖော်ပြောကြားထားသည်။

သို့ရာတွင် Human Rights Watch အုပ်စုကမူဟန်ဂေရီအာဏာပိုင်များသည် လူ့အခွင့်အရေးသဘောတူစာချုပ်များ၊ အချုပ်ခန်းအတွင်းရှိလူများကို နှိမ့်ချဆက်ဆံခြင်းမပြုရန် တားမြစ်ချက်များ၊ အချုပ်ခန်းအတွင်းရှိလူများကို လူ့သိက္ခာနှင့်အညီ ပြုမူဆက်ဆံရန် စည်းကမ်းချက်များကို လိုက်နာရမည့် ဝတ္တရားရှိသည်ဟု ထောက်ပြဝေဖန်သည်။

“ဒီအချက်တွေထဲမှာ အစာ၊ ရေ၊ သန့်ရှင်းရေးစနစ်နဲ့ ဆေးဝါးကုသမှုတွေပါဝင်ပါတယ်” ဟု HRW က ပြောကြားသည်။

လောလောဆယ်အချိန်အထိ ယင်းမူဝါဒသည် အာဖဂန်နှင့် ဆီးရီးယားမိသားစုများအပေါ်တွင် သက်ရောက်မှုရှိနေသည်။ ■ F-04

# အီးဒ်နေ့တွင် အာဖဂန်သမ္မတအိမ်တော်အနီး ဒုံးကျည်ကျ၊ ရဟတ်ယာဉ်များဖြင့် ပြန်လည်တိုက်ခိုက်

**ကဘူးလ်၊ ဩဂုတ် ၂၃**

ဩဂုတ်လ ၂၂ရက်နေ့အီးဒ်နေ့တွင် အာဖဂန်နိုင်ငံမြို့တော် ကဘူးလ်ရှိသံရုံးများ နှင့် သမ္မတအိမ်တော်အနီးတွင် ဒုံးကျည်မိုးရွာချ တိုက်ခိုက်ခံရပြီးနောက် အစိုးရဘက်က ရဟတ်ယာဉ်များဖြင့် ပြန်လည်တိုက်ခိုက်ခဲ့ရာအကြမ်းဖက်သမား လေးဦးသေဆုံးခဲ့သည်ဟု DWသတင်းဌာနတွင်ဖော်ပြသည်။

သမ္မတအက်ရှ်ရက်ဖ် ဂါနီက အီးဒ်နေ့တွင် ပြည်သူများကို မိန့်ခွန်းပြောနေစဉ် ဒုံးကျည်များဖြင့် ပစ်ခတ်ခံခဲ့ရခြင်းဖြစ်သလို တာလီဘန်တို့နှင့် ခြွင်းချက်ဖြင့် အပစ်အခတ်ရပ်စဲရန် ကမ်းလှမ်းထားပြီး ရက်အနည်းငယ်အကြာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဒုံးကျည်တစ်ခုသမ္မတအိမ်တော် အနီးသို့ထိမှန်ခဲ့ပြီး အခြားဒုံးကျည်တစ်ခုမှာ အမေရိကန်သံရုံးနှင့် နေတိုးရုံးချုပ်အနီးတွင် ကျရောက်ခဲ့သည်။ သံရုံးများရှိရာဇရိယာသို့ ဒုံးကျည်အလုံး ၂၀ကျော်ထိမှန်ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များအပါအဝင် ခြောက်ဦးခန့်ဒဏ်ရာရခဲ့သည်ဟု ဗိုလ်ချုပ်ကြီးမူရက်ဒ်အလီမူရက်ဒ်က ထုတ်ပြန်ထားသည်။

သမ္မတဂါနီမိန့်ခွန်းပြောကြားနေစဉ် ပေါက်ကွဲသံများကြားခဲ့ရပြီးနောက် ပြောကြားနေသည့်မိန့်ခွန်းကိုရပ်ကာ “ဒုံးကျည်တွေနဲ့တိုက်ခိုက်တာက အာဖဂန်ပြည်သူတွေကို ကျဆုံးစေမယ်လို့ထင်ရင်တော့ သူတို့တွေ မှားသွားပြီ” ဟု ဂါနီက ပြောခဲ့သည်။

ယင်းတိုက်ခိုက်မှုနှင့်ပတ်သက်၍ တာလီဘန်တို့က လတ်တလောကြေညာချက်တစ်စုံတစ်ရာမထုတ်ပြန်သေးသော်လည်း အိုင်အက်စ်အဖွဲ့ကမူ ၎င်းတို့လက်ချက်ဖြစ်သည်ဟု ထုတ်ပြန်ခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များက ရဟတ်ယာဉ်များဖြင့် တုံ့ပြန်ခဲ့ပြီးဒုံးကျည်များလွှတ်တင်ရာနေရာဟုယူဆရသော အီဒ်ဂါးဗလီအနီးရှိ နေအိမ်တစ်လုံးကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

အိဒ်ဂါးဗလီအနီးရှိ အိမ်တစ်လုံးမှ ဒုံးကျည်များ ဆက်တိုက်ပစ်ခတ်ခဲ့သဖြင့် ထိုအိမ်ပေါ်သို့ဗုံးကြဲခဲ့ပြီး ရဟတ်ယာဉ်များဖြင့် ပစ်ခတ်ခဲ့သည်။

မည်သူကမည်သူ့ကို ပစ်ခတ်နေသည်ကို မသိရသော်လည်း သေနတ်သံများကို ပေါက်ကွဲမှုများအပြီးတွင် ကျယ်လောင်စွာကြားခဲ့ရသည်ဟု မျက်မြင်သက်သေအချို့က ပြောဆိုခဲ့သည်။

ကဘူးလ်မြို့ရှိ ဒုံးကျည်ထိမှန်ခဲ့သော သံရုံးဇရိယာသည် အာဖဂန်တွင် လုံခြုံရေးအတင်းကျပ်ဆုံးဒေသဖြစ်သည်။ ယင်းဒေသတွင် အစိုးရအဆောက်အအုံများနှင့် သံရုံးများစွာရှိပြီး ကြီးမားသောအုတ်နံရံများနှင့် သံဆူးကြိုးများ ကာရံထားသည်။

မွတ်ဆလင်တို့၏ အဓိကပွဲတော်နေ့တွင် ယခုကဲ့သို့ တိုက်ခိုက်မှုမှာ ပြင်းထန်သောသတင်းစကားတစ်ခုဖြစ်ပြီး တိုင်းပြည်၏ ၁၇ နှစ်ကြာစစ်ပွဲအဆုံးသတ်ရေး ငြိမ်းချမ်းရေးဆွေးနွေးရန် သမ္မတဂါနီ၏ အားထုတ်မှုများအတွက် ကြီးစွာသောထိုးနှက်ချက်တစ်ရပ်ဖြစ်ခဲ့သည်။

အီးဒ်နေ့အခါသမယအတွင်း၌ အပစ်အခတ်ရပ်စဲရန် ဂါဟ်နီက ပြီးခဲ့သည့် တနင်္ဂနွေ နေ့ကတည်းက ကမ်းလှမ်းထားခဲ့ပြီး တာလီဘန်များဖောက်ဖျက်မှသာ ပစ်ခတ်မှုများရှိနိုင်သည်ဟု ပြောကြားထားခဲ့သည်။

■ F-04

---

**စာ-24 အမျိုးသမီးအခွင့်အရေးလှုပ်ရှားသူများကို သေဒဏ်ပေးရန် ဆော်ဒီကြံစည် မှအဆက်**




များက ဆော်ဒီဆွန်နီမွတ်ဆလင် အစိုးရ၏ ခွဲခြားဆက်ဆံမှုကိုခံနေရသည်ဟု ကြွေးကြော်ကာလမ်းများပေါ်သို့ ထွက်လာခဲ့ကြခြင်းဖြစ်သည်။ အာဏာပိုင်များက မစ္စဂုံဂမ်နှင့် သူမ၏အမျိုးသားကို ၂၀၁၅ ဒီဇင်ဘာလကတည်းကဖမ်းဆီးထားခဲ့သည်။

၎င်းတို့ငါးဦးအား စတင်ရုံးထုတ်စစ်ဆေးရာတွင် အစ္စလာမ် တာဇာစည်းမျဉ်းကိုအခြေခံ၍ သေဒဏ်ချမှတ်နိုင်ရန် အစိုးရရှေ့နေများက တောင်းဆိုခဲ့ကြသည်။

အရှေ့အလယ်ပိုင်းဆိုင်ရာ HRW ဒါရိုက်တာဆာရာလီဝိုက်ဆန်က “အကြမ်းဖက် အပြုအမူ ပြုလုပ်မှုနဲ့ စွပ်စွဲခြင်းမခံရတဲ့ မစ္စဂုံဂမ်လိုလူမျိုးအပေါ် ဘယ်လိုစီရင်ချက်မျိုးပဲချချ စိတ်ပျက်စရာပါပဲ။ ဒါပေမဲ့ သေဒဏ်ချမှတ်ဖို့ကြိုးစားနေတာကတော့ ဖောက်လွဲဖောက်ပြန် မှားယွင်းမှုတစ်ခုဖြစ်ပါတယ်”ဟု မှတ်ချက်ပေးသည်။

ဆော်ဒီပဒေသရာဇ်တွေရဲ့သက်ဦးဆံပိုင် အုပ်ချုပ်မှုပုံစံတွေဟာ အနောက်အုပ်စုမဟာမိတ်တွေနဲ့ နိုင်ငံတကာကော်ပိုရေးရှင်းတွေကို လှည့်ဖြားဖို့အတွက် ပြုပြင်ပြောင်းလဲရေး ပုံပြောပြပေးနေတဲ့ အစိုးရလူထုဆက်ဆံရေးဌာနတွေကို အခက်အခဲတွေ့စေပါတယ်”ဟု၎င်းက ပြောကြားသည်။

ဥရောပနှင့် ယူကေအခြေစိုက် ဆော်ဒီလူ့အခွင့်အရေးအုပ်စုများက မစ္စဂုံဂမ်အပေါ် စွဲချက်များကို ရုပ်သိမ်းပေးရန် တောင်းဆိုနေကြသည်။ ဆော်ဒီအစိုးရဘက်ကမူ မစ္စဂုံဂမ်၏ ရုံးထုတ်စစ်ဆေးမှုအပေါ် မှတ်ချက်ပေးခြင်းမပြုသေးပေ။

သို့ရာတွင် ဆော်ဒီခုံရုံးများသည် ယခင်ကလည်း ရှီယားမွတ်ဆလင်အရေးလှုပ်ရှားသူမြောက်မြားစွာကို အကြမ်းဖက်ဝါဒ ဆက်စပ်လုပ်ဆောင်မှုများကြောင့် အပြစ်ရှိသည်ဟု ဆုံးဖြတ်ကာ သေဒဏ်ချမှတ်ခဲ့ပြီးဖြစ်သည်။

■ F-04

---

**စာမျက်နှာ 14 ‘88’ နှင့် ‘NLD’ တို့ ဖတ်ပေးပါ မှအဆက်**

ရေနုတ်မြောင်းကို ဖျက်ဆီးပစ်တဲ့ လမ်းခဲ့ထပ်ပိုးလွှာစနစ်စီမံကိန်းတွေ ရေနုတ်မြောင်းကို ကျဉ်းမြောင်းသွားစေတဲ့ လမ်းခဲ့လမ်းမြှင့်တင်တဲ့စနစ်စီမံကိန်းတွေ စတဲ့အခြေခံအကြောင်းတရားတွေကြောင့် ရပ်ကွက် မြို့ ရွာမိုးရွာတာနဲ့ ရေဝပ် ရေနစ်တာတွေနဲ့ တွေ့ကြုံရပြီး စိတ်ညစ်ရတဲ့ပြည်သူတွေများလာပါတယ်။ လမ်းခင်းပြီး မကြာမီပျက်စီးတဲ့လမ်းတွေ များလာပါတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေ စီးပွားရေးလုပ်ငန်းတွေမှာ အရှုံးများပြီး လုပ်ငန်းတွေရပ်နားတာ၊ လျှော့ချတာ၊ အလုပ်သမားလစာပေးချေရမှု အခက်အခဲတွေကြောင့် လုပ်ငန်းတွေရပ်နားခဲ့ပြီး အလုပ်လက်မဲ့များပြားလာတာ၊ ငွေရှင်ကြေးရှင် စီးပွားရေးသမားအများစု စက်ရုံတွေဆောက်ပြီး စီးပွားရေးလုပ်မယ့်အစား ဘဏ်မှာငွေအပ်ပြီး ဘဏ်တိုးထိုင်စားနေသူတွေ များလာလာတာကြောင့် အလုပ်အကိုင်အခွင့်အလမ်းတွေရှားပါးပြီး ပြည်သူတွေ စားဝတ်နေရေးခက်ခဲလာနေတာတွေ များလာပါတယ်။

## (၅) လွှတ်တော်နှစ်ရပ်နဲ့ အစိုးရ

လွှတ်တော်နှစ်ရပ်မှာ အရည်အချင်းရှိသူ ထက်ဝက်လောက် ရှိနိုင်ပါတယ်။ ကျန်ထက်ဝက်က Facebook မှာ သူတို့ရေးသားလာတဲ့စာကြောင်းဝါကျတွေကို ဖတ်ကြည့်ရင် သတ်ပုံလည်းမမှန်၊ သဒ္ဒါလည်းမှား၊ စာသားအနှစ်သာရကလည်းမရှိတဲ့ အရေးအသားတွေ များပါတယ်။ တိုင်းပြည်အတွက် အရေးကြီးတဲ့၊ စကားလုံးအဓိပ္ပာယ်တွေ နည်းနည်းမှအမှားခံလို့မရတဲ့ ဥပဒေတွေကို ရေးဆွဲ၊ အတည်ပြု ပြင်ဆင်ပြဋ္ဌာန်းကြရမယ့် လွှတ်တော်ကိုယ်စားလှယ်ဆိုတာ မြန်မာစာသတ်ပုံ၊ သဒ္ဒါလောက်တော့ ကျွမ်းကျင်သင့်ပါတယ်။ ဆွေးနွေးရမယ့်ခေါင်းစဉ်ကတစ်မျိုး၊ သူတင်ပြတဲ့ဆွေးနွေးချက်ကတစ်မျိုး၊ အမြီးအမောက်မတည့်ပြောဆိုချက်တွေနဲ့ အစိုးရကို ထိန်းကျောင်းရမယ့် လွှတ်တော်ကိုယ်စားလှယ်က အများရှေ့မှာ အရှက်ကွဲနေမှတော့ အစိုးရက သူလုပ်ချင်ရာလုပ်တော့မှာပါ။

NLD ကိုဝင်၊နေရာယူအခွင့်ကောင်းတွေယူတတ်တဲ့လုပ်စားနိုင်ငံရေးသမားတွေက အစိုးရအဖွဲ့မှာ နေရာယူသူတွေ အခုအချိန်မှာ အရည်အချင်းမရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေအကြားမှာ ပန်းပန်နေဆဲလို့ ပြောလို့ရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ကတော့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဘယ်သူကလူကောင်း၊ ဘယ်သူကလူရိုး၊ ဘယ်သူက လူမှန်၊ ဘယ်သူက လူလည်ဆိုတာ သိဖို့ခက်ပါတယ်။ ခန့်ပြီးမှစစ်ဆေး၊ ပြန်ဖြုတ်၊ အစားထိုး ဆိုတာတွေ လုပ်နေရမှာမှန်ပေမယ့် ပါတီရဲ့မူဝါဒကိုမပြုပြင် မပြောင်းလဲနိုင်ဘူးဆိုရင် တိုင်းပြည်အတွက် ကောင်းတဲ့အလားအလာမဟုတ်ဘူးလို့ဆိုရပါမယ်။

ဒါဆိုရင် NLD ဘာလုပ်သင့်သလဲ။ ကျွန်တော်ဉာဏ်မီသလောက်တော့ အကြံပြုချင်ပါတယ်။ ပြည်သူလူထုအတွင်းက အကြံပြုချက်တွေကိုပါ ပေါင်းစည်းတင်ပြပါတယ်။

## (၁) ပါတီစည်းရုံးရေးမူဝါဒကို ပြင်ပါ

ငါတို့ပါတီက အာဏာရပါတီ ဒေါ်အောင်ဆန်းစုကြည်ပါတီဖြစ်သည်။ ပါတီဝင်လိုသူဟာ သူဟာသူလာလိမ့်မည်ဆိုပြီး အပေါ်စီးစိတ်ကိုဖျောက်ပါ။ မိမိသည်ခေါင်းဆောင်ဖြစ်၍ တွေ့သူတိုင်းက မိမိကိုဦးစွာအရိုအသေပေးရမည်၊ ခရီးဦးကြိုပြုရမည် ဆိုတဲ့စိတ်ကိုဖျောက်ပြီး ပြည်သူကိုမိမိက အရင်နှုတ်ဆက်ပါ၊ ခရီးဦးကြိုပြုပါ။ အပြုံးလက်ဆောင်ပေးပါ။ ခေါင်းမော့ရင်ကော့ထားခြင်းထက် ခါးကိုညွတ်၊ ဦးကိုနှိမ့်ထားပေးပါ။

အောက်ခြေကျတဲ့ မြို့/ရွာ ရပ်ကွက်အလိုက်မှာနေတဲ့ NLD ပါတီဝင်တစ်ဦးဟာ ရပ်ကွက်လူထုနဲ့ ဘယ်အတိုင်းအတာအထိ ဝင်ဆံ့သလဲ၊ ရပ်ကွက်အတွင်းမှာရှိတဲ့ လူမှုရေးလုပ်ငန်းတွေမှာ ဘယ်အတိုင်းအတာအထိ ဆောင်ရွက်နိုင်သလဲ၊ အထူးသဖြင့် မြို့နယ်အလုပ်အမှုဆောင်တစ်ဦးဟာ မိမိရပ်ကွက်အတွင်းမှာ ဘယ်ရွေ့ဘယ်မျှ လူထုရဲ့ခင်မင်လေးစားမှုရရှိသလဲ အရင်ဆန်းစစ်ပါ။ ရပ်ကွက်အတွင်းမှာရှိနေတဲ့သူတွေနဲ့ သဟဇာတမဖြစ်တဲ့သူဆိုရင် သူ့ကို လူတွေနဲ့အတူ ယှဉ်တွဲနေထိုင်တတ်အောင် လေ့ကျင့်ပေးပါ။ ပညာအရည်အချင်းနဲ့ပြည့်စုံပြီး လူမှုရေး၊ စည်းရုံးရေးကောင်းတဲ့အပြင် သူနေတဲ့ရပ်ကွက်အတွင်းမှာ အများပြည်သူလေးစားတဲ့ပုဂ္ဂိုလ်များရှိခဲ့ရင် သူ့ကို ပါတီဝင်အဖြစ်ရအောင် စည်းရုံးပြီး ပါတီအတွင်းမှာ နေရာပေးပါ။ ရပ်ကွက်လူထုအတွင်း ပါတီဝင်အင်အားရရှိရေးအတွက် သူ့ကို အားကိုးပါ။ အရည်အချင်းပြည့်ပြီး အင်အားတောင့်တင်းတဲ့ရပ်ကွက်ခေါင်းဆောင်တွေစုပြီး မြို့နယ်အလုပ်အမှုဆောင်ကို ပြန်လည်ဖွဲ့စည်းပါ။ ပါတီဝင်သက်စေ့တာ၊ ပါတီအပေါ်မှာ နှစ်ရှည်လများအနစ်နာခံခဲ့သူတွေကို အသိအမှတ်ပြုပါ။မိမိ၏အရည်အချင်းသည် ဘယ်ရွေ့ဘယ်မျှသာရှိသည်၊ ဘယ်အဆင့်မှာရှိသည်ဆိုသည်ကို မိမိကိုယ်ကိုယ် ဝေဖန်သုံးသပ်နိုင်ရေး စီစဉ်ပေးပါ။ ပါတီဝင်သက်စေ့တိုင်း၊ ပါတီကိုအနစ်နာခံခဲ့သူတိုင်း ပြည်သူလူထုလက်ခံသည့်သူ ဖြစ်ချင်မှဖြစ်ပါမယ်။ အဓိက က ပြည်သူလူထု ဖြစ်ပါတယ်။ ပြည်သူကိုဗဟိုပြုပါ။ လုပ်ရည်ကိုင်ရည်နှင့် အရည်အချင်းကို အဓိကထားပါ။ အရည်အချင်းပြည့်ဝမှု၊ စဉ်းစားတွေးခေါ်နိုင်မှု၊ အများအကျိုးကို အဓိကထားတတ်မှုဟာ ခေါင်းဆောင်ကောင်းတစ်ယောက်၏ အခြေခံအရည်အချင်းဖြစ်တယ်ဆိုတာကို လက်ကိုင်ထားနိုင်အောင်လေ့ကျင့်ပေးပါ။ အများကြည်ညိုပြီး အရည်အချင်းရှိသူကို အောက်ခြေအဆင့်မှာ သေသေချာချာရွေးထုတ်ပြီးမှ လွှတ်တော်နှင့် အစိုးရအဖွဲ့အတွင်းကို ပို့ပေးပါ။

## (၂) ဒီမိုကရေစီရဲဘော်ရဲဘက်တွေနဲ့ ပူးပေါင်းဆောင်ရွက်ပါ

၈၈ အရေးအခင်းမှာ အတူတိုက်ပွဲဝင်ခဲ့တဲ့ ကျောင်းသားခေါင်းဆောင်တွေကို ပါတီမှာဝင်ရောက်လာအောင် စည်းရုံးပါ၊ နေရာပေးပါ။ လူမှုရေးလုပ်ငန်းတွေကိုသာ ရွေးပြီးလုပ်နေသရွေ့တိုင်းပြည်က တိုးတက်လာစရာအကြောင်းမရှိဘူး ဆိုတာကို အဓိကထားဆွေးနွေးပေးပါ၊ လုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့်ရတဲ့အခြေအနေမှာ၊ နေရာတစ်ခုမှာ ရပ်တည်နိုင်မှ အဓိကကျတဲ့ နိုင်ငံကောင်းစားရေးလုပ်ငန်းတွေကို ဆောင်ရွက်နိုင်မယ်ဆိုတာ လက်ခံလာအောင် စည်းရုံးဆောင်ရွက်ပေးပါ။ မိမိတို့အတွေ့အကြုံကို မျိုးဆက်သစ်လူငယ်ခေါင်းဆောင်တွေကို မျှဝေပေးနိုင်အောင် ဆောင်ရွက်ပါ။ အဖွဲ့အစည်းမတူကွဲပြားခဲ့ရင်လည်း မဟာမိတ်အဖြစ်ရပ်တည်နိုင်အောင်ဆောင်ရွက်ပေးပါ။

## (၃) အနှစ်သာရမရှိတဲ့ ပါဖောင်းမန့်(Performance)တွေကို လျှော့ချပါ

ခေတ်အဆက်ဆက် ခမ်းနားကြီးကျယ်တဲ့ ဖွင့်ပွဲတွေ၊ ပန္နက်ရိုက်ပွဲတွေ၊ လမ်းဖွင့်ပွဲ၊ ကျောင်းဖွင့်ပွဲတွေကို ဟိတ်ဟန်ပေါင်းစုံနဲ့ တက်ရောက်တာ၊ ပူးပေါင်းရောင်စုံလွှတ်ပွဲတွေ၊ စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးတာတွေ၊ ပုံစံအမျိုးမျိုးနဲ့ ပို့စ်တွေပေး၊ ပုံတွေဖြန့်၊ စကားတွေဖြန့် စတာတွေ လျှော့ချပေးပါ။ ကြာလာရင် လူတွေမျက်စိနောက်ပြီး သူတို့လည်း ထူးမခြားနားပါကွာဆိုတဲ့ အပြောအဆိုမခံရအောင် သတိထားပေးပါ။ ဒေါ်းကလှတယ်ကွဆိုပြီး ကပြနေလို့ ဆိုးကျိုးတွေ အများကြီးဖြစ်နိုင်တယ်ဆိုတာ သတိထားပေးပါ။ လူမြင်ကောင်းအောင် မဲဆွယ်မှုဆန်တဲ့ ဟန်ပြလုပ်ငန်းတွေလုပ်မယ့်အစား ဆယ်အိမ်တစ်စု တွေ့ဆုံဆွေးနွေး လိုအပ်ချက်တွေမေးပြီး ရင်းနှီးခင်မင်မှုရအောင်ကြိုးစားရင်း အမည်သတင်းကောင်းအောင် ကြိုးစားပေးပါ။ အောက်ခြေမှာ စားပွဲဝိုင်းဆွေးနွေးပွဲကို လစဉ်ကျင်းပပေးပါ။

## (၄) ပါတီတွင်းစီမံခန့်ခွဲမှုလုပ်ငန်းတွေကို စနစ်တကျပျိုးထောင်ပါ

NLD ပါတီရုံးခန်းတွေ၊ ရုံးလုပ်ငန်းတွေကိုလေ့လာကြည့်ရင် စနစ်ကျနမှုအားနည်းနေတာ တွေ့ရမှာပါ။ သတင်းအချက်အလက်တွေစုစည်းတာ၊ ထောက်လှမ်းတာ၊ ပရောဂျက်လုပ်ငန်းတွေ လုပ်ကိုင်နိုင်ခြင်းမရှိတာ၊ ဖိုရမ်တွေကျင်းပပေးနိုင်ခြင်းမရှိတာ အစရှိတာတွေကို လေ့လာသုံးသပ်ပြီး အမြန်ဆုံးပြုပြင်ပါ။

၂၀၂၀ ရွေးကောက်ပွဲကနီးပါပြီ။ ပျက်စီးယိုယွင်းနေခဲ့တဲ့တိုင်းပြည်ကို သက်တမ်း ၅ နှစ်အတွင်း အပြစ်ပြောစရာမရှိ အောင်ဆောင်ရွက်ဖို့ အလွန်ခက်ခဲတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ ဇာတ်သမားမှန်ရင် ပြောစရာကျန်မှ ပွဲကြည့်သူတို့ အိပ်ရေးပျက်ရကျိုးနပ်ပါမယ်။ NLD မှန်ရင် နိုင်ငံမှာ စံနမူနာယူစရာ အနည်းနှင့်အများတော့ ကျန်စေချင်ပါတယ်။ ဒါမှ ကျွန်တော်တို့ ၈၈ အရေးအခင်းသမားတို့ ပေးဆပ်ရကျိုးနပ်ပါမယ်။

အထူးသဖြင့် ၈၈ တွေ လူမှုရေးလုပ်ငန်းသီးသန့်ဆိုတဲ့ မူဝါဒကနေထွက်ပြီး စီမံအုပ်ချုပ်တဲ့နိုင်ငံတော်အစိုးရအတွင်းကို ဝင်လာပေးပါ။ NLD အနေနဲ့လည်း ၈၈ တွေကို နိုင်ငံတော်စီမံအုပ်ချုပ်တဲ့နေရာတွေကို ရောက်ရှိလာအောင် စည်းရုံးဆောင်ရွက်ပေးပါလို့၊ အားလုံးကိုကျေးဇူးပါ။

စေတနာမေတ္တာအပြည့်သဘောဆန္ဒစွာဖြင့်-

■ မိုးကောင်းသား (၁၈-၈-၂၀၁၈)

# အပြီးသတ်အမိန့်ချခံရတော့မည့် ရိုက်တာသတင်းထောက် နှစ်ဦးအတွက် ဗီဒီယိုကမ်ပိန်း စတင်

**ရန်ကုန်၊ ဩဂုတ် ၂၃**

နိုင်ငံတော်လျှို့ဝှက်ချက်အက်ဥပဒေဖြင့် ဖမ်းဆီးခံထားရသည့် ရိုက်တာသတင်းထောက်နှစ်ဦးအမှု၏ အပြီးသတ်အမိန့်တွင် တရားမျှတသည့် စီရင်ချက်ရရှိရန် အွန်လိုင်းဗီဒီယို ကမ်ပိန်းတစ်ရပ်ကို ဩဂုတ်လ ၂၃ ရက်မှစတင်ကာ ဩဂုတ်လ ၂၇ ထိ ပြုလုပ်မည်ဖြစ်ကြောင်း အသံ (လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်လှုပ်ရှားမှုအဖွဲ့မှ ) အမှုဆောင် ဒါရိုက်တာကိုဆောင်းခက ပြောကြားသည်။

“တရားစီရင်ရေးမှာ အောင်ရဲထွေး အမှုဆိုရင် တရားသူကြီးက တရားခံကို လွှတ်ပေးလိုက်တယ်။ တရားရေး မျှတမှု မရှိဘူး။ ပြည်သူက အသံထွက်လာတယ် ဝေဖန်မှုတွေများများ ထွက်လာတော့ နောက်ဆုံး သမ္မတကိုယ်တိုင် ပြောလာတော့ ဒီအမှုကို ပြန်စစ်ရတယ်။ အဲ့လိုမျက်မြင်သာကေ ရှိတယ်။ အခု ဝလုံးတို့ အမှုမှာ တရားမျှတမှုကို လိုချင်တယ်” ဟု ၎င်းက ဆိုသည်။

ကမ်ပိန်း လှုပ်ရှားမှုတွင် အသံ-Athan လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြထားသည် ဗီဒီယိုနမူနာအတိုင်း ကိုယ်တိုင်ဗီဒီယိုရိုက်၍ Free Wa Lone Kyaw Soe Oo စာလုံးအညွှန်းဖြင့် မိမိ၏ လူမှုကွန်ရက် စာမျက်နှာတွင် ဖြန့်ဝေးပေးရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

သတင်းထောက်နှစ်ဦးသည် ထောင်ဒဏ် ၁၄ နှစ် ကျစေနိုင်မည့် အမှုဖြင့် ၉ လတာ တရားရင်ဆိုင်ခဲ့ရပြီး အပြီးသတ်အမိန့်ကို ဩဂုတ်လ ၂၇ ရက်တွင် ချမှတ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းတို့အမှုကို ပြည်သူသိရှိမှု အားနည်းသည့်အတွက် ပြည်သူမှတစ်ဆင့် အသိပေးသည့်အနေနှင့် ကမ်ပိန်းကို အမိန့်ချမည့်နေ့အထိ ပြုလုပ်မည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

“ဒီကမ်ပိန်းနဲ့ ပတ်သက်ပြီး ကောင်းတယ်၊ ဆိုးတယ်ကို မပြောချင်ဘူး။ ကွန်မန့်လည်း မပေးဘူး။ ဒါကတော့ သူတို့ လွတ်ဖို့ ဆုတောင်းကြမှာပဲ” ဟု ရိုက်တာသတင်းထောက်နှစ်ဦး၏ရှေ့နေ ဦးသန်းဇော်အောင်က ပြောကြားသည်။

■ J-18

# Taxi ယာဉ်နှစ်စီး ပွတ်တိုက်မိရာက ယာဉ်မောင်းတစ်ဦး ရိုက်သတ်ခံရ

**ရန်ကုန်၊ ဩဂုတ် ၂၃**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဗိုလ်မှူးဗထူးလမ်းတွင် ဩဂုတ်လ ၂၂ ရက် ည ၁၀ နာရီက အငှားယာဉ်နှစ်စီး ပွတ်တိုက်မိရာမှ ယာဉ်မောင်းနှစ်ဦး စကားများရန်ဖြစ်ကာ ပရိဘောက်အငှားယာဉ်မောင်း အမျိုးသားမှာ စတီးပိုက်လုံးဖြင့် ရိုက်သတ်ခံရကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

ရိုက်သတ်ခံရသူ ပရိဘောက်အငှားယာဉ်မောင်း အသက် ၄၄ နှစ် ဦးလင်းလင်းမှာ ယင်းညက ဗိုလ်မှူးဗထူးလမ်းရှိ 360 ဆီဆိုင်အနားတွင် ၎င်းယာဉ်ရှေ့ရှိ ပရိဘောက်အငှားယာဉ်တစ်စီးကို ကျော်တက်ရာမှ ယာဉ်နှစ်စီး ပွတ်တိုက်မိပြီး ယာဉ်မောင်းနှစ်ဦး စကားများ ရန်ဖြစ်ခဲ့ကြောင်း ရဲအရာရှိက ပြောသည်။

“အငှားယာဉ်မောင်း နှစ်ယောက်လုံးက မြောက်ဒဂုံမှာ နေကြတာ။ ကားဘေးချင်းပွတ်တိုက်မိတဲ့ကိစ္စကို ပြေလည်အောင် မဆွေးနွေးဘဲ ပြစ်မှုကျူးလွန်တဲ့ ကားသမားက သူ့ကားပေါ် အသင့်ပါလာတဲ့ စတီးပိုက်လုံးနဲ့ ဆင်းရိုက်တာ။ ဦးခေါင်းဒဏ်ရာတွေကြောင့် အရိုက်ခံရတဲ့ ကားသမားက မြောက်ဥက္ကလာပဆေးရုံမှာ သေဆုံးသွားရှာတယ်” ဟု ရဲအရာရှိက ရှင်းပြသည်။

စတီးပိုက်လုံးဖြင့် ရိုက်နှက်ခံရမှုကြောင့် ပရိဘောက် အငှားယာဉ်မောင်း ဦးလင်းလင်းမှာ ဦးခေါင်းနှင့် မျက်နှာတို့တွင် ဖူးရောင်စုတ်ပြဲဒဏ်ရာများဖြင့် သေဆုံးခဲ့သဖြင့် အငှားယာဉ်မောင်း အသက် ၂၉ နှစ် အောင်ကိုဦးကို ဖမ်းဆီးပြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့မရဲစခန်းက (ပ) ၁၆၅၆/၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

■ S-03

# ငွေကြာရံရိပ်သာတွင် အမျိုးသမီးတစ်ဦး ရွှေဆွဲကြိုး လုယက်ခံရ

**ရန်ကုန်၊ ဩဂုတ် ၂၃**

တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၃) ရပ်ကွက်၊ ငွေကြာရံရိပ်သာ၊ စံပယ်လမ်းတွင် ဩဂုတ်လ ၂၂ ရက် နံနက် ၁၀ နာရီက လမ်းလျှောက်လာသည့် အမျိုးသမီးတစ်ဦး၏ လည်ပင်းတွင် ဝတ်ဆင်ထားသော ရွှေဆွဲကြိုးကို ဆွဲဖြုတ်လုယူထွက်ပြေးသည့် အမျိုးသားအား ယင်းနေ့ ညနေပိုင်းတွင် ပါရမီခုံးကျော်တံတားအောက်တွင် ဖမ်းဆီးရမိခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

ရွှေဆွဲကြိုး လုယက်ခံရသည့် အသက် ၃၂ နှစ် အမျိုးသမီးမှာ ယင်းနေ့က အင်္ကျီချုပ်ရန်အတွက် နေအိမ်မှ စက်ချုပ်ဆိုင်ရှိရာသို့ ထွက်လာစဉ် ငွေကြာရံရိပ်သာ၊ စံပယ်လမ်းအရောက် မျက်နှာချင်းဆိုင်မှ လမ်းလျှောက်လာသော အနက်ရောင် တီရှပ်အင်္ကျီဝတ်ဆင်ထားသည့် လူငယ်တစ်ဦးက ၎င်း၏ လည်ပင်းတွင် ဝတ်ဆင်ထားသော ရွှေဆွဲကြိုးကို ရုတ်တရက်ဆွဲဖြုတ်လုယူထွက်ပြေးခဲ့ကြောင်း အမှုဖွင့်တိုင်ကြားချက်အရ သိရသည်။

ယင်းလုယက်မှုနှင့် ပတ်သက်၍ အခင်းဖြစ်နေရာနှင့် အနီးဆုံးဖြစ်သည့် ပါရမီခုံးကျော်တံတားအောက်တွင် ယင်းနေ့ ညနေပိုင်းက မသင်္ကာဖွယ်တွေ့ရှိရသူ အသက် ၂၁ နှစ် သူရပြည့်စုံ(ခ) ဖိုးသူရကို စစ်ဆေးခဲ့ရာ ၎င်းထံမှ လုယူလာသည့် ရွှေဆွဲကြိုးကို သိမ်းဆည်းရမိခဲ့ပြီး တောင်ဥက္ကလာပမြို့မ ရဲစခန်းက ရာဇသတ်ကြီး ပုဒ်မ ၃၈၂ ဖြင့် အမှုဖွင့် အရေးယူ၍ ယခင်ကျူးလွန်ခဲ့သည့် ပြစ်မှုများရှိမရှိကို တိုက်ဆိုင်စစ်ဆေးလျက်ရှိကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

ရွှေဆွဲကြိုးလုယက်ခံရသည့် အဆိုပါလမ်းရှိရာ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၃) ရပ်ကွက်တွင် ဇူလိုင်လက သားဖွားမီးယပ်အထူးကုဆရာဝန် အမျိုးသမီးတစ်ဦးကို ယာဉ်မောင်း အမျိုးသား တစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့က ရိုက်နှက်ပြီး လက်ဝတ်ရွှေထည်နှင့် ငွေများ လုယူမှုဖြစ်ပွားခဲ့ပြီး ယင်းဖြစ်စဉ်မှ ပြစ်မှုကျူးလွန်သူများကို ရဲတပ်ဖွဲ့က CCTV မှတ်တမ်းများမှတစ်ဆင့် စုံစမ်းဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။

■ S-03

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃(ရန်ကုန်)၊

၀၉ ၂၅၉၂၃၅၁၈၆ (မန္တလေး)

# မှုခင်းသတင်းတိုများ

■ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ပင်လုံလမ်းရှိ စစ်တောင်း ကားမှတ်တိုင်အနီးတွင် ဩဂုတ်လ ၂၂ ရက် နံနက် ၅ နာရီခွဲက YBS (၂၆) ခရီးသည်တင်ယာဉ်တစ်စီးမှ လမ်းဖြတ်ကူးနေသော အသက် ၁၆ နှစ်အရွယ် အမျိုးသားတစ်ဦးကို ဝင်တိုက်မိသောကြောင့် ယာဉ်တိုက်ခံရသူမှာ ဖူးရောင်ပေါက်ပြဲဒဏ်ရာများ ရခဲ့ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့စဉ် သေဆုံးခဲ့သဖြင့် ယာဉ်မဆင်မခြင်မောင်းနှင်သော ခရီးသည်တင်ယာဉ်မောင်း အသက် ၃၆ နှစ် အမျိုးသားကို ဖမ်းဆီးအရေးယူခဲ့သည်။

■ ရန်ကင်းမြို့နယ်၊ ပါရမီလမ်းတွင် ဩဂုတ်လ ၂၃ ရက် နံနက် ၄ နာရီဝန်းကျင်က ချော်တွင်းကုန်းဘက်မှ ပါရမီ ခုံးတံတားဘက်သို့ မောင်းလာသည့် ယာဉ်အမှတ်/အမျိုးအစားမသိ မော်တော်ယာဉ်တစ်စီးမှာ လမ်းဘေးတွင် လမ်းလျှောက်နေသည့် အမည်မသိအမျိုးသားတစ်ဦးကို ဝင်တိုက်ကာ မောင်းနှင်ထွက်ပြေးခဲ့ပြီး ယာဉ်တိုက်ခံရသူမှာ ဖူးရောင်ပေါက်ပြဲဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သောကြောင့် ယာဉ်မဆင်မခြင် မောင်းနှင်သည့် တိုက်ပြေးယာဉ်မောင်းကို ရန်ကင်းမြို့မ ရဲစခန်းက ယာဉ်(ပ) ၁၇/၁၈၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၄-က/ ၂၀၂ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

■ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းဝင်းရှိ သန္တာလမ်းနှင့် ကျောက်စိမ်းလမ်းဆုံတွင် ဩဂုတ်လ ၂၂ ရက် မွန်းတည့် ၁၂ နာရီက လိုက်ထရပ်ယာဉ်တစ်စီးမှ အရှိန်မထိန်းနိုင်ဖြစ်ပြီး စက်ဘီးတစ်စီးကို ဝင်တိုက်မိသောကြောင့် စက်ဘီးနင်းသူ အသက် ၂၂ နှစ် အမျိုးသားမှာ ပေါက်ပြဲဒဏ်ရာများ ရခဲ့ပြီး အင်းစိန်ဆေးရုံသို့ အတွင်းလူနာ (စိုးရိမ်ရ)အဖြစ် တင်ပို့ထားရသောကြောင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ လိုက်ထရပ်ယာဉ်မောင်း အသက် ၃၇ နှစ် အမျိုးသားကို အင်းစိန်မြို့မ ရဲစခန်းက ယာဉ်(ပ) ၆၆/၁၈၊ ရာဇသတ်ကြီး ပုဒ်မ ၃၃၈/၂၇၉ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

■ ကျောက်တန်းမြို့နယ်၊ ရွှေပြည်သာရပ်ကွက်ရှိ MITT ဆိပ်ကမ်းတွင် ဩဂုတ်လ ၂၂ ရက် မွန်းလွဲ ၁ နာရီခွဲက ဆိပ်ခံဇောတံတားအနီးတွင် လူသေအလောင်းတွေ့ရှိသောကြောင့် စုံစမ်းစစ်ဆေးရာ သေဆုံးသူမှာ ဒေါပုံမြို့နယ်၊ သဘော်ကျင်းရပ်ကွက်တွင် နေထိုင်သော အသက် ၁၄ နှစ် ရှစ်တန်းကျောင်းသားဖြစ်ပြီး ဩဂုတ်လ ၁၉ ရက် ညနေပိုင်းက သင်္ဘောကျင်းရပ်ကွက်ရှိ ရေဆိပ်တွင် ရေဆင်းချိုးရာမှ ရေနစ်ပျောက်ဆုံးခဲ့သူဖြစ်ကြောင်း သိရှိရသဖြင့် ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်မဟုတ် သိရှိရန် သေမှုသေခင်း အမှတ်စဉ် ၄/၁၈ ဖြင့် ရေးဖွင့် စစ်ဆေးလျက်ရှိကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

■ တိုက်ကြီးမြို့နယ်ရှိ ပိတောက်တန်းဘူတာအနီးတွင် ဩဂုတ်လ ၂၂ ရက် ည ၁၁ နာရီခွဲက အမျိုးသားတစ်ဦး ရထားကြိတ်၍ သေဆုံးနေကြောင်း သတင်းရရှိမှုကြောင့် စုံစမ်းစစ်ဆေးရာ ယင်းည ရှစ်နာရီခွဲက သာရဝေါ-ကြည့်မြင်တိုင် အစုန်ရထားမှ ငှက်ပျောတာဘူတာဘက်သို့ ဖြတ်သန်းမောင်းနှင်စဉ် သေဆုံးသူ အသက် ၃၄ နှစ် အမျိုးသားမှာ ရထားကြိတ်မိခဲ့ပြီး ပေါက်ပြဲပြတ်ရှဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း သိရှိရသဖြင့် ရုပ်အလောင်းကို တိုက်ကြီးဆေးရုံသို့ ပို့အပ်ပြီး သေမှုသေခင်း အမှတ်စဉ် ၁၈/၁၈ ဖြင့် ရေးဖွင့်စစ်ဆေးလျက်ရှိကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

S-03

# မင်္ဂလာတောင်ညွန့်မြို့နယ်တွင် လူသတ်မှုဖြစ်

**ရန်ကုန်၊ ဩဂုတ် ၂၃**

မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ခရမ်း-သုံးခွ ကားဂိတ်အနီး လေထိုးကျွတ်ဖာဆိုင်တစ်ဆိုင်တွင် ဩဂုတ်လ ၂၂ ရက် ညပိုင်းက အသက် ၆၀ နှစ်ဝန်းကျင် အမျိုးသမီးတစ်ဦး အသတ်ခံရကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

“သေဆုံးသူ အမျိုးသမီးက ဆိုင်ရှင်တွေ ခရီးသွားနေလို့ ဆိုင်လာစောင့်ပေးနေချိန်မှာ အသတ်ခံရတာ။ အခင်းဖြစ်နေရာမှာ ဦးထုပ်နဲ့ ဖိနပ်သိမ်းဆည်းရမိတယ်။ ဒီပစ္စည်းတွေက အဲဒီဆိုင်က ချာတိတ်တစ်ယောက်ရဲ့ဟာတွေလို့ စုံစမ်းသိရှိရပေမယ့် ကောင်လေးက ထွက်ပြေးတိမ်းရှောင်နေတယ်။ ဘာကြောင့် လူသတ်မှုဖြစ်တယ်ဆိုတာကို တရားခံဖမ်းမိမှပဲ အသေးစိတ်သိရနိုင်မယ်” ဟု ရဲအရာရှိက ပြောသည်။

လေထိုးကျွတ်ဖာဆိုင်၏ အနောက်ဘက် အခန်းတွင် နဖူးနှင့် နှာတံ ပိန်ချိုင့်ဒဏ်ရာ၊ ညာလက်ဖျံ စုတ်ပြဲဒဏ်ရာတို့ဖြင့် သေဆုံးနေသော အသက် ၆၀ နှစ်ဝန်းကျင် အမျိုးသမီး၏ ရုပ်အလောင်းကို ၎င်းနှင့် ဆွေမျိုးတော်စပ်သူ တစ်ဦးက စတင်မြင်တွေ့ခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

“အခင်းဖြစ်နေရာက နေ့ခင်းဆို လူစည်ကားပေမယ့် ညဘက်ဆိုမှောင်ပြီး လူအသွားအလာ ပြတ်တယ်။ အခင်းဖြစ်ညက သေဆုံးသူရဲ့ ဆွေမျိုးတော်စပ်သူ တစ်ယောက်က လေထိုးကျွတ်ဖာဆိုင်ကို လာခဲ့တယ်။ ဆိုင်ရှေ့မီးက ပိတ်ထားပြီး နောက်ဖေးခန်းက မီးလင်းနေပေမယ့် ဘာအသံမှမကြားရတာကြောင့် ဆိုင်နောက်ဘက်ကနေ ပတ်ဝင်ကြည့်ရာက သေဆုံးနေသူအလောင်းကို တွေ့ခဲ့တာလို့ ပြောတယ်” ဟု ရဲအရာရှိက အမှုဖွင့်တိုင်ကြားချက်အရ ပြောသည်။

ယင်းလူသတ်မှုနှင့် ပတ်သက်၍ မင်္ဂလာတောင်ညွန့်မြို့မ ရဲစခန်းက ရာဇသတ်ကြီး ပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်ပြီး လူသတ်မှုမှ သံသယရှိသူ အမျိုးသားကို စစ်ဆေးမေးမြန်းနိုင်ရန် စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

■ S-03

# SPORT




## အက်ဒ်ဝုဒ်ဝါးဒ်ကို ရာထူးထုတ်ပယ်ပေးရန် မန်ယူပရိသတ်များ စာတန်းလွှင့်တင် တောင်းဆိုမည်

**မန်ချက်စတာ၊ ဩဂုတ် ၂၃**

မန်ယူအသင်းအားပေးသူများသည် စက်တင်ဘာလ ၂ ရက်နေ့တွင် မန်ယူနှင့် ဘန်လေတို့ ယှဉ်ပြိုင်ကစားမည့် ပရီးမီးယားလိဂ်ပွဲစဉ် မစတင်မီတွင် အသင်းဒုဥက္ကဋ္ဌ အက်ဒ်ဝုဒ်ဝါးဒ်ကို ရာထူးက ထုတ်ပယ်ပေးရန် လေယာဉ်ပျံတွင် စာတန်းချိတ်ဆွဲပျံသန်းစေ၍ တောင်းဆိုသွားတော့မည်ဖြစ်ကြောင်း Daily Mail က ဖော်ပြထားသည်။

မန်ယူအသင်းအားပေးသူများသည် လက်ရှိအခြေအနေတွင် နည်းပြ မော်ရင်ညိုကို ဆက်လက်ထောက်ခံ၍ ဒုဥက္ကဋ္ဌ အက်ဒ်ဝုဒ်ဝါးဒ်ကို ရာထူးထုတ်ပယ်ပေးရန် တောင်းဆိုခြင်းက အမှန်ကန်ဆုံးလုပ်ရပ်ဖြစ်လိမ့်မည်ဟု ဆုံးဖြတ်လိုက်ပြီဖြစ်ပြီး မော်ရင်ညိုမှာ အရည်အချင်းရှိသောနည်းပြတစ်ဦးဖြစ်ပါလျက်နှင့် ၎င်းအလိုရှိသော ကစားသမားများကို အက်ဒ်ဝုဒ်ဝါးဒ်က မခေါ်ယူပေးခြင်းကြောင့် အကျပ်အတည်းတွေ့နေရခြင်းဖြစ်သည်ဟု မန်ယူပရိသတ်များက ယူဆထားကြသည်။

မန်ယူပရိသတ်များသည် “Ed Out-LUHG(အက်ဒ်ဝုဒ်ဝါးဒ် ရာထူးက ထွက်၊ ယူနိုက်တက်ကို ချစ်တယ်... ဂလေဇာတွေကို မုန်းတယ်”ဟု အဓိပ္ပာယ်ရသည့်စာတန်းကို လေယာဉ်ပျံတွင် ချိတ်ဆွဲပျံသန်းစေ၍ ဆန္ဒပြသွားမည်ဖြစ်ပြီး နည်းပြဒေးဗစ်မိုယက်စ်ကို ရာထူးထုတ်ပယ်ပေးရန် တောင်းဆိုခဲ့သည့် လုပ်ရပ်အပြီးတွင် လေယာဉ်ပျံ၌ စာတန်းချိတ်ဆွဲ၍ ဆန္ဒပြသည့်နည်းလမ်းကို မန်ယူပရိသတ်များက တစ်ကျော့ပြန်လည် အသုံးပြုခြင်းအဖြစ်လည်း မှတ်တမ်းဝင်သွားတော့မည်ဖြစ်သည်။

အက်ဒ်ဝုဒ်ဝါးဒ်သည် လွန်ခဲ့သည့် ပရီးမီးယားလိဂ် နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်အတွင်း အသင်းအတွက် ကစားသမားသုံးဦး ခေါ်ယူပေးခဲ့ပြီး ယင်းကစားသမား သုံးဦးအနက်တွင် နည်းပြ မော်ရင်ညိုအတွက် ချက်ချင်း အသုံးပြုနိုင်သူအဖြစ် ကွင်းလယ်လူ ဖရက်ဒ်တစ်ဦးတည်းသာ ပါဝင်ခဲ့သည်။

မန်ယူအသင်းခေါင်းဆောင်ဟောင်း ဂယ်ရီနဗီးလ်သည် အက်ဒ်ဝုဒ်ဝါးဒ်အနေနှင့် နည်းပြမော်ရင်ညိုကို အယုံအကြည် မရှိပါက စာချုပ်သစ်ချုပ်ရန် မစဉ်းစားခဲ့သင့်ဟု ထောက်ပြထားပြီး မော်ရင်ညိုမှာ အသင့်သုံးကစားသမားနှင့်သာ အသင်းကိုပုံဖော်တတ်သည့်အတွက် နည်းပြအလိုရှိသည့်အတိုင်း အသင်းတာဝန်ရှိသူများဘက်က လိုက်လျောမှသာလျှင် အောင်မြင်မှုကို ရရှိနိုင်လိမ့်မည်ဟု ဂယ်ရီနဗီးလ်က ထောက်ပြသည်။ ■ E-11

## အငှားချထားသော ဂိုးသမား မူရစ်ကို မန်စီးတီး ပြန်လည်ခေါ်ယူ

**မန်ချက်စတာ၊ ဩဂုတ် ၂၃**

ဂိုးသမားအခက်အခဲကြုံနေရသော မန်စီးတီးအသင်းသည် နယ်သာလန်ကလပ် အင်န်အေစီ ဘရီဒါထံသို့အငှားချထားသည့် ဂိုးသမား အေရိုမူရစ်ကို အသင်းထံသို့ ပြန်လည်ခေါ်ယူလိုက်ပြီဖြစ်ကြောင်း Daily Mail က ဖော်ပြထားသည်။

မန်စီးတီးနည်းပြ ဂွါဒီယိုလာသည် အစောပိုင်း၌ ရီးရဲလ်မက်ဒရစ်ဂိုးသမား ကေလာနားဗတ်စ်နှင့် ဘာစီလိုနာဂိုးသမား ဆီလက်စ်ဆန်တို့အနက်မှနေ၍ တစ်ဦးကို အရေးပေါ်အငှားခေါ်ယူရန် စီစဉ်ခဲ့ခြင်းဖြစ်ပြီး သက်ဆိုင်ရာအသင်းများက ၎င်းတို့၏ဂိုးသမားများကို လက်လွှတ်ဖွယ်အရိပ်အယောင်များ မရှိသည့်အခြေအနေ ဖြစ်ပေါ်လာခဲ့အပြီးတွင် မူရစ်ကို အသင်းထံသို့ ပြန်လည်ခေါ်ယူရန်ကိုသာ ဂွါဒီယိုလာက ဆုံးဖြတ်လိုက်ရခြင်းဖြစ်သည်။

မန်စီးတီးအရန်ဂိုးသမား ဘရာဗိုသည် လေ့ကျင့်ရေးအစီအစဉ်တွင် ခြေဖနောင့်ကြော ထိခိုက်ဒဏ်ရာရသွားသည့်အတွက် ခြောက်လခန့် အနားယူရတော့မည်ဖြစ်ပြီး ယင်းအတွက် မန်စီးတီးမှာ အရန်ဂိုးသမားတစ်ဦး အရေးပေါ်ခေါ်ယူရန် လိုအပ်သွားခဲ့ခြင်းဖြစ်သည်။

အရပ် ၆ ပေ ၅ လက်မရှိသည့် မူရစ်သည် မန်စီးတီးအသင်းအနာဂတ်အတွက် အရေးပါသောဂိုးသမားတစ်ဦးဖြစ်လာနိုင်ဖွယ်ရှိသူအဖြစ် သတ်မှတ်ခံထားရပြီး လက်ရှိတွင် လူငယ်ဂိုးသမား ဂရင်းမ်ရှောကိုလည်း တတိယဦးစားပေးအဖြစ် အသုံးပြုနိုင်စေရန် နည်းပြဂွါဒီယိုလာက အသင်းကြီးထံသို့ ခေါ်ယူထားပြီဖြစ်သည်။ ■ E-11

## ဂျီနိုအာ တံတားပြိုကျမှုဖြစ်စဉ်အတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ် ဝတ်စုံများ ဝတ်ဆင်ကစားမည်

**မီလန်၊ ဩဂုတ် ၂၃**

စီးရီးအေပြိုင်ပွဲဝင် အသင်းများသည် ယခုသီတင်းပတ်အတွင်း ယှဉ်ပြိုင်ရမည့် စီးရီးအေပွဲစဉ်အမှတ်(၂)တွင် ဂျီနိုအာ တံတားပြိုကျမှုဖြစ်စဉ်အတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်ဝတ်စုံများ ဝတ်ဆင်ကစားသွားလိမ့်မည်ဖြစ်ကြောင်း Daily Mail က ဖော်ပြထားသည်။

ဂျီနိုအာမြို့ရှိ ပွန်တီမိုရန်ဒီတံတားသည် လွန်ခဲ့သည့်သီတင်းပတ်က မိုးကြိုးထိမှန်ကာ ပြိုကျပျက်စီးခဲ့ပြီး တံတားပြိုကျရာ ဖြစ်ပေါ်လာသည့် အပျက်အစီးအပိုင်းအစများက လူနေအိမ်များနှင့် အလုပ်ရုံးခန်းပေါင်းများစွာကို ပျက်စီးစေခဲ့ကာ ယင်းဖြစ်စဉ်ကြောင့် လူရာပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဘဝကို ရောက်ရှိခဲ့ရသည်ဟု အီတလီအစိုးရက ကြေညာချက်ထုတ်ပြန်ထားသည်။

ပွန်တီမိုရန်ဒီတံတား ပြိုကျမှုဖြစ်စဉ်သည် လူ ၄၃ ဦးကိုအသက်ဆုံးရှုံးသည်အထိဖြစ်စေခဲ့ကာ ယင်းသေဆုံးသူများ၏ အသုဘကို ပြည်နယ်အဆင့်ဈာပနအဖြစ် သတ်မှတ်၍ ဂျီနိုအာမြို့တော်ဝန်ကောင်စီက ဦးဆောင်စီစဉ်ပေးသွားသည်။

အီတလီဘောလုံးအဖွဲ့ချုပ်သည် လွန်ခဲ့သည့်သီတင်းပတ်၌ ဂျီနိုအာနှင့် အေစီမီလန်၊ ဖီအိုရင်တီးနားနှင့် ဆမ်ဒိုးရီးယားတို့ ယှဉ်ပြိုင်ရမည့် စီးရီးအေပွဲစဉ်များကို ပွန်တီမိုရန်ဒီတံတား ပြိုကျမှုဖြစ်စဉ်ကြောင့် ပွဲရွှေ့ပေးခဲ့ပြီး အီတလီနိုင်ငံတစ်ဝန်းရှိ ဘောလုံးကလပ်အသင်းများက တံတားပြိုကျမှုဖြစ်စဉ်ကြောင့် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသူများ ဘဝပြန်လည်ထူထောင်နိုင်ရေးအတွက် အလှူငွေများကို ရန်ပုံငွေအဖြစ် ငွေပဒေသာပင်စိုက်ထူပေးနိုင်ရန်လည်း စီစဉ်လျက်ရှိသည်။

အီတလီစီးရီးအေပြိုင်ပွဲဝင်အသင်းများသည် ယခုသီတင်းပတ်၌ ယှဉ်ပြိုင်ကစားမည့် စီးရီးအေပွဲစဉ်များတွင် ဂျာစီအင်္ကျီသို့မဟုတ် ဘောင်းဘီများ၌ Genoa in our hearts(ကျွန်ုပ်တို့၏နှလုံးသားများထဲတွင် ဂျီနိုအာရှိသည်)ဟူသော စာတန်းများကို ရေးသားဖော်ပြကာ ဝမ်းနည်းခြင်းအထိမ်းအမှတ်ကို ဖော်ကျူးကြမည်ဖြစ်သည်။ ■ E-11

## တစ်ဦးချင်းမြားပစ်ပြိုင်ပွဲတွင် မြန်မာကစားသမားများ ကွာတားအကြိုပွဲစဉ်ဖြင့် ကျရှုံးခဲ့ရ

**ရန်ကုန် ဩဂုတ် ၂၃**

အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၁၈ ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲဝင် မြန်မာ မြားပစ်အားကစားအဖွဲ့သည် Recurve အမျိုးအစား တစ်ဦးချင်းပြိုင်ပွဲတွင် ကွာတားအကြိုပွဲစဉ်ဖြင့် ကျရှုံးခဲ့ရသည်။

ဩဂုတ် ၂၃ ရက်က ကျင်းပခဲ့သည့် တစ်ဦးချင်းပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲနှစ်ရပ်စလုံးကို ယှဉ်ပြိုင်ခဲ့ရာ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ထိုက်လင်းဦးသည် ၃၂ ဦးအဆင့်တွင် ကာဂျစ်စတန်နိုင်ငံသား အူလက်ဘာ့ခ်၊ ၁၆ ဦးအဆင့်တွင် တရုတ် (တိုင်ပေ) မှ ချင်ချူတန်တို့ကို အနိုင်ရခဲ့သော်လည်း ရှစ်ဦးအဆင့်တွင် မလေးရှားနိုင်ငံမှ မိုဟာမက်ခါရူလန်ရှုအာကို ခုနှစ်မှတ် တစ်မှတ်ဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် ယင်းအဆင့်ဖြင့်ပင် ကျရှုံးလိုက်ရခြင်းဖြစ်သည်။

အမျိုးသမီးပွဲစဉ်တွင် ၁၆ ဦးအဆင့်မှ စတင်ယှဉ်ပြိုင်ခဲ့ရပြီး မြန်မာမြားပစ်မယ် သီတာနွေးသည် မြောက်ကိုရီးယား မြားပစ်မယ် အန် ဂျူခေါင်မ်ကို ခုနှစ်မှတ်သုံးမှတ်ဖြင့် အနိုင်ရရှိခဲ့သော်လည်း ရှစ်ဦးအဆင့်တွင်မူ တရုတ်မှ ဇင်ယန်ဇန်ကို ခြောက်မှတ်ပြတ်ဖြင့် ရှုံးနိမ့်သွားခဲ့သည်။

မြန်မာမြားပစ်အဖွဲ့အနေဖြင့် ဩဂုတ် ၂၄ ရက် (ယနေ့) တွင် Compound အမျိုးအစား အမျိုးသား၊ အမျိုးသမီး Mixed ပြိုင်ပွဲ၏ ရှစ်သင်းအဆင့်ပွဲစဉ်အဖြစ် တရုတ်တိုင်ပေအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ကာ ဩဂုတ်လ ၂၆ ရက်တွင်လည်း Compound အမျိုးအစား အမျိုးသမီးအသင်းလိုက် ၈ သင်းအဆင့်ပြိုင်ပွဲအဖြစ် မလေးရှားနှင့် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ■ J-04

## မာတစ်နှင့် ဗလင်စီယာတို့ အသင်းနှင့်အတူ လေ့ကျင့်ရေးပြန်ဆင်းနေပြီဖြစ်ကြောင်း မန်ယူ သတင်းထုတ်ပြန်

**မန်ချက်စတာ၊ ဩဂုတ် ၂၃**

မန်ယူ ကွင်းလယ်ကစားသမား မာတစ်နှင့် နောက်ခံလူ ဗလင်စီယာတို့သည် ဒဏ်ရာများသက်သာကာ ကြံ့ခိုင်မှု ပြည့်ဝလာခဲ့ပြီဖြစ်၍ အသင်းနှင့်အတူ လေ့ကျင့်ရေးပြန်ဆင်းနေပြီဖြစ်ကြောင်း မန်ယူက သတင်းထုတ်ပြန်ထားသည်ဟု Sportmail က ဖော်ပြထားသည်။

မာတစ်နှင့် ဗလင်စီယာတို့ အသင်းနှင့်အတူ လေ့ကျင့်ရေးပြန်ဆင်းနိုင်ခြင်းသည် ဖိအားများနှင့်ရင်ဆိုင်နေရသော နည်းပြမော်ရင်ညိုအတွက် သတင်းကောင်းတစ်ရပ်ပင်ဖြစ်ပြီး စပါးနှင့်ယှဉ်ပြိုင်ရမည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် ယင်းကစားသမားများကို ပွဲထွက်လူစာရင်း၌ အသုံးမပြုခဲ့သည့်တိုင် အရန်စာရင်း၌ နည်းပြ မော်ရင်ညိုက ထည့်သွင်းခေါ်ယူလာဖွယ်ရှိကြောင်း ဆက်စပ်သတင်းများလည်း ထွက်ပေါ်နေသည်။

မာတစ် ဒဏ်ရာသက်သာလာခြင်းသည် လက်ရှိပွဲထွက်ခွင့်ရနေသော လူငယ်ကစားသမား ပီရိုင်းရာအတွက် စိုးရိမ်ဖွယ်ဖြစ်နေပြီး ပီရိုင်းရာမှာ ယမန်နှစ်ဘောလုံးရာသီတွင် ဗလင်စီယာထံသို့ အငှားကစားသမားဘဝ သွားရောက်ဖြတ်သန်းခဲ့ရာ၌ အဓိကပွဲထွက်ကစားသမားအဖြစ် နေရာပေးခြင်းခံခဲ့ရသော်လည်း နည်းပြ မော်ရင်ညိုမှာ လူငယ်ကစားသမားများအပေါ် ယုံကြည်မှုနည်းပါးသည့်အတွက် မာတစ် ကစားနိုင်ချိန်တွင် ပီရိုင်းရာ နေရာပျောက်ကာ မန်ယူကွင်းလယ်မှာ ပေါ့ဂ်ဘာ၊ မာတစ်နှင့် ဖရက်ဒ်တွဲလုံး ဖြစ်သွားဖွယ်ရှိနေသည်။




မာတစ်သည် ဝမ်းဗိုက်နာကျင်မှုဝေဒနာကို ခွဲစိတ်ကုသမှု ခံယူလိုက်ရခြင်းကြောင့် တစ်လနီးပါး နားလိုက်ရခြင်းဖြစ်ပြီး ဗလင်စီယာကမူ အမေရိကန်ပြည်ထောင်စုသို့ အသင်းနှင့်အတူ သွားရောက်ခဲ့သည့် ရာသီကြိုခြေစမ်းခရီးတွင် ပေါင်ကြွက်သားလုံး ထိခိုက်ဒဏ်ရာရကာ အနားယူလိုက်ရခြင်းဖြစ်သည်။ ■ E-11

# အာရှအားကစားပြိုင်ပွဲဝင် မြန်မာနှင့်ဂျပန်ဘော်လီဘောအသင်းတို့ ယနေ့ အုပ်စုပိုလ်လုပွဲ ယှဉ်ပြိုင်မည်

**ရန်ကုန်၊ ဩဂုတ် ၂၃**

အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပနေသည့် ၁၈ ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ၏ အမျိုးသားဘော်လီဘော ပြိုင်ပွဲတွင် မြန်မာအသင်းနှင့် ဂျပန်အသင်းတို့ ဩဂုတ်လ ၂၄ ရက် (ယနေ့) တွင် အုပ်စုပထမ နေရာအတွက် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲ၏ အုပ်စု(ဂ)၏ နောက်ဆုံးပွဲစဉ်အဖြစ် ဩဂုတ် ၂၄ ရက်နေ့ နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ယခုပွဲစဉ်တွင် အနိုင်ရရှိသည့်အသင်းမှာ အုပ်စုပထမနေရာဖြင့် ရှုံးထွက်အဆင့်သို့ တက်လှမ်းနိုင်မည်ဖြစ်သည်။ ဘောလီဘောပြိုင်ပွဲဝင် မြန်မာအသင်းသည် အဖွင့်ပွဲစဉ်၌ ကာဇက်စတန်အသင်းနှင့်ရင်ဆိုင်ခဲ့ရပြီး သုံးပွဲတစ်ပွဲဖြင့် အနိုင်ရရှိခဲ့ကာ ဂျပန်အသင်းမှာမူ သုံးပွဲနှစ်ပွဲဖြင့် အနိုင်ရရှိခဲ့သည့်အတွက် နှစ်သင်းလုံးမှာ အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် လက်ရှိတွင် တစ်ပွဲကစား တစ်ပွဲနိုင်သုံးမှတ်၊ ဂျပန်အသင်းက တစ်ပွဲကစားတစ်ပွဲနိုင် နှစ်မှတ်၊ ကာဇက်စတန်အသင်းက နှစ်ပွဲကစား တစ်မှတ်သာ ရရှိထားသည်။

မြန်မာအသင်းအနေဖြင့် အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်သည့်အတွက် ဩဂုတ် ၂၆ ရက်တွင် ကျင်းပမည့် အဆင့်သတ်မှတ်ချက်ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

■ J-04

# ခန့်မှန်းမှု မှားယွင်းခဲ့သည့်အတွက် ဝက်ကြီး မားကပ်စ် အသက်အန္တရာယ် ခြိမ်းခြောက်ခံရ

**လန်ဒန်၊ ဩဂုတ် ၂၃**

အင်္ဂလန်နိုင်ငံ ဒါဘီမြို့ရှိ ဟီအာဂီဒေသတွင် မွေးမြူထားသော မားကပ်စ် အမည်ရ ဝက်ကြီးတစ်ကောင်သည် ကျင်းပပြီးစီးခဲ့သည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပွဲစဉ်တစ်ပွဲကို ခန့်မှန်းမှုမှားယွင်းခဲ့သည့်အတွက် အသက်အန္တရာယ်ခြိမ်းခြောက်ခံနေရပြီဖြစ်ကြောင်း The Sun က ဖော်ပြထားသည်။

အသက်ရှစ်နှစ်အရွယ်ရှိ ဝက်ကြီးမားကပ်စ်သည် အင်္ဂလန်နှင့် ခရိုအေးရှားတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ကမ္ဘာ့ဖလားဆီမီးဖိုင်နယ်ပွဲစဉ်တွင် အင်္ဂလန်အသင်း အနိုင်ရရှိကာ ဗိုလ်လုပွဲတက်ရောက်လိမ့်မည်ဟု ခန့်မှန်းပေးခဲ့ခြင်းဖြစ်ပြီး ယင်းပွဲစဉ်တွင် မားကပ်စ်၏ခန့်မှန်းမှု မှားယွင်းကာ အင်္ဂလန်အသင်း အရှုံးရလဒ်ကြုံခဲ့ရသည်ကို ပရိသတ်များက ဒေါသပေါက်ကွဲကာ ဝက်ကြီးမားကပ်စ်ကို လုပ်ကြံသတ်ဖြတ်ပစ်မည်ဟု အင်တာနက်လူမှုကွန်ရက်စာမျက်နှာများကတစ်ဆင့် ခြိမ်းခြောက်လာခဲ့ခြင်းဖြစ်သည်။

ဝက်ကြီး မားကပ်စ်ကို လယ်ကေ ၂၂ ဧက ပိုင်ဆိုင်သော အသက် ၅၀ အရွယ် စိုက်ပျိုးရေးလုပ်ငန်းရှင်အမျိုးသမီး ဂျူးလီးယက်စတီဗင်းစ်က ပိုင်ဆိုင်ပြီး မားကပ်စ်မှာ နိုင်ငံအလံများ ထိုးစိုက်ထားသော ပန်းသီးနှစ်လုံးအနက်မှ တစ်လုံးကိုစား၍ ခန့်မှန်းချက်များ ပေးအပ်ခဲ့ခြင်းဖြစ်သည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် ဂျူးလီးယက်က "သတိဆိုတာ ပိုတယ်မရှိပါဘူး။ လက်ရှိမှာ မားကပ်စ်အတွက် လုံခြုံတဲ့နေရာတစ်ခု စီစဉ်ပေးထားပြီး စနစ်တကျလည်း စောင့်ရှောက်နေပါတယ်။ လုံခြုံရေးကင်မရာတွေ စနစ်တကျ တပ်ဆင်ပြီး မလိုမုန်းထားသူတွေ တစ်စုံတစ်ခု လုပ်မသွားနိုင်အောင် ကျွန်မတို့စောင့်ကြည့်နေပါတယ်။ မားကပ်စ်ဟာ ဘရိတ်ဇစ်၊ အမေရိကန်ရွေးကောက်ပွဲနဲ့ ၂၀၁၄ ကမ္ဘာ့ဖလားဗိုလ်စွဲမယ့်အသင်း စတာတွေကို မှန်ကန်အောင် ခန့်မှန်းပေးခဲ့သူပါ။ သူ့ကို ကျွန်မတို့ အရမ်းပဲ တန်ဖိုးထားပါတယ်"ဟု ပြောကြားသွားခဲ့သည်။

■ E-11

## ၂၀၁၈ ခုနှစ် အာရှအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုအခြေအနေ

(၂၃-၈-၂၀၁၈၊ ညနေ ၅း၃၀ အထိ နောက်ဆုံးရ အခြေအနေကို ဖော်ပြပေးခြင်းဖြစ်ပါသည်)

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | ပေါင်း |
|---|---|---|---|---|---|
| ၁။ | တရုတ် | ၅၁ | ၃၄ | ၁၇ | ၁၀၂ |
| ၂။ | ဂျပန် | ၂၁ | ၂၅ | ၂၅ | ၇၁ |
| ၃။ | တောင်ကိုရီးယား | ၁၅ | ၂၀ | ၂၇ | ၆၂ |
| ၄။ | အီရန် | ၉ | ၈ | ၈ | ၂၅ |
| ၅။ | အင်ဒိုနီးရှား | ၇ | ၅ | ၉ | ၂၁ |
| ၆။ | ထိုင်း | ၆ | ၃ | ၁၆ | ၂၅ |
| ၇။ | မြောက်ကိုရီးယား | ၆ | ၂ | ၄ | ၁၂ |
| ၈။ | ဥဇဘက်ကစ္စတန် | ၄ | ၈ | ၇ | ၁၉ |
| ၉။ | အိန္ဒိယ | ၄ | ၄ | ၉ | ၁၇ |
| ၁၀။ | တရုတ်တိုင်ပေ | ၃ | ၆ | ၁၀ | ၁၉ |

(မြန်မာသည် ရွှေ(၀)၊ ငွေ(၀)၊ ကြေး(၂)ဖြင့် နိုင်ငံအလိုက်အဆင့် ၂၃ နေရာတွင် ရပ်တည်လျက်ရှိသည်)




# ဘရိုက်တန်နှင့်ပွဲစဉ်အပြီးတွင် အဝတ်လဲခန်းအတွင်း၌ အသင်းကစားသမားများကို မော်ရင်ညို ဆူပူကြိမ်းမောင်း

Daily Mail

**မန်ချက်စတာ၊ ဩဂုတ် ၂၃**

မန်ယူနည်းပြ မော်ရင်ညိုသည် ဘရိုက်တန်က မန်ယူကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ယူသွားခဲ့သော ပရီးမီးယားလိဂ်ပွဲစဉ်အပြီးတွင် အဝတ်လဲခန်းအတွင်း၌ အသင်းကစားသမားများကို ဆူပူကြိမ်းမောင်းခဲ့ကြောင်း The Mirror က ဖော်ပြထားသည်။

မန်ယူ ကစားသမားအချို့သည် နည်းပြမော်ရင်ညို၏ဦးဆောင်မှုကို ဘဝင်မကျဖြစ်နေပြီး မော်ရင်ညိုကလည်း ၎င်းနှင့် ဆက်ဆံရေးအဆင်ပြေသော ကစားသမားများကို ရောင်းထုတ်ကာ အသင်းကို အသစ်ပြန်လည်ဖွဲ့စည်းလိုလျက်ရှိခြင်းကြောင့် ယင်းအခြေအနေကို မန်ယူဒါရိုက်တာဘုတ်အဖွဲ့က အလျင်အမြန် ကိုင်တွယ်ဖြေရှင်းနိုင်ရန် လိုအပ်နေပြီလည်းဖြစ်သည်။

မော်ရင်ညိုသည် အသင်းအနေနှင့် အကျပ်အတည်းများ ရင်ဆိုင်နေရသော်လည်း ရာထူးကနုတ်ထွက်ရန် အစီအစဉ်မရှိဟု ထုတ်ဖော်ပြောကြားထားပြီး မန်ယူအသင်းခေါင်းဆောင်ဟောင်း ဂယ်ရီနဗီးလ်ကလည်း မော်ရင်ညို အလိုရှိသော ဗဟိုခံစစ်မှူးများအနက်မှနေ၍ အနိမ့်ဆုံးအဖြစ် တစ်ဦးကို အရခေါ်ယူပေးခဲ့မည်ဆိုပါက ဘရိုက်တန်နှင့်ပွဲ၌ ဖြစ်ပေါ်ခဲ့သော ခံစစ်အမှားများမှာ ဖြစ်ခဲ့လိမ့်မည်မဟုတ်ဟု ထောက်ခံပြောဆိုလျက်ရှိသည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် မော်ရင်ညိုက "အခုဖြစ် ပျက်နေတဲ့ အခြေအနေတွေကြောင့် ကျွန်တော့်ရာထူးကို စွန့်လွှတ်လိုက်ဖို့ မရှိပါဘူး။ ဒါပေမဲ့ အသင်းကို လမ်းကြောင်းမှန်ထက်ဆီ ဆွဲတင်နိုင်ဖို့အတွက် ကျွန်တော် အများကြီး လုပ်ယူရပါဦးမယ်။ ဒီနှစ်ဘောလုံးရာသီဟာ ကျွန်တော့်ရဲ့နည်းပြဘဝ ဖြတ်သန်းမှုတစ်လျှောက် အခက်ခဲဆုံး ဘောလုံးရာသီ ဖြစ်လာမယ်လို့ ပြောခဲ့ပြီးသားပါ။ စိတ်ရှည်သည်းခံဖို့တော့ လိုပါတယ်။ ပိုင်ဆိုင်ထားတဲ့ ကစားသမားအစုအဖွဲ့နဲ့ အကောင်းဆုံး အလုပ်လုပ်နိုင်အောင် ကျွန်တော် ကြိုးစားသွားမှာပါ"ဟု ပြောကြားသွားခဲ့သည်။

■ E-11

# အမေရိကန်ပြည်ထောင်စုတွင် လာလီဂါပွဲစဉ်တစ်ပွဲ ကျင်းပမည်ကို ကစားသမားများ ဆန္ဒပြရန် စီစဉ်

**မက်ဒရစ်၊ ဩဂုတ် ၂၃**

စပိန်လာလီဂါပြိုင်ပွဲတွင် ကစားသမားဘဝဖြတ်သန်းနေသော ကစားသမားများသည် လာလီဂါပွဲစဉ်တစ်ပွဲကို အမေရိကန်ပြည်ထောင်စု၌ ကျင်းပရန် စီစဉ်ထားခြင်းကို ဆန္ဒပြရန် စီစဉ်နေပြီဖြစ်ပြီး ယင်းဆန္ဒပြမည့်အစီအစဉ်ကို စပိန်ဘောလုံးသမားများအစည်းအရုံးက ဦးစီးဦးရွက်ပြုဖွယ်ရှိနေကြောင်း Daily Star က ဖော်ပြထားသည်။

စပိန်ဘောလုံးသမားများအစည်းအရုံးသည် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်၍ လာလီဂါပွဲစဉ်တစ်ပွဲကျင်းပမည့်အစီအစဉ်ကို ၎င်းတို့နှင့်တိုင်ပင်ဆွေးနွေးခြင်းမရှိဘဲ ပြိုင်ပွဲကျင်းပရေးကော်မတီက တစ်ဦးတည်းမူပိုင် သဘောဆန္ဒဖြင့် ဆုံးဖြတ်လိုက်သည်ကို မကျေမနပ်ဖြစ်နေပြီး ယင်းအစီအစဉ်ကို သပိတ်မှောက်ရန်အတွက် လွန်ခဲ့သည့်ဗုဒ္ဓဟူးနေ့က ကျင်းပခဲ့သော အစည်းအဝေးပွဲတွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်ဟု စပိန်ဘောလုံးသမားများအစည်းအရုံးက ထုတ်ပြန်ကြေညာသည်။

စပိန်ဘောလုံးသမားများအစည်းအရုံးသည် လာလီဂါပြိုင်ပွဲဝင်အသင်း ၂၀ ၏ အသင်းခေါင်းဆောင်များနှင့်တွေ့ဆုံအပြီးတွင် ယခုဆုံးဖြတ်ချက်ကို ချမှတ်လိုက်ခြင်းဖြစ်ပြီး လာလီဂါပြိုင်ပွဲကျင်းပရေးကော်မတီမှာ အမေရိကန်ပြည်ထောင်စု၌ လာလီဂါပွဲစဉ်တစ်ပွဲကျင်းပပေးမည့်အစီအစဉ်ကို စပွန်ဆာစာချုပ် ချုပ်ဆိုထားပြီးဖြစ်၍ ကစားသမားများဘက်က သပိတ်မှောက်ပါက အကျပ်အတည်းကြုံရတော့မည်ဖြစ်သည်။

လာလီဂါပြိုင်ပွဲကျင်းပရေးကော်မတီသည် အမေရိကန်ပြည်ထောင်စုတွင် လာလီဂါပွဲစဉ်တစ်ပွဲ ကျင်းပပေးရန် မီဒီယာစီးပွားရေးလုပ်ငန်းစု Relevent နှင့် ၁၅ နှစ်သက်တမ်းစာချုပ် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကာ ယင်းအစီအစဉ်ကို စပိန်အားကစားဝန်ကြီးဌာနနှင့် စပိန်ဘောလုံးအဖွဲ့ချုပ်တို့ကမူ အားပေးထောက်ခံထားသည်။

■ E-11

# အမျိုးသမီးလှေလှော်အဖွဲ့ ဆုတံဆိပ်လွဲပြီး အမျိုးသားပိုက်ကျော်ခြင်းအသင်း အုပ်စုပွဲတွင် ထိုင်းကိုရှုံး

**ရန်ကုန်၊ ဩဂုတ် ၂၃**




ဓာတ်ပုံ- ကျော်ခိုင်

အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပနေသည့် အာရှအားကစားပြိုင်ပွဲတွင် မြန်မာအမျိုးသမီးလှေလှော်အဖွဲ့သည် ဆုတံဆိပ်နှင့် လွဲချော်ခဲ့ရပြီး အမျိုးသားပိုက်ကျော်ခြင်းအသင်းသည်လည်း အုပ်စုအဖွင့်ပွဲတွင် ထိုင်းအသင်းကို ရှုံးနိမ့်သွားခဲ့သည်။

ဩဂုတ် ၂၃ ရက်နေ့ကကျင်းပခဲ့သည့် အာရှအားကစားပြိုင်ပွဲ၏ အမျိုးသမီး နှစ်ယောက်တွဲအနောက်တိုင်း လှေလှော်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ရွှေဇင်လတ်နှင့် နီလာဝင်းတို့အတွဲသည် ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့သော်လည်း ဆုတံဆိပ်နှင့်လွဲချော်ခဲ့ခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲတွင် မြန်မာအတွဲသည် ၈း၁၈း၃၉ စက္ကန့်ဖြင့် ပဥ္စမနေရာသာရခဲ့ပြီး ပထမဆုကို တရုတ်၊ ဒုတိယဆုကို တောင်ကိုရီးယားနှင့် တတိယဆုကို အင်ဒိုနီးရှားနိုင်ငံတို့က ရရှိခဲ့သည်။

ယင်းနေ့တွင်ပင် ယှဉ်ပြိုင်ခဲ့သည့် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ၏ နှစ်ယောက်တွဲပြိုင်ပွဲ အုပ်စု(ခ) အဖွင့်ပွဲစဉ်အဖြစ် မြန်မာအသင်းသည် ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ခဲ့ရပြီး နှစ်ပွဲတစ်ပွဲဖြင့်ရှုံးနိမ့်သွားခဲ့သည်။ သို့သော်လည်း ဒုတိယပွဲစဉ်တွင် လာအိုအသင်းကို အနိုင်ရခဲ့သည်။

မြန်မာအသင်းအနေနှင့် အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်ရေးမျှော်လင့်ချက်မှာ ဩဂုတ် ၂၄ ရက်(ယနေ့) တွင် ယှဉ်ပြိုင်မည့် လာအိုနှင့် ထိုင်းအသင်းတို့ပွဲစဉ်အပေါ် မူတည်နေသည်။

အဆိုပါပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲများကို ဩဂုတ် ၂၄ ရက်နေ့တွင်ပင် ဆက်တိုက်ကျင်းပသွားမည်ဖြစ်သည်။

■ J-04

# FOREIGN AFFAIRS

## 'ဝ' အထူးဒေသဘက်က တင်ပို့သည့် စိတ်ကြွရူးသွပ်ဆေးပြား သန်းနှင့်ချီ၍ ထိုင်းနိုင်ငံတွင် ဖမ်းမိ







**ဘန်ကောက်၊ ဩဂုတ် ၂၃**

ထိုင်းနိုင်ငံ၌ မြန်မာနိုင်ငံ ရှမ်းပြည်နယ် 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဘက်က လာသော မီသာအဖက်တမင်း စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၁၄ သန်းကျော်ခန့်ကို ဗုဒ္ဓဟူးနေ့က ဖမ်းဆီးရမိလိုက်သည်ဟု ထိုင်းအာဏာပိုင်တို့၏ တရားဝင်ထုတ်ပြန်ချက်ကို Bangkok Post သတင်းစာက ရေးသားဖော်ပြသည်။

ထိုင်းရဲတပ်ဖွဲ့၏အဆိုအရ ထိုင်းနိုင်ငံဘက်တွင် 'ရူးသွပ်ဆေး' သို့မဟုတ် 'ယာဘ' (မြန်မာနိုင်ငံဘက်တွင် WY) ဟုလူသိများသည့် လိမ္မော်ရောင် မီသာအဖက်တမင်း ဆေးပြားများကို စနေနေ့က အယုဒ္ဓယ ပြည်နယ်တွင် ဖမ်းဆီးရမိလိုက်သည်။

အဆိုပါ ယာဘဆေးပြားများ၏ စုစုပေါင်းတန်ဖိုးမှာ ဘတ်ငွေ ၁ ဒသမ ၄၈ ဘီလီယံခန့်ရှိပြီး အိမ်နီးချင်း မလေးရှားနိုင်ငံနှင့် အခြားဒေသများသို့ တင်ပို့ရန် စီစဉ်နေစဉ် ဖမ်းမိခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းအမှုတွင် ပါဝင်ပတ်သက်နေသူ သုံးဦးကိုလည်း ဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်း ရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်အရသိရသည်။

ယင်း စိတ်ကြွရူးသွပ်ဆေးပြားများသည် မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်း၊ ရှမ်းပြည်နယ်ရှိ 'ဝ' လက်နက်ကိုင်အုပ်စုက ထိန်းချုပ်ထားသော နယ်မြေထဲမှလာသော ဆေးပြားများဖြစ်သည်ဟု ထိုင်းရဲတပ်ဖွဲ့က ပြောကြားသည်။

ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဗျူရို(NSB) က ဖမ်းဆီးရမိသည့် အဆိုပါ ယာဘ စိတ်ကြွရူးသွပ်ဆေးပြားများကို ရုံးချုပ်တွင်ပြသခဲ့သည်။ ဆေးပြားများကို အထုပ်ကြီးများဖြင့်ကောင်းမွန်စွာ ထုပ်ပိုးထားသည်ကိုတွေ့ရသည်။

NSB အကြီးအကဲ ရဲချုပ် ဆွမ်မိုင်ကွန်ဗီဆိုင်ဆွတ်က ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများမှာ မလေးရှားနိုင်ငံသို့ တင်ပို့ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း၊ မလေးရှားမှတစ်ဆင့် ကမ္ဘာတစ်ဝန်းရှိ မူးယစ်ဆေးဝါး မှောင်ခိုဈေးကွက်များသို့ ဖြန့်မည်ဖြစ်ကြောင်း ပြောကြားသည်။

"အဲဒါတွေကို ဥရောပ၊ အမေရိက၊ ဩစတြေးလျ၊ ဂျပန်၊ စင်ကာပူ၊ ကိုရီးယား စတဲ့နေရာတွေဆီ ဖြန့်ကြမှာ။ ငွေကြေး အမြတ်အစွန်းလည်း အများကြီးရကြမှာ" ဟု ရဲချုပ် ဆွမ်မိုင်ကွန်ဗီဆိုင်ဆွတ်က ပြောကြားသည်။

ယခုလိုဖမ်းဆီးရမိမှုမျိုးကို အာဆီယံဒေသတွင်း စိတ်ကြွရူးသွပ်ဆေးပြား အမြောက်အမြား တစ်ပြိုင်နက်တည်းဖမ်းမိမှုအဖြစ် သတ်မှတ်၍ရသည်။ မကြာသေးခင်ကလည်း မလေးရှားတွင် မြန်မာနိုင်ငံမှ တင်ပို့လိုက်သော စိတ်ကြွရူးသွပ်ဆေးပြားများကို ကွန်တိန်နာအလုံးလိုက် ဖမ်းမိခဲ့သည်။ အင်ဒိုနီးရှားတွင်လည်း စိတ်ကြွရူးသွပ်ဆေးပြား အမြောက်အမြားဖမ်းမိမှုများ ပေါ်ပေါက်ခဲ့သည်။

အရှေ့တောင်အာရှဒေသတွင် မီသာအဖက်တမင်း စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်မှုနှင့် မှောင်ခိုရောင်းဝယ်မှုမှာ ကြောက်မက်ဖွယ်ရာကောင်းသောအဆင့်သို့ ရောက်ရှိလာပြီဖြစ်ကြောင်း ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုထိန်းချုပ်ရေးအဖွဲ့က မေလက ထုတ်ပြန်သော အစီရင်ခံစာတွင် သတိပေးထားသည်။

စိတ်ကြွရူးသွပ်ဆေးပြားအများစုမှာ မြန်မာနိုင်ငံတွင်း အထူးသဖြင့် ရှမ်းပြည်နယ်ရှိ ဥပဒေစိုးမိုးမှုမရှိသောနယ်မြေများမှ ထွက်ရှိနေခြင်းဖြစ်သည်။ ယင်းဒေသများသည် ဘိန်းစိုက်ပျိုးမှုနှင့် ဘိန်းဖြူထုတ်လုပ်မှုနှင့်ပတ်သက်၍လည်း နှစ်ကာလ ကြာမြင့်စွာ နာမည်ပျက်ခဲ့သည့် နယ်မြေများဖြစ်သည်။

မြန်မာနိုင်ငံတွင် WY ဟု အမည်ရသည့် ဆေးပြားများအပါအဝင် အခြား မူးယစ်ဆေးဝါးများ ထုတ်လုပ်မှုနှင့် ဖြန့်ဝေမှုများကို အာဏာပိုင်များကနှိမ်နင်းလျက်ရှိသော်လည်း ယင်းကိစ္စသည် ဒီမိုကရေစီအစိုးရအတွက် ကြီးမားသည့် စိန်ခေါ်မှုအဖြစ် ဆက်ရှိနေဆဲပင်ဖြစ်သည်။ ■ F-01

## ALSO IN NEWS

### ပြတင်းပေါက်မှန် ပန်းချီကား အများဆုံးအဖြစ် စံချိန်တင်

အမေရိကန်ပြည်ထောင်စု ဝစ္စကွန်ဆင်ပြည်နယ်မှာ ပြတင်းပေါက်မှန်အဟောင်းတွေပေါ်မှာ ဆွဲထားတဲ့ပန်းချီကား အများဆုံး စုစည်းနိုင်မှု စံချိန်တင်ခဲ့ပါတယ်။ ပန်းချီဆွဲထားတဲ့ ပြတင်းပေါက် ၁၆၅၁ ချပ်ကို စုစည်းပြီးတော့ စံချိန်တင်နိုင်ခဲ့တာဖြစ်ပါတယ်။ ပြည်နယ်အခြေစိုက် နေအိမ်အလှဆင်ကုမ္ပဏီတစ်ခုက ဦးဆောင်ကာ အဆိုပါလှုပ်ရှားမှုကို ပြုလုပ်ခဲ့ပြီး ရပ်ရွာနေလူအများက ဝိုင်းဝန်းပါဝင်ခဲ့ကြပါတယ်။ ပန်းချီကား ၁၆၅၁ ချပ်ကို တစ်နေရာတည်းမှာ စုစည်းပြသရင်း ဂရင်းနစ်စံချိန်တင်ခဲ့တာဖြစ်ပါတယ်။ ဒေသခံရာပေါင်းများစွာက ပူးပေါင်းပါဝင်ခဲ့ပြီး ပန်းချီဆွဲခြင်းမှာ ပါဝင်ဆောင်ရွက်ပေးခဲ့ကြပါတယ်။ ပြတင်းပေါက် ပန်းချီကားတွေကို ရောင်းချမှာဖြစ်ကာ ရရှိလာတဲ့ဝင်ငွေတွေကို ဒေသခံဖောင်ဒေးရှင်းတစ်ခုကို လှူဒါန်းသွားမှာလည်းဖြစ်ပါသတဲ့။ ■F-02





### အိမ်မွေးတိရစ္ဆာန်အသစ် တစ်ကောင်မွေးရင် ခွင့်တစ်ပတ်ပေးတဲ့ အမေရိကန်ကုမ္ပဏီ

အမေရိကန်ပြည်ထောင်စု မင်နီဆိုတာပြည်နယ် မီနီယာပိုလစ်စ်မြို့က ဈေးကွက် မြှင့်တင်ရေးကုမ္ပဏီတစ်ခုဟာ အလုပ်သမားတွေကို ထူးခြားတဲ့ ခွင့်ယူခြင်း ခံစားခွင့် ပေးခဲ့ပါတယ်။ ဒါကတော့ သားသမီးမွေးတဲ့မိဘများ ခွင့်ရက်ခံစားရနိုင်သလို အိမ်မွေးတိရစ္ဆာန်မွေးတဲ့ဝန်ထမ်းတွေ အကောင်လေးတွေကို အိမ်ကိုရောက်ရောက်လာချင်း ခွင့်တစ်ပတ်ရပါသတဲ့။ အသားကျအောင် ပြုစုဆောင်ရွက်ပေးရာမှာ အချိန်ယူရတာမို့ ခွင့်တစ်ပတ်ပေးတာဖြစ်ပါသတဲ့။ အမေရိကရှိ ကုမ္ပဏီကြီးတွေဟာ ဝန်ထမ်းမြဲဖို့အတွက် ခံစားခွင့်တွေဖန်တီးပြီး ဆွဲဆောင်တာမျိုးတွေရှိပါတယ်။ အချို့ကော်ပိုရေးရှင်းကြီးတွေမှာ အကောင်းစားနေ့လယ်စာ၊ အားကစားခန်းမ စတာတွေကို ဖန်တီးပေးထားပါတယ်။ ဒါပေမဲ့ ခွေးကလေး၊ ကြောင်ကလေးတွေကို အချိန်ပေးဖို့အတွက် ခွင့်ရက်ဖန်တီးပေးတာတော့ မရှိသေးပါဘူး။ ■ F-02